
www.burmeseclassic.com



(လုံးချင်းဝတ္ထုသစ်)

# ဆုအဍွလီ

အချစ်ပိုင်ဆိုင်ခွင့်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၃၃၅၁၁၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၄၃၃၁၂၁၀ |
| အဖုံးဒီဇိုင်း | - | I.လင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၀၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ခုနှစ်၊ မတ်လ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

ဆုအဥ္ဇလီ

အချစ်ပိုင်ဆိုင်ခွင့်/ဆုအဥ္ဇလီ။ - ရန်ကုန်

- စိုးမိုးစာပေ၊ ၂၀၁၁

၂၄၀ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) အချစ်ပိုင်ဆိုင်ခွင့်


# အခန်း (၁)

အသိက ခန္ဓာကိုယ်ထဲ ဝင်ရောက်လာသလို မျက်ဝန်းနှစ်ဖက် ဖျတ်ခနဲ ဖွင့်လိုက်သည်နှင့် ရင်ထဲကို တိုးဝင်လာသည့် ဝေဒနာက ထိပ်ခေါင်တင် နှလုံးသားကို လက်ကြမ်းကြမ်းကြီးနှင့် ဖျစ်ညှစ်ဆုပ်ချေလိုက်သလို ရင်တစ်ခုလုံး ပြင်းပြင်းထန်ထန် နာကျင်သွား၏။

ခါးသီးနာကြည်းမှုတွေလား...

ကြေကွဲဝမ်းနည်းရခြင်းတွေလား။

ရင်မှာ နင့်သည်းစွာ ခံစားရသည့် ဝေဒနာက အမည်နာမတပ်ရခက်လှပေမယ့် သေချာတာကတော့ ထိပ်ခေါင်တင် နှလုံးသားတစ်ခုလုံး ထုံကျင်အေးစက်နေခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်လျှင် ခုချိန်မှာ ထိပ်ခေါင်တင်ဘာကိုမှ မသိသော၊ အသိဉာဏ်ကင်းမဲ့နေသည့် ဆင်ခြင်သုံးသပ်ဉာဏ်မရှိသော လူတစ်ယောက်အဖြစ်နှင့်သာ ရှိနေချင်သည်။

ဖြစ်ပျက်ခံစားနေရသည့် ဝေဒနာခံစားမှုတွေကိုလည်း ခေါင် မသိချင်တော့ပါ။

ရက်ပေါင်းများစွာ၊ အချိန်နာရီပေါင်းများစွာ ကျင့်သားရနေပြီဖြစ်သော နှလုံးသား၏ ခံစားမှုတွေက ခုချိန်ကျမှ ဘာဖြစ်လို့များ ရင်မှာ ဒီလောက်ပြင်းပြင်းထန်ထန် ခံစားနေရတာပါလိမ့်။

နှလုံးသား၏ ထွက်ပေါက်တစ်နေရာ။ ရင်မှာ ဖျတ်ခနဲ ခါလူးသွားသည့် အတွေးနှင့်အတူ မျက်ဝန်းထဲပေါ်လာသော အရိပ်တစ်ခု။

ခန့်ညားမှုတွေနှင့် တည်ကြည်ချောမောသော ရုပ်သွင်က ထိပ်ခေါင်တင်နှလုံးသားကို ဖမ်းစားနိုင်ခဲ့သလို ထိုရုပ်သွင်ကို ပိုင်ဆိုင်ထားသည့် လူတစ်ယောက်ကြောင့်ပင် ထိပ်ခေါင်တင် နှလုံးသားတွေ နာကျင်ခဲ့ရသည်။

တစ်ခန်းလုံး ပန်းနုရောင်ပစ္စည်းတွေနဲ့ ပြည့်နေပေမယ့်



ထိုအရာများက ထိပ်ခေါင်တင်နှလုံးသားကို မကြည်နူး၊ သာယာမှု မပေး။

အခြေအနေတစ်ခုအောက်မှာ ပြောင်းလဲခဲ့ရသည့် ထိပ်ခေါင်တင်မှာ သူမကိုယ်သူမ ရင်နာနေသည်။

အချစ်၏ ဝေမျှခြင်း....

ဒီအသိက ထိပ်ခေါင်တင်လို နှလုံးသားနုနယ်သော မိန်းကလေးတစ်ယောက်အတွက်တော့ ခါးသီးနာကြည်းဖွယ်ရာများ ဖြစ်သည်။

ဦးသိဃ်ဆိုသည့် ယောကျ်ားတစ်ယောက်ကို ထိပ်ခေါင်တင် ပိုင်ဆိုင်ခဲ့ရပေမယ့် ထိုယောကျ်ား၏ အချစ်နှင့် နှလုံးသားကို သူမ အပြည့်အဝ ပိုင်ဆိုင်ခွင့်မရဟု စိတ်မှာ ထင်မှတ်နေခြင်းကလည်း ထိပ်ခေါင်တင် စိတ်မှာ စွဲထင်နေသည့် မေ ဆိုသည့် မိန်းကလေးတစ်ယောက်ကြောင့် ဖြစ်သည်။

ယခုမှ လက်ထပ်ထားသော မိန်းမတစ်ယောက်အနေနှင့် ပျော်ရွှင်မှုကင်းမဲ့နေသည့် အဖြစ်မျိုးနှင့် ရှိမနေသင့်မှန်း ထိပ်ခေါင်တင် သူမကိုယ်သူမ သိပါသည်။

www.burmeseclassic.com



ဒါပေမဲ့ ထိပ်ခေါင်တင် စိတ်မှာ ခံစားနေရသည့် ခံစားမှု ဝေဒနာတွေကိုလည်း ထိပ်ခေါင်တင် မတွန်းလှန်နိုင်ခဲ့။

ကိုယ်ချစ်တဲ့သူကို ပိုင်ဆိုင်ခွင့်ရရုံနှင့် ကျေနပ်ပါသည်ဆိုသော မိန်းမသားတွေထဲ ထိပ်ခေါင်တင် မပါတာတော့ သေချာသည်။

အချစ်နှင့်ပတ်သက်လို့ ထိပ်ခေါင်တင်ကို လောဘကြီးသူတစ်ယောက်လို့လည်း ပြောချင်ပြောပါစေ။ ထိပ်ခေါင်တင် ဆိုသည့်သူမကတော့ ထိုစကားတွေကို ဂရုစိုက်မည်မဟုတ်။

ကိုယ့်ကိုချစ်သော၊ ကိုယ်သိပ်ချစ်ရသော ယောကျ်ားတစ်ယောက်က တခြား ကိုယ်မဟုတ်သည့် မိန်းမတစ်ယောက်ကို ချစ်ခြင်းမေတ္တာတွေ ဝေခွဲပေးနေမှန်းသိသော မိန်းမတစ်ယောက်၏ ခံစားမှုကို ကိုယ်ချင်းစာကောင်း စာနိုင်ကြမည်ဖြစ်ပေမယ့် ကာယကံရှင်၏ ရင်ထဲကခံစားမှုကိုတော့ ဘယ်သူမှမိနိုင်ကြမည်မဟုတ်ပါ။

ဒီလိုခါးသီးနာကြည်းဖွယ်ရာ ခံစားမှုတွေကို မခံစားနိုင်၍လည်း ထိပ်ခေါင်တင် ဦးသိမ်းအချစ်တွေကို ကြိုးစားရှောင်ခဲ့၏။

ထိပ်ခေါင်တင် ဘယ်လောက်ပဲ ရှောင်ခဲ့ပါစေ။ အင်အား



ကြီးမားလွန်းသော ဦးသိမ်း ချစ်ခြင်းများအောက်ကနေ လွတ်အောင်မရှောင်နိုင်ခဲ့။ ဒါကလည်း ထိပ်ခေါင်တင် ညံ့ဖျင်းမှုသာ ဖြစ်ပါလိမ့်မည်။

'သိပ်ချစ်တာပဲ' ဆိုသည့် စကားလုံးတွေနှင့် ထိပ်ခေါင်တင် သူမစိတ်ချမ်းသာမှုကို သူမဖန်တီးယူလို့ ရကောင်းရနိုင်လိမ့်မည်ဖြစ်ပေမယ့် ထိုသို့ဖန်တီးမှုရနိုင်သည့် စိတ်ချမ်းသာမှုမျိုးကိုလည်း ထိပ်ခေါင်တင်နှလုံးသားက လက်မခံနိုင်ခဲ့။

ကိုယ်ချစ်ရသည့် ချစ်သူကို ကိုယ်ကလွဲပြီး ဘယ်မိန်းကလေးကိုမှ မချစ်စေချင်။ အချစ်တွေ ခွဲဝေမပေးနိုင်တာကလည်း ကိုယ့်ချစ်သူအပေါ် သိပ်ချစ်တတ်သည့် မိန်းမတစ်ယောက်၏ အတ္တကြီးမှုသာ။

အပြန်အလှန် နားလည်မှုတွေနှင့် ချစ်ခဲ့ကြသည့် ချစ်သူနှစ်ဦး၏ ဘဝထဲကို 'မေ'ဆိုသောမိန်းကလေး ဝင်ရောက်ချိန်ကတည်းက ထိပ်ခေါင်တင်ဘဝမှာ ပျော်ရွှင်မှုတွေ သူ့အလိုလို ပျောက်ကွယ်ခဲ့ရ၏။

ဒီအတွက် ဦးသိမ်းကိုပဲ အပြစ်တင်ရမည်လား။ ဒါမှ

www.burmeseclassic.com



မဟုတ် ထိပ်ခေါင်တင်နှင့် သိဃ်ဘဝထဲကို ဝင်ရောက်လာသော 'မေ'ကို အပြစ်တင်ရမည်လား။

သေချာတာကတော့ 'မေ'ဆိုသည့် မိန်းကလေးက ထိပ်ခေါင်တင် နှလုံးသားကို နာကျင်စေခဲ့သူဖြစ်သည်။

ဒီနာကျင်မှုတွေက ထိပ်ခေါင်တင် ဘယ်လောက်ခါးသီးစွာ ခံစားနေရဦးမှာလဲ။

နားလည်မှုတွေရှိခဲ့ရင်တောင် အတိုင်းအတာရှိသည်။

ဦးသိဃ်က ထိုနားလည်မှုတွေကို အချိန်ဘယ်လောက်ကြာအောင် ထိပ်ခေါင်တင်နှင့် သူ့ဘဝကြားထဲ ထုတ်ယူသုံးစွဲနေဦးမည်လဲ။

နင့်စူးသွားသည့် နှလုံးသားမှ နာကျင်မှုတွေကြောင့် အော်ဟစ်ပေါက်ကွဲချင်စိတ်ကို ခက်ခဲပင်ပန်းစွာ ပြန်၍ မျိုချလိုက်သည်။

ကိုယ်လုပ်ချင်တာ မလုပ်ရပြန်တော့ စိတ်မှာပို၍ မွန်းကျပ်သွားသလို ရင်မှာ နာကျင်မှုတွေက ပို၍ နင့်သည်းသွား၏။

မျက်နက်ဝန်းလှလှလေးနှင့် အကြည့်တွေက ပန်းနုရောင်



မင်္ဂလာအိပ်ခန်းကျယ်ကြီးဆီ ဇေ့ဝဲရောက်ရှိသွား၏။ ထိုအကြည့်တွေထဲမှာပင် တစ်စုံတစ်ယောက်ကို ရှာဖွေနေသည့် အရိပ်အယောင်များကလည်း ပါဝင်နေသည်။

ဦးသိဃ် ဘယ်ရောက်နေလဲ။

'မောင်'လို့ မြတ်မြတ်နိုးနိုး ခေါ်ခဲ့သော သိဃ်ဆိုသည့် ခေါင့်ချစ်သူ သူ့ အခုဘယ်မှာလဲ။ နာကျင်မှုတွေနှင့်အတူ ချစ်ခြင်းတွေပါ ဒွန်တွဲနေသည့်အဖြစ်။

ပါးပြင်ထက် ပွစနဲ့ဖြစ်သွားသည့် အတွေ့တစ်ခု။ ထိပ်ခေါင်တင် သိလိုက်သည်။

မျက်ရည်မြစ်လေး ပါးပြင်ထက် စီးဆင်းသွားပြီဆိုတာ။

နာကျင်စွာ၊ ကြေကွဲစွာ၊ ဝမ်းနည်းမျိုသိပ်ခြင်းတွေနှင့် ထွက်ပေါက်မရှိသော အပြုံးတစ်ခု။

ဒီအပြုံးမျိုး ထိပ်ခေါင်တင် ပြုံးတတ်ခဲ့သည်မှာလည်း မကြာသေး။ ဝန်ခံရလျှင် 'မေ'ကို ဦးသိဃ်ဘေးမှာ တွေ့ပြီးချိန်ကတည်းက ဖြစ်သည်။

ထိပ်ခေါင်တင်နှလုံးသားထဲက ဒီခံစားမှုတွေကို ဦးသိဃ်

www.burmeseclassic.com

www.burmeseclassic.com



နားလည်လိမ့်မည်လို့ ထင်ခဲ့ပေမယ့် တကယ်တမ်း ဦးသိဃ်က ထိပ်ခေါင်တင် ထင်ထားသလို နားမလည်ခဲ့။

ဦးသိဃ်က ထိပ်ခေါင်တင်တို့လို နုနယ်သောမိန်းမသား တစ်ယောက်၏ နှလုံးသားခံစားချက်တွေကို နားလည်အောင်၊ သိနိုင်အောင် ကြိုးစားလိမ့်မည်မဟုတ်။

ဒါကြောင့်လည်း ဦးသိဃ်က သံ့ဘဝထဲကို ထိပ်ခေါင်တင်ကို ဆွဲခေါ်ခဲ့ခြင်းဖြစ်သည်။

ဦးသိဃ် စိတ်ကူးတွေ ဘယ်လိုရှိမှန်း ထိပ်ခေါင်တင်မသိ။ သေချာတာကတော့ ဦးသိဃ်ကိုယ်တိုင် ထိပ်ခေါင်တင်ကို ပိုင်ဆိုင်ခွင့် ရသည့်အတွက် ကျေနပ်နေလိမ့်မည်။

နှစ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ပိတ်လျက် တည်ကြည် လေးနက်လွန်းသော ဦးသိဃ်အပြုံးတွေကို ထိပ်ခေါင်တင် စိတ်ကူးနှင့် မှန်းကြည့်ရုံနဲ့တင် ရင်ခုန်သံတွေမြန်လာသည်။

တကယ်တော့ ထိပ်ခေါင်တင်ကိုယ်တိုင်က ဦးသိဃ်ကို နှလုံးသားက နင့်သည်းစွာ ချစ်ခဲ့မိသည်မှာလည်း ဝမ်းနည်းစရာ။

ဦးသိဃ်နှင့်ပတ်သက်ပြီး မဆေးသေးသော တစ်ချိန်ကအရိပ်



တွေက ထိပ်ခေါင်တင်ရင်ထဲ ထင်ဟပ်လာတော့ ခေါင့်နှလုံးသား အစုံမှာ တဆတ်ဆတ် နာကျင်သွား၏။

ဦးသိဃ်ရယ်...

ရှင်နဲ့ဆုံခဲ့ရတဲ့ နေ့ရက်တွေကို ကျွန်မ ဘယ်လိုမေ့နိုင်တော့ မှာလဲ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"မောင်သိယ်ဆိုတာက ဖေဖေ့သူငယ်ချင်းရဲ့သားပဲ သမီး၊ မိဘတွေကတော့ မရှိတော့ဘူး၊ ဒါပေမဲ့ ဖေဖေနဲ့ ငယ်ငယ်လေးထဲက ရင်းနှီးခဲ့တာဆိုတော့ ဖေဖေလိုအပ်တဲ့ အကူအညီကို တောင်းလိုက်တာပဲ၊ ဖေဖေ့ကျေးဇူးတွေလဲ သူတို့မိသားစုအပေါ်မှာရှိတယ်"

မပြေလည်သည့် စီးပွားရေးပြဿနာများကြောင့် ဒီရက်တွေအတွင်းမှာ သိသိသာသာ ကျဆင်းသွားသည့် ဖခင်ဖြစ်သူ၏ မျက်နှာကိုကြည့်ပြီး ထိပ်ခေါင်တင် စိတ်မကောင်းဖြစ်သွားသည်။

"ကုမ္ပဏီအခြေအနေက ဒီလောက်တောင် ဆိုးနေပြီလား ဖေဖေ၊ ပြီးတော့ ဖေဖေ့မိတ်ဆွေရဲ့သားကရော ဖေဖေတောင်းတဲ့ အကူအညီကို အလွယ်တကူ ပေးပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



"မောင်သိဃ်က ကျေးဇူးသိတတ်တဲ့သူတစ်ယောက်ပါ၊ ဖေဖေကလည်း အလကားအကူအညီတောင်းတာမှ မဟုတ်ဘဲ၊ မောင်သိဃ်က စီးပွားရေးဆန်တဲ့လူမဟုတ်ဘူးဆိုတာ ဖေဖေသိတယ်၊ လူငယ်ပေမယ့် သူ့မှာ လူမှုရေးစိတ်ဓာတ်ရှိတယ်၊ မောင်သိဃ်က ဖေဖေ့ကို ကူညီပါလိမ့်မယ်ကွယ်"

"ဘယ်လောက်များလဲ ဖေဖေ"

"နှစ်ထောင်"

"ဟင်"

"သိန်းနှစ်ထောင်"

ဘုရားရေ…

သိန်းနှစ်ထောင်။

ဒီလောက်များသည့် ငွေကို ဦးသိဃ်က ဖေဖေနှင့် လူချင်းခင်မင်ရင်းနှီးရုံနှင့် ချေးမည်ဆိုပါလား။

ထိပ်ခေါင်တင် အံ့သြမိတာနှင့်အမျှ နားလည်းမလည်ချင်တော့။ သူမ နားလည်သည်က ဖေဖေ့စီးပွားရေးအခြေအနေ၊ လုပ်ငန်းတွေ ဒီလောက်ပဲ ဆိုးရွားနေပြီလားဆိုတာပင်။



"အကူအညီတောင်းထားတဲ့ ဖေဖေ့စကားကို ဦးသိဃ်ဘက်က ဘယ်လိုတုံ့ပြန်လဲ ဖေဖေ"

"ဖေဖေ အကူအညီတောင်းထားတဲ့ငွေကို ဒီတစ်ပတ်အတွင်းမှာပဲ မောင်သိဃ်ကိုယ်တိုင် လွှဲပို့ပေးလိမ့်မယ်၊ အဲဒီအတွက်သမီး အားလုံးပြင်ဆင်ထားပါ၊ ဧည့်သည်ကို သူ့ဘက်က ဘာတစ်ခုမှ ငြိုငြင်မှုမရှိအောင် သမီး ဂရုစိုက်ပါ၊ ဘာပဲဖြစ်ဖြစ် ခုချိန်မှာ မောင်သိဃ်က ဖေဖေတို့မိသားစုရဲ့ ကျေးဇူးရှင်ဖြစ်သွားပြီ"

ဖေဖေ့စကားက ထိပ်ခေါင်တင်စိတ်ကို တစ်စုံတစ်ရာနှင့် ချည်နှောင်လိုက်သလို။ ဒါပေမဲ့ ထိပ်ခေါင်တင် စိတ်ထဲမှာတော့ ဖေဖေ့ကိုအကူအညီပေးသည့် ဦးသိဃ်ဆိုသူကို ကျေးဇူးတင်မိပါ၏။

သူ့ကြောင့် ဖေဖေ့မျက်နှာ ဝင်းပကြည်လင်နေသည်။

တစ်ပတ်အတွင်းမှာ ရောက်လာမည်ဆိုသော ဦးသိဃ်။ တကယ်တမ်းမှာတော့ ထိပ်ခေါင်တင်တို့ ထင်ထားသောရက်ထက်ကြိုပြီး စောစောရောက်လာသည်။

တစ်ယောက်နှင့်တစ်ယောက် ကျေးဇူးခံကျေးဇူးပေးများမဟုတ်ဘဲ သိန်းနှစ်ထောင်ဆိုသည့် ငွေများကို ဖေဖေ့လွှဲပေးနိုင်

www.burmeseclassic.com

www.burmeseclassic.com



သော ဦးသိဃ်၏ ချမ်းသာကြွယ်ဝမှုကိုလည်း ထိပ်ခေါင်တင် မအံ့သြဘဲ မနေနိုင်။

သူ ရောက်လာမည်ဆိုကာ ဦးသိဃ်က ဖုန်းနှင့် ကြိုတင် အကြောင်းကြားသည်။

ဦးသိဃ်အတွက် အခန်းကို ထိပ်ခေါင်တင် စိတ်ကြိုက် ပြင်ဆင်နေပေမယ့် ထိပ်ခေါင်တင်မှာ ကိုယ့်ပြင်ဆင်မှုကို ကိုယ် မကျေနပ်နိုင်သေး။

သူမဘက်က တစ်ခုခုလိုအပ်သွားမှာကို ထိပ်ခေါင်တင် စိုးရိမ်နေသည်။

ဦးသိဃ် ဘယ်လိုလူမျိုးလည်းဆိုတာ ထိပ်ခေါင်တင် မသိ ပေမယ့် ဖေဖေ၏ သမီးတစ်ယောက်အနေနှင့်တော့ ထိပ်ခေါင်တင် ဦးသိဃ်အပေါ်မှာ တာဝန်ကျေချင်သည်။

ထို့ကြောင့်လည်း ဦးသိဃ်နှင့်ပတ်သက်ပြီး လိုအပ်ချက် တစ်ခုမှမရှိအောင် ထိပ်ခေါင်တင် ကြိုးစားနေခြင်းဖြစ်သည်။

ပြောမည်ဆိုလျှင် ထိပ်ခေါင်တင် ယခုလို ဦးသိဃ်အပေါ် တာဝန်ကျေချင်သည့်စိတ်က တကယ်တမ်း ဦးသိဃ် ဖေဖေ့



ကူညီလိုက်တာနှင့်စာလျှင် သူမလုပ်ဆောင်မှုက မပြောပလောက်ပါ။

ထိပ်ခေါင်တင်တို့အပေါ် ကူညီလိုက်သော ကျေးဇူးရှင် တစ်ယောက်အနေနှင့် ဦးသိဃ်အပေါ် သူမ တာဝန်ကျေခြင်းသာ ဖြစ်သည်။

ဒီနေ့ ဦးသိဃ် ရောက်လာမည့်နေ့။ ထိပ်ခေါင်တင်ဘဝ တွင် ယောကျာ်းတစ်ယောက်ကို ယခုလို အချိန်ပေးစောင့်ရခြင်းက ဒါပထမဦးဆုံးအကြိမ်ဖြစ်၏။

ဦးသိဃ်ကို ထိပ်ခေါင်တင် တစ်ခါမှ မတွေ့ဖူး၊ မြင်ဖူးသူ မဟုတ်ပါ။

ထိပ်ခေါင်တင်သိသည့် ဦးသိဃ်ဆိုတာ ဖေဖေ့ကို ကူညီ လိုက်သည့် သူမတို့မိသားစု၏ ကျေးဇူးရှင်။ ဒါပဲဖြစ်သည်။

ဖေဖေက ဦးသိဃ်ကို သူကိုယ်တိုင် လေဆိပ်မှာ သွားကြို သည်။ ဦးသိဃ်ကို ကြိုလာသော ဖေဖေ့ကားလေးက ခြံထဲသို့ မောင်းဝင်လာခဲ့ပြီ။

ပေါ်တီကိုအောက် ကားရပ်သွားသည်နှင့် ကားပေါ်မှ ပထမဦးဆုံးဆင်းလာသူက ဖေဖေ။ ဒီနောက်မှာတော့ ထိပ်ခေါင်

www.burmeseclassic.com

www.burmeseclassic.com



တင် တစ်ခါမှ မမြင်ဘူးသော လူတစ်ယောက်။

မြင့်သောအရပ်၊ ကြည်စင်သောအသားအရေက တောက်

နေသလို မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ ပိရိတိကျကာ တင်းတင်း

စေ့ထားသော နှုတ်ခမ်းအစုံနှင့် သေသပ်သော မျက်နှာကျတို့က

ခပ်ဝေးဝေးက မြင်နေရပေမယ့် ထိုလူ၏ ရုပ်သွင်က ထင်းခနဲ

ပေါ်လွင်နေသည်။

မျက်ခုံးထူထူအောက်က မျက်ဝန်းအစုံကို ထိပ်ခေါင်တင်

မမြင်ရသေးသော်လည်း သူ့ထံမှ ထူးခြားသော အရိပ်တချို့

ဖြာထွက်နေမှုကိုတော့ ထိပ်ခေါင်တင် သတိထားမိသည်။

ခြေ့ဆိုသော် သိယံဆိုတာ လူချောတစ်ယောက်။ ဒါက

ဘယ်လိုမှ ငြင်းမရ။

ထိပ်ခေါင်တင်ရပ်နေသော လေသာဆောင်မှ သူ့ကို

လှမ်းမြင်နေရသည်။ ထိပ်ခေါင်တင် သူ့ကို တိတ်တိတ်ကြည့်နေ

တာကိုလည်း သူ သိပုံမရ။

ဒီတော့ ထိပ်ခေါင်တင် သူ့ကို တိတ်တိတ်လေး အကဲခတ်

ကြည့်ခွင့်ရနေ၏။ ဖေဖေနှင့်သူ ဘာစကားတွေ ဆိုနေသည်မသိ



နှစ်ယောက်သား ရယ်ရယ်မောမောနှင့် စကားတွေ ဆိုနေသည်။

ထို့နောက် သူ့အကြည့်များက ခေါင့်ရှိရာဘက်သို့ မထင်

မှတ်ဘဲ ဖျတ်ခနဲရောက်လာ၏။ ထိပ်ခေါင်တင် ရှောင်ပုန်းချိန်

မရလိုက်။

"အို"

အကြည့်ချင်း ဆုံသွား၏။

အမြဲတည်ငြိမ်နေသော လှုပ်ရှားမှုမရှိသည့် ထိပ်ခေါင်တင်

ထံမှ ရင်ခုန်သံတွေက တော်လဲသလို တဝေါဝေါပြိုဆင်းသွား၏။

ထိပ်ခေါင်တင် သူမရင်ဘတ်လေးကို ဖြူဥနုဖတ်နေသော

လက်လေးများနှင့် ဖိအုပ်ထားလိုက်ရသည်။

သူ့အကြည့်တွေက ထိပ်ခေါင်တင် ထင်ထားတာထက်

ပို၍ စူးရှတောက်ပလျက် အရောင်တဖျတ်ဖျတ် တောက်နေ၏။

ထိပ်ခေါင်တင် သူ့ကို လိုက်ကာနောက်က ခိုးကြည့်နေတာ

သူ မိသွားသည့်အဖြစ်အတွက် အနေခက် ရှက်ရွံ့လျက် ဘာလုပ်

ရမှန်းမသိ ဖြစ်သွားချိန် သိယံကိုယ်တိုင်လည်း လိုက်ကာ

နောက်ကွယ်က သူ့ကိုခိုးကြည့်နေသော မိန်းမချောလေးကို

www.burmeseclassic.com



သဘောကျစွာ သူ ပြုံးလိုက်၏။

သူမ ဘယ်သူလဲ။

မျက်ဝန်းနက်နက်လေးများနှင့် သူ့ကို ငေးစိုက်ကြည့်နေသည့် မိန်းမလှလေးတစ်ယောက်။ သူနှင့် အကြည့်ချင်းအဆုံမှာ လှစ်ခနဲ ပုန်းကွယ်လိုက်ပုံလေးက သိဃ်မျက်ဝန်းမှာ စွဲထင်နေ၏။

သိဃ် ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။ ဖေဖေ့သူငယ်ချင်း ဦးလှုနောင်မှာ သမီးတစ်ယောက် ရှိတာကိုတော့ သူ သိထားသည်။ သူ တွေ့လိုက်ရသည့် မိန်းမချောလေးက အန်ကယ်ဦးလှုနောင်ရဲ့ သမီးဆိုလျှင် တော်တော်လှသော မိန်းကလေးဖြစ်သည်။

အန်ကယ်ဦးလှုနောင် ကျေးဇူးတွေ သူတို့မိသားစုမှာ ရှိသည်။ အထူးသဖြင့် ဖေဖေ့ကို အန်ကယ်ဦးလှုနောင်က အများကြီး အကူအညီပေးခဲ့သည်။

အခု ဖေဖေ မရှိတော့။

ဖေဖေ့ကိုယ်စား သိဃ်က အန်ကယ်ဦးလှုနောင်တောင်းသည့် အကူအညီကိုပေးရန် ရောက်လာခြင်းဖြစ်သည်။ အန်ကယ် ဦးလှုနောင်က သူတို့လက်ရှိနေသည့် ပန်တော်ဦးခြံကြီးနှင့် တိုက်အိမ်



ကြီးကို သူ့ထံမှာ အပေါင်ထားပေမယ့် သူက လက်မခံခဲ့။

အန်ကယ်ကတော့ သူပိုင် အိမ်ဂရန်ကို သိဃ်လက်ထဲ ထုတ်ထည့်ပေးနေသည်။ ဘယ်လိုမှ ငြင်းမရတာနှင့် နောက်ဆုံး သူ လက်ခံလိုက်သည်။

အန်ကယ်ဦးလှုနောင် လိုအပ်နေသည့် ငွေသိန်းနှစ်ထောင် ကို ဘဏ်အကောင့်ထဲ လွှဲပြောင်းပေးလိုက်၏။

သူကိုယ်တိုင်ကတော့ အန်ကယ်ဦးလှုနောင်အစီအစဉ်နှင့် ပန်တော်ဦးကို ရောက်လာခဲ့ရသူဖြစ်၏။

အန်ကယ်ကတော့ ပန်တော်ဦးခြံအနှံ့ သိဃ်ကို လိုက်ပြသည်။ ခြံကြီးက ကျယ်သလို သီးပင်စားပင်တွေကလည်း စုံသည်။ သစ်ပင်ကြီးများကြောင့် ခြံကြီးတစ်ခုလုံး အေးမြနေ၏။ တိုက်ကြီးက ဟောင်းပေမယ့် ကောင်းသေးသည်။

ရေကူးကန်ရှိပေမယ့် ဘယ်သူမှ မသုံးဘဲပစ်ထားသဖြင့် ပြန်လည်ပြုပြင်မည့်သူမရှိ။ သိဃ် စိတ်မဝင်စားသော်လည်း တလေးတစား နားထောင်သည်။

သူ့အကြည့်တွေကတော့ မကြာခဏဆိုသလို အိမ်ကြီး၏

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်ဆီသို့ မရည်ရွယ်ဘဲ ရောက်သွားတတ်သလို လှပသော မျက်ဝန်းနက်တစ်စုံကို ဖွေရှာနေမိ၏။

သို့သော် သိယ်တွေ့လိုသော မျက်ဝန်းနက်ပိုင်ရှင်က ရှာ၍ မတွေ့။ ပန်တော်ဦးအိမ်ကြီးထဲ စကားတပြောပြောနှင့် ရောက်လာသည်။ ဧည့်ခန်းအဝင်မှာ ကိန္နရီကိန္နရာ ပန်းချီကားချပ်ကြီးကို လှပစွာ ချိတ်ဆွဲထား၏။

"သမီး..လာပါဦး၊ ဒီမှာ ဖေဖေ့မိတ်ဆွေနဲ့ မိတ်ဆက်ချင်လို့"

"လာပါပြီ ဖေဖေ"

ဦးလှနောင်စကားသံကြောင့် သိယ် အကြည့်တွေ အဖြူရောင် ဓာခန်းဆီးနောက်ကို ဖျတ်ခနဲရောက်သွား၏။ ချိုအေးသော အသံလေးနှင့်အတူ လှုပ်ခတ်သွားသော လိုက်ကာအကွယ်နောက်က အရိပ်လေးတစ်ခု ထွက်လာသည်။

ခြေလှမ်းမှန်မှန်နှင့် သူရှိရာ ဧည့်ခန်းဆီသို့ ရောက်လာသူက တခြားသူမဟုတ်။ သိယ်နှင့် အကြည့်ချင်းဆုံခဲ့ရသည့် မျက်နက်ဝန်းပိုင်ရှင် မိန်းမလှလေးဖြစ်နေ၍ သိယ်နှုတ်ခမ်းအစုံ ပြုံးလွန့်လွန့်



ဖြစ်သွားသည်။

သူ့ကို အဖြူရောင်လိုက်ကာအကွယ်နောက်က တိတ်တိတ်လေးငေးကြည့်နေတဲ့ မိန်းမလှလေး။ အခုတော့ သိယ်ရှေ့ကို ရောက်လာသည်။

"ထိုင် သမီး"

အခုချိန်ထိ ထိပ်ခေါင်တင်က သူ့ကို မကြည့်။ မျက်လွှာချထားသဖြင့် သိယ်ကပဲ သူမအလှအပတွေကို တစ်ခုချင်း စိတ်ကြိုက် ကြည့်ခွင့်ရနေ၏။

ဖြူနုဥဖတ်နေသည့် မျက်နှာလေး။

လှပအချိုးကျသော ခန္ဓာကိုယ်ကောက်ကြောင်း။ အထူးသဖြင့် မည်းနက်နေသည့် ဆံပင်ရှည်ကြီးနှင့် မြန်မာဆန်ဆန် ဝတ်စုံလေးနှင့် သိပ်လှနေပုံကို ငေးခနဲကြည့်ဖြစ်သွား၏။

"မောင်သိယ်..ဒါ အန်ကယ့်သမီးလေ၊ ထိပ်ခေါင်တင်တဲ့၊ သမီး ဒါ ဖေဖေ့မိတ်ဆွေ မောင်သိယ်"

"ဟုတ်ကဲ့"

ခေါင့်စကားသံက တိုးနေမှန်းသိသည်။ တိုက်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ဆိုင် သူ့ကို လူမသိအောင် ကြည့်ပါသည်ဆိုမှ လူမိသွားသည့် အဖြစ်ကြောင့် ခေါင့်မှာ အနေရခက်နေ၏။

"ထိပ်ခေါင်တင်တဲ့လား၊ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ အန်ကယ့်မှာ သမီးရှိမှန်း အခုမှပဲ သိတယ်"

"စကားမစပ်မိလို့ပါကွယ်"

ဦးလူနောင်က တမင်မပြောဘဲ သမီးရှိသည့်အကြောင်း ထိန်ချန်ထားခဲ့တာ သူပဲသိသည်။

သမီးကိုဖန်းပြပြီး ငွေချေးငှားတာမျိုး မလုပ်ချင်။ အလုပ် သဘောအတိုင်း ကင်းရှင်းစေပြီးမှ သမီးနှင့် မိတ်ဆက်ပေးခြင်း ဖြစ်သည်။

"ကျောင်းပြီးသွားပြီလား"

"ရှင်"

"သြော်..ထိပ်ခေါင်တင်ကြည့်ရတာ ကလေးတစ်ယောက် နဲ့တူလို့ ကျောင်းမပြီးသေးရဲ့လားလို့ မေးကြည့်တာပါ"

"ခေါင် ကျောင်းပြီးပါပြီ"

ခေါင့်အကြည့်လေးတွေ သူ့ထံ ဖျတ်ခနဲအဆုံးမှာ ခေါင့်ကို



စူးစိုက်ကြည့်နေသည့် သူ့မျက်ဝန်းများကြောင့် ခေါင့်မျက်နှာ ပန်းနု ရောင်ဖြစ်သွား၏။

သူ့ကို တိတ်တိတ်လေး အကြည့်မှာ လူမိသွားသည့် အဖြစ်ကြောင့်ပါ။

"သမီးက မနှစ်ကပဲ ကျောင်းပြီးထားတယ် မောင်သီယံ၊ ကျောင်းပြီးကတည်းက အန်ကယ့်ကုမ္ပဏီမှာပဲ လုပ်ငန်းလေ့လာရင်း အလုပ်နေတယ် ဆိုပါတော့"

"အဟွန်း..ဒါဆိုရင် ထိပ်ခေါင်တင်က သမီးအလိမ္မာပဲ၊ အန်ကယ် အားကိုးရတာပေါ့"

"အင်း အန်ကယ့်မှာလည်း ဒီသမီးတစ်ယောက်ပဲရှိတာ ဆိုတော့ မောင်သီယံပြောသလို သူ့ကိုပဲ အားကိုးနေရပေမယ့် သမီးက တစ်ခါတလေ ကလေးဆန်တယ် မောင်သီယံရဲ့"

"ဟင်..ဖေဖေကလဲ"

သူ့ရှေ့မှာ အပြောခံလိုက်ရ၍ ထိပ်ခေါင်တင်မှာ မျက်နှာ အား နီတွေးသွား၏။ သူကတော့ ဘာကိုသဘောကျသည်မသိ၊ တိုးတိုးရယ်နေသဖြင့် ခေါင်မှာ လိပ်ပြာမလုံချင်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ဦးတည်းသောသမီးဆိုတော့ ဒီလိုပဲပေါ့ အန်ကယ်၊ ကျွန်တော်လဲ တစ်ခါတလေ ကလေးဆန်နေတုန်းပဲခင်ဗျာ"

သူက ထိပ်ခေါင်တင်ဘက်က ဝင်ပြောပေးပေမယ့် ခေါင်မှာ ဝမ်းမသာနိုင်။ အအေးကို ဒေါ်သိန်းက လာချပေးသည်။

"အအေးသောက်ဦး မောင်သိဃ်၊ ပြီးမှ ထမင်းစားကြတာပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ အန်ကယ်"

"ခေါင့်ကို ထမင်းပွဲပြင်ဖို့ ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

ခေါင် နှုတ်ဆက်ပြီး ထမင်းစားခန်းဘက် ပြန်ကူးခဲ့ပေမယ့် ကျောမလုံ။ ခေါင့်ကို ပြုံးကြည့်နေသည့် သူ့ပုံရိပ်က ခေါင်နှင့်အတူ ကပ်ပါလာ၏။

✧ ✧ ✧

## အခန်း (၃)

"ဖေဖေကြောင့်တော့ ခ...တယ် ဒေါ်သိန်းရယ်၊ ကိုယ့်သမီးဆိုးကြောင်းကို ညွှဲသည်ရှေ့မှာ ပြောရလားလို့၊ တော်ကြာ ဟိုက တကယ်ထင်သွားမှဖြင့်..."

"မထင်ပါဘူး"

"ဟင်"

ရုတ်တရက် ခေါင့်နောက်ပါးဆီမှ ထွက်ပေါ်လာသော အသံကြောင့် ထိပ်ခေါင်တင် လန့်သွားကာ သူမကိုယ်လေး နောက်သို့ လှည့်ကြည့်လိုက်တော့...

"ဟင်"

ကိုရွှေညွှဲသည်က ခေါင့်နောက် ဘယ်အချိန်က ရောက်

www.burmeseclassic.com

www.burmeseclassic.com



နေမှန်းမသိ။ ထိပ်ခေါင်တင်မှာ သူမစကားတွေအတွက် သူ့ကို မျက်နှာပူသွားသည်။

ဖေဖေ့စကားကြောင့် ထိပ်ခေါင်တင်မှာ အနေရခက်ခက်နှင့် ထမင်းပွဲကို ခေါ်သိမ်းနှင့် ဝိုင်းပြင်နေခိုက် သူရောက်လာခြင်းဖြစ်သည်။

သိဃ်က သူ့ကို မြင်လိုက်ရ၍ မျက်နှာလေးနီရဲသွားသော ခေါင့်ကိုကြည့်ပြီး ပြုံးလိုက်သည်။

သူ့အပြုံးကိုမြင်တော့ ထိပ်ခေါင်တင်မှာ ပို၍မလုံမလဲလေး ဖြစ်သွားကာ...

"ဟို..ရှင်..ဒီကို ဘာလိုချင်လို့"

"ရေသောက်ချင်လို့"

"ရှင်"

သူ့ပြောစကားကြားပေမယ့် ခေါင့်နားကို ခေါင် မယုံ။ အခုပဲ အအေးသောက်လာသည့်သူက ရေသောက်ချင်သည်ဆိုတော့။

"ရေအေးအေးလေး တစ်ခွက်လောက် သောက်လို့ရမလား ထိပ်ခေါင်တင်"



"ရှင်..ဟုတ်ကဲ့"

ထပ်ခေါင်တင် သူ့ရှေ့မှ ကမန်းကတန်းလေး လှည့်ထွက်ကာ ရေခဲသေတ္တာထဲက ရေအေးအေးလေးတစ်ခွက် သိဃ်လက်သို့ ပေးလိုက်၏။

"သင့်ခ်ယူ ထိပ်ခေါင်တင်"

ထိပ်ခေါင်တင် ဘာပြောရမှန်းမသိ။ သူက ရေကို အာစွတ်ရုံသောက်ပြီး ထိပ်ခေါင်တင်မျက်နှာလေးကို စေ့ဝဲကြည့်သည်။ အန်ကယ်ဦးလူနောင် ဖုန်းပြောနေခိုက် သိဃ် တမင် အကြောင်းရှာပြီး သူမနား ရောက်လာခြင်းဖြစ်သည်။

သူ့ကိုမြင်တော့ ခေါင် ရှက်နေတာ သူ သိသည်။

"ကိုရောက်လာလို့ စိတ်ညစ်သွားပြီလား ထိပ်ခေါင်တင်"

"အို..မဟုတ်ပါဘူး"

"အဟွန်း..စိတ်တော့ ရှုပ်သွားမှာပေါ့"

ခင်မင်ရင်းနှီးဖွယ် နှစ်လိုသောအပြုံးနှင့် ပြောလိုက်ဟန်ဖြင့် ခေါင်နှင့် အချိန်အကြာကြီးကတည်းက ရင်းနှီးနေသူတစ်ယောက်၏ ဟန်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



အနီးကပ်ကြည့်မှ ပို၍ ရှင်းသန့်ချောမောနေသော သူ့ရုပ်သွင်နှင့် သူ့အပြုံးတွေကြောင့် ထိပ်ခေါင်တင် ရင်ခုန်သွားသည်။

သိယံကတော့ ခေါင့်အဖြစ်ကို မသိ။

"ဘယ်လိုလဲ၊ ကို မေးတာလဲ မဖြေပါလား"

"ဘာဖြေရမှာလဲ"

"ကိုယ့်ကြောင့် ခေါင် စိတ်ရှုပ်သွားပြီလားဆိုတာ"

"ကိုယ့်ကို ကူညီတဲ့ ကျေးဇူးရှင်တစ်ယောက်ကို ခေါင်က ဘာကြောင့် စိတ်ရှုပ်ရမှာလဲ၊ ပြီးတော့ ရှင်က တခြားလူလည်း မဟုတ်ဘူး၊ ခေါင်တို့မိသားစုရဲ့ ကျေးဇူးရှင်"

"ဒါဆိုရင်တော့ ကို ပြန်ရလိမ့်မယ်"

"ရှင်"

"ကိုယ့်ကို ကျေးဇူးရှင်တစ်ယောက်လို သတ်မှတ်ပြီး ဆက်ဆံနေမယ်ဆိုရင်တော့ ကို နေတတ်မှာမဟုတ်ဘူး၊ ဘယ်လိုလဲ ကိုယ့်ကို အဲဒီလို မင်း ဆက်ဆံမှာလား"

လက်ပိုက်ကာ ခပ်ပြုံးပြုံးမေးလိုက်သည့် သူ့စကားကြောင့်



ထိပ်ခေါင်တင် သူ့ကို ခပ်ငေးငေးကြည့်မိသွားသည်။

သိယံကိုယ်တိုင် အနီးကပ် မြင်တွေ့ရမှ ထင်တာထက် ပို၍ နုငယ်လှပသော ခေါင့်မျက်နှာလေးကို စိုက်ကြည့်ရင်း ပြုံးလိုက်၏။

"မင်း ကိုယ်ပြောတာကို မရှင်းဘူးထင်တယ်၊ ကိုယ် ဒီမှာ လွတ်လွတ်လပ်လပ် နေလို့ရမလား"

"ရှင်"

"အဟွန်း..ဟွန်း၊ မင်းကတော့ကွာ၊ တကယ်ပဲ"

မျက်လုံးဝိုင်းဝိုင်းလေးနှင့် သူ့ပြောသမျှ စကားတွေကို နှုတ်ခမ်းလေးဖွင့်ဟကာ တရှင်ရှင်ဖြစ်နေသူလေးကို မချင့်မရဲဖြစ်စွာ ငေးခနဲစိုက်ကြည့်လိုက်ပြီး...

"ကိုယ့်ကို အထူးတလည်ကြီး ဂရုစိုက်နေတာမျိုး မလိုချင်ဘူး၊ ကိုယ်လည်း ဒီ အိမ်သားတစ်ယောက်လိုပဲ လွတ်လွတ်လပ်လပ်နေချင်တယ်"

ထိပ်ခေါင်တင် နားလည်လိုက်ပါပြီ။ သူသည် လွတ်လပ်ခွင့်ကို မြတ်နိုးသူတစ်ယောက်မှန်း။

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ်နော်"

"ဟုတ်ကဲ့"

ခေါင်မှာ အယောင်ယောင်အမှားမှားနှင့်ပင် သူက တိုးဖွ ရယ်ပြီး ရေမြန်ခွက်လေး ပြန့်အပေးမှာ ခပ်ပြုံးပြုံးအမူအရာနှင့် ခေါင့်ကို တစ်ချက်စိုက်ကြည့်ပြီး အခန်းထဲမှ ထွက်သွားသည်။ သူ ထွက်သွာ မှ ထိပ်ခေါင်တင် စိတ်မှာ လွတ်လပ်ပေါ့ပါးသွားသည်။

"ညွှဲသည်က လူချောလေးပါလား ခေါင်"

"အို…ဒေါ်သိန်းကလဲ"

"သမီးရေ"

"လာပါပြီ ဖေဖေ"

ဖေဖေ့ခေါ်သံကြောင့် ထိပ်ခေါင်တင် ဧည့်ခန်းဆီ ရောက်လာရပြန်၏။

"မောင်သိယ်နေဖို့ အခန်းလိုက်ပြလိုက်ပါဦး"

"ဟုတ်ကဲ့"

"မောင်သိယ်…အန်ကယ်တို့အိမ်မှာ ဘာမှအားနာ မလိုဘူး၊ လွတ်လွတ်လပ်လပ် နေနော်၊ လိုတာရှိလည်း မင်းညီ



ပြော၊ ကဲ သမီး မောင်သိယ်အတွက် အခန်းလိုက်ပြလိုက်"

"ဟုတ်ကဲ့ ဖေဖေ"

"နေ့လယ်စာကို မောင်သိယ်နဲ့အတူ အန်ကယ် ထမင်း စားနိုင်တာ နားလည်ပေးပါကွယ်"

သိယ်ကို စကားဆိုရင်း ဦးလှနောင်အကြည့်တွေက ထိပ်ခေါင်တင်ရှိရာဆီသို့ ရောက်လာကာ…

"မောင်သိယ်အတွက် နေ့လယ်စာကို သမီးပဲ သေချာပြုစု ဧည့်ခံလိုက်ပါ၊ ဖေဖေ အလုပ်ကိစ္စချိန်းထားတာရှိလို့ သွားလိုက် ဦးမယ်၊ မောင်သိယ် အန်ကယ့်ကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ အန်ကယ်"

ဦးလှနောင် နာရီကိုတစ်ချက်ကြည့်ရင်း သိယ်အား နှုတ်ဆက်လျက် ထွက်သွားသည်။

ဒီတစ်ခါတော့ ထိပ်ခေါင်တင် သူ့ကို လှမ်းအကြည့် ပြုံးလျက် ခေါင့်မျက်နှာလေးကို စိုက်ကြည့်နေသူကြောင့် သူ့ထံမှ အကြည့်လေးများကို အမြန်လွှဲဖယ်လိုက်၏။

"ပေးလေ ပစ္စည်းတွေ၊ ခေါင် သယ်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို အခန်းပဲ လိုက်ပြပါ၊ ဒါတွေ ကို သယ်ခဲ့မယ်"

သူ့အတွက် ပြင်ဆင်ထားသော အခန်းကို ခေါင်က ဦးဆောင်၍ လိုက်ပြရသည်။ အနီးကပ်အတူအသွားမှာ ခေါင့်ထံမှ သနပ်ခါးရနံ့နှင့် သူ့ထံမှ ပျော့သောရနံ့နှစ်ခု ပေါင်းစပ်သွား၏။

"အိမ်ကြီးက အကျယ်ကြီးဆိုတော့ ခေါင်တစ်ယောက် ရှင်းရပင်ပန်းမှာပဲ"

"တစ်ပတ်တစ်ခါ လာရှင်းပေးတဲ့သူရှိပါတယ် ဦးသိယံ"

"ဦးသိယံတဲ့လား"

"ရှင်"

"ဩော်...ကိုယ်များ အဘိုးကြီးဖြစ်နေပြီလားလို့ပါ အဟွန်း...ဟွန်း"

"အို"

တိုက်ကြီး၏ အပေါ်ထပ် လေသာဆောင်နှင့် ကပ်လျက်ရှိသော အခန်းကျယ်ကြီးတစ်ခုလုံးကို ခေါင့်အကြိုက် အပြာနုရောင်တွေနှင့် တစ်ခန်းလုံး လွှမ်းနေသည်။



အပြာနုနုကို မြင်လိုက်ရတော့ သိယံရင်မှာ လှုပ်ခတ်သွားသည်။ ဒီအခန်းကို ပြင်ဆင်သူက သူ့အကြိုက်ဆုံးအရောင်ကို သိနေသည့်အတိုင်းဆိုတော့ သဘောကျသွား၏။

"ဒါနဲ့ ဒီအခန်းကို ဘယ်သူပြင်တာလဲ ထိပ်ခေါင်တင်"

"ဘာဖြစ်လို့လဲ ဦးသိယံ၊ ဦးသိယံမကြိုက်လို့လားဟင်၊ ဒါဆို ခေါင် ချက်ချင်းပြန်ပြင်ပေးပါ့မယ်"

"ဒီအခန်းကိုပြင်တာ..."

"ခေါင်ပါ"

"ဩော်"

"ဒီအရောင်ကို ထိပ်ခေါင်တင် ဘာစိတ်ကူးနဲ့ ရွေးချယ်ခဲ့တာလဲ"

"ခေါင့်စိတ်ထဲမှာတော့ ဒီအရောင်က မျက်စိအေးတယ်၊ မြင်ရတဲ့သူရဲ့ ရင်ကိုလည်း ငြိမ်းချမ်းစေတယ်လေ၊ နောက်ပြီး ဒါ ခေါင် နှစ်သက်တဲ့အရောင်လည်း ဖြစ်နေလို့ပါ"

လူနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မမြင်ဖူးပါဘဲ စိတ်ချင်းဆက်သွယ်သလို အကြိုက်ချင်းလာတူနေသည့်အဖြစ်က

www.burmeseclassic.com

www.burmeseclassic.com



သိယ်အတွက် မယုံနိုင်စရာတစ်ခုပင်။

သိယ် ဒီအရောင်ကို နှစ်သက်သလို ခေါင်ကလည်း ဒီအရောင်ကို နှစ်သက်သည်ဆို၍ ပြုံးလိုက်၏။

"ဆောရီး ဦးသိယ်"

"ဘာအတွက်လဲ ထိပ်ခေါင်တင်"

"ဒီအခန်းကြောင့် ဦးသိယ်စိတ်မှာ အနှောင့်အယှက်ဖြစ်သွားရတဲ့အတွက်ပါ"

"ဟင့်အင်း ကိုယ်က ပြန်ပြီးကျေးဇူးတင်ရမှာ"

"ရှင်"

"ခုလိုမျိုး ကို အကြိုက်ဆုံးအရောင်နဲ့ ပြင်ဆင်ပေးထားတဲ့ ထိပ်ခေါင်တင်ကို ကို ကျေးဇူးတင်ပါတယ်"

"အို"

ထိပ်ခေါင်တင် ရင်ထဲ နွေးခနဲဖြစ်သွား၏။ တိုက်ဆိုင်စွာ သူနဲ့ခေါင် အကြိုက်ချင်းတူနေသည့်အတွက်ပါ။

"ကိုယ်တို့နှစ်ယောက် အကြိုက်ချင်းတူနေတာ မအံ့သြဘူးလား"



ခေါင် ဘာစကားမှမဆိုပါ။

"ဦးသိယ် နားလိုက်ပါဦး၊ ခေါင် ထမင်းပွဲပြင်ပြီး လာခေါ်ပါမယ်"

ထိပ်ခေါင်တင် ပြောပြီး သူ့အနားက လှည့်ထွက်မည်အလုပ်...

"ထိပ်ခေါင်တင်"

"ရှင်"

သူ့ခေါ်သံကြောင့် ထိပ်ခေါင်တင် သိယ်ကို လှည့်ကြည့်လိုက်သည်။ အကြည့်တွေက နှစ်ယောက်သား ဆုံသွားသည့်အခိုက် ထိပ်ခေါင်တင်ရင်ထဲ သူ့အကြည့်စူးစူးတွေကြောင့် ရင်ထဲ ဒိတ်ခနဲ ဖြစ်ကာ ချက်ချင်းမျက်လွှာချလိုက်သည်။

သူ့အကြည့်တွေကို ခေါင် ရင်မဆိုင်ရဲ။

ခဏလေး တွေ့ကြသည်ဆိုပေမယ့် သူ့အကြည့်တွေနှင့် ဆုံတိုင်း ထိပ်ခေါင်တင် ရင်တွေခုန်၊ ခြေဖျားလက်ဖျားတွေ အေးနှင့် ကိုယ့်အဖြစ်ကို ကိုယ်လည်း သဘောမကျ။

"သင့်ခ်ယူး ထိပ်ခေါင်တင်၊ ကိုယ့်ကို ခုလို အလေးအရာရာ

www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်တဲ့အတွက်"

စူးရှသည့် သူ့အကြည့်တွေကို ထိပ်ခေါင်တင် နောက်တစ်ကြိမ် ရင်မဆိုင်ရဲတော့ပါ။ သူ့စကားကို ခေါင်းလေးညိတ် အသိအမှတ်ပြုရင်း အခန်းထဲမှ ထွက်လာခဲ့သည်။

❖ ❖ ❖

ဟင်းမျိုးစုံ ပြင်ဆင်ထားသည့် ထမင်းဝိုင်းကြီးက စားချင်စရာကောင်းလှသည်ဖြစ်ပေမယ့် ထမင်းဝိုင်းတွင် စားမည့်သူမှာ သီဃနှင့် ထိပ်ခေါင်တင် နှစ်ယောက်တည်းဖြစ်သည်။

ဖေဖေက သူ့ကိုယ်စား သီဃအပေါ် ဂရုစိုက်ပေးဖို့ မှာသွားသည်မို့ ခေါင့်ဘက်က ဘာတစ်ခုမှ ချို့ယွင်းမှုမရှိအောင် ဂရုစိုက်နေရသည်။

"ဦးသီဃ စားနော်၊ ချက်သာ ချက်ထားရတာ၊ ဦးသီဃ အကြိုက်မှ ဖြစ်ရဲ့လားမသိဘူး"

သီဃနှင့် မျက်နှာချင်းဆိုင်ထိုင်ရင်းက ထိပ်ခေါင်တင် စားကောင်းရာရာ ဟင်းများကို သီဃ ပန်းကန်ထဲ ကိုယ်တိုင်ခပ်ထည့်ပေးနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သိယ်မှာ ခေါင် ခပ်ထည့်ပေးသမျှ ထမင်းနှင့်ဟင်းများကို မြိန်မြိန်ယှက်ယှက် စားရင်း…

"အင်း ဒီလက်ရာမျိုး ကို ဘယ်မှာစားဖူးပါလိမ့်လို့ တွေးနေတာ၊ ကြည့်စမ်း ဒါ ကိုယ့်မေမေရဲ့လက်ရာ အတိုင်းပါပဲလား ထိပ်ခေါင်တင်"

"ဟင်"

"ကို ထင်တာ မမှားဘူးဆိုရင် ဒါတွေအားလုံး ထိပ်ခေါင်တင်ချက်တာပဲ ဖြစ်ရမယ်၊ ဟုတ်တယ် မဟုတ်လား"

သူ ထင်သည့်အတိုင်း မှန်နေသဖြင့် ထိပ်ခေါင်တင် ရှက်ပြုံးလေးနှင့် ခေါင်းလေးညိတ်လိုက်ရ၏။

"မေမေ့လက်ရာနဲ့တူတဲ့ ဒီထမင်း ဟင်းတွေ စားရတော့ ကို မေမေ့ကိုတောင် သတိရသွားတယ်"

"ဦးသိယ်မေမေက…"

"ကိုယ့်မေမေ ဆုံးသွားတာ ကြာပြီ၊ ခေါင့်မေမေရော"

"မေမေက ခေါင် ငယ်ငယ်လေးထဲက ဆုံးသွားတာပါ"

"ဘဝတူတွေပေါ့"



"ရှင်"

"ဪ…ကို နဲ့ ခေါင်က အကြိုက်ချင်းတူရုံမကဘူး ဘဝချင်းလည်း တူနေတာကို ပြောတာ"

"ကို အမှန်အတိုင်း ဝန်ခံရရင် ထိပ်ခေါင်တင်ကို ဒီလိုမျိုး အိမ်မှုကိစ္စတွေ ကျွမ်းကျွမ်းကျင်ကျင်နဲ့ ဒီလောက်ချက်ပြုတ်တတ်လိမ့်မယ်လို့ ထင်မထားခဲ့ဘူး"

"ခေါင့်ကို ဒေါ်ကြီးသိန်းက သင်ပေးပါတယ်"

"ထိပ်ခေါင်တင် ကိုယ်တိုင်လည်း ဝါသနာပါလို့ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့"

"ခေါင်လည်းစားဦးလေ၊ ကိုယ့်ကိုချည်း ဂရုစိုက်မနေနဲ့၊ ရော့…ထည့်စား"

ခေါင့်ပန်းကန်ထဲကို သူ့သဘောနှင့် ဟင်းတွေခပ်ထည့်ပေးနေသူကြောင့် ခေါင်မငြင်းဘဲ စားလိုက်ရပါသည်။ အခုမှတွေ့ပေမယ့် သူ့ဘက်က ခေါင့်အပေါ်မှာ စိမ်းမနေတာ ဘာကြောင့်ပါလဲ။

www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ အကြိုက်ချင်းတူ၊ ဘဝချင်းတူနေလို့ ခေါင့်အပေါ်မှာ ကိုယ်ချင်းစာမိလို့များလား။

ထမင်းစားသောက်ပြီး အချိုပွဲတည်းကြတော့ ထိပ်ခေါင်တင် လိမ္မော်သီးအခွံခွာပြီးသား ပန်းကန်ကို သိဃ်ရှေ့သို့ တိုးပေးရင်း....

"စားလေ ဦးသိဃ်၊ လိမ္မော်သီးကချိုတယ်"

"ဟုတ်လား၊ ကိုယ်က လိမ္မော်သီးကြိုက်တယ်ကွ"

"ကြိုက်ရင် များများစားလေ၊ ခေါင်က အသီးအနံ့ဆို အရမ်းကြိုက်တယ်"

"ဟုတ်လား...ကိုယ်တို့နှစ်ယောက်က အကြိုက်တွေ တော်တော်တူနေကြပြီပဲ"

သိဃ်စကားကို ထိပ်ခေါင်တင်က အပြုံးနှင့် နားထောင်နေသည်။

"ကိုယ်တို့ အကြိုက်ချင်းတူပေမယ့် ရန်သူတော့မဖြစ်နိုင်ပါဘူးနော်"

"သိနိုင်ဘူးလေ"



"အဟွန်း...ဟွန်း၊ ကိုယ်ကတော့ ခေါင်နဲ့ ရန်သူမဖြစ်ချင်ပါဘူးဗျာ"

ခေါင့်မျက်နှာလှလှလေးကို ပြုံးလျက် စိုက်ကြည့်နေသူကြောင့် ခေါင် အနေရခက်စွာ သူ့မျက်နှာကိုမကြည့်ဘဲ လိမ္မော်သီး အမွှာလေးများကို ခွာနေမိ၏။

"ခေါင်"

"ရှင်"

"ကိုယ်နဲ့ခေါင် ရန်သူတော့ မဖြစ်ချင်ဘူးမဟုတ်လား"

သိဃ်က ခေါင့်မျက်နှာလေးကို စိုက်ကြည့်ရင်း မေးလိုက်တော့ ခေါင် ဦးခေါင်းလေးကို ညင်သာစွာ ခါယမ်းလိုက်သည်။

"ဟင့်အင်း"

"အဟွန်း...ဟွန်း...ဟွန်း"

သူမေး၍ ခေါင်က ဖြေလိုက်တာဖြစ်ပေမယ့် သူ့ထံမှ အကြည့်တစ်မျိုးနှင့် တိုးဖွစွာ ရယ်သံက ခေါင့်ရင်ကို တစ်မျိုးဖြစ်သွားစေသည်။ ဘာအဓိပ္ပာယ်နှင့် သူရယ်မှန်း မသိပေမယ့် ခေါင့် မျက်နှာလှလှလေး ပန်းနုရောင်ပြောင်းသွားသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"မဟုတ်တာ မောင်သိဃ်ရယ်၊ ဒီမှာ လွတ်လွတ်လပ်လပ် နေလို့ရရဲ့သားနဲ့၊ ဘာလို့ တခြားပြောင်းနေမှာလဲ"

ထိပ်ခေါင်တင် ကြားလိုက်ရသည့် စကားများကြောင့် လှမ်းလက်စ ခြေလှမ်းများက နေရာမှာပင် အလိုလို ရပ်တန့်သွားသည်။

ခေါင် ရပ်နေဆဲမှာပင် အောင်မြင်ခန့်ညားသော သိဃ် အသံက ညှို့ခန်းဆီမှ ဆက်လက်ထွက်ပေါ်လာ၏။

"အန်ကယ်ပြောတာလည်း မှန်ပါတယ်၊ ဒါပေမယ့် အန်ကယ်တို့ကို ကျွန်တော်အားနာ"

"မဟုတ်တာ မောင်သိဃ်ရယ်၊ အန်ကယ်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် အားနာရမှာလဲ၊ ဒီစကားကြားတာ အန်ကယ်စိတ်မ
ကောင်းဘူး၊ အန်ကယ်က မောင်သိယ်အပေါ်မှာ ကိုယ့်သွေးသား
ရင်းလိုပဲ သဘောထားတာ၊ ဒီစကားသမီးကြားရင်လည်း
စိတ်ကောင်းမှာမဟုတ်ဘူး''

သိယ် သိပါသည်။ သိလို့လည်း သူ့အတွက် အစစအရာ
ရာ အပင်ပန်းခံနေသော ခေါင့်ကို ပို၍အားနာပြီး သူ ပန်တော်ဦး
က တခြားပြောင်းရန် စဉ်းစားခြင်းဖြစ်သည်။

ခေါင် သူ့အတွက် ပင်ပန်းနေရတာကို မကြည့်ရက်သလို
လှပသည့် ခေါင့်မျက်နှာလေးကိုလည်း နေ့စဉ်တွေ့နေမြင်နေရ
စိတ်ချမ်းသာသည်ကလည်း တစ်ဖက်။

''မောင်သိယ်အပေါ် အန်ကယ်တို့ဘက်က လိုအပ်တာ
များရှိရင်''

''ဟာ...အဲဒါတော့ လုံးဝမဟုတ်ဘူး အန်ကယ်''

''အန်ကယ်တို့ဘက်က ဂရုစိုက်တာတွေကြောင့်
ကျွန်တော် ပြန်ပြီးအားနာနေရတာပါဗျာ''

''ဒါဆိုလည်း မောင်သိယ်ကို အန်ကယ် မေတ္တာရပ်ခံ



တာပဲ၊ မောင်သိယ် အန်ကယ်တို့အိမ်ကနေ ဘယ်မှမသွားပါနဲ့''

''ဟုတ်ပါတယ် ဦးသိယ်''

''ခေါင်''

''လာ...သမီး''

ထိပ်ခေါင်တင်မှာ ဖခင်ဖြစ်သူနား ဝင်ထိုင်လိုက်ရင်းက

''ဦးသိယ် ဒီကပြောင်းဖို့ ဖေဖေ့ကို ပြောနေတာ ခေါင်
ကြားပြီးပါပြီ''

''အဲဒါက...ဟို''

ခေါင် ပင်ပန်းတာကို မကြည့်ရက်လို့ဆိုသည့် စကားကို
သူဘယ်လိုပြောမှန်းမသိ။

''ကိုယ်ဘယ်လိုပြောရမှန်း မသိတော့ဘူးဗျာ''

''ဒါဆိုလည်း မပြောနဲ့တော့ မောင်သိယ်''

''မောင်သိယ် ကုမ္ပဏီရုံးခန်းကိစ္စကိုပဲ ပြောရအောင်''

''ဟုတ်ကဲ့ အန်ကယ်''

သိယ်အတွက် ကုမ္ပဏီခွဲတစ်ခုဖွင့်ရန် ရုံးခန်းအသစ်တစ်ခု
ပြင်ဆင်ပေးရမည့်အကြောင်း ရောက်သွားသည်နှင့် ခေါင့်အမည်

www.burmeseclassic.com

www.burmeseclassic.com



လည်း ပါလာသည်။

"မောင်သိဃ်က ဒီမှာရုံးခန်းဖွင့်မှာ သမီး"

"အဲဒါ သမီးက သမီးအစ်ကို လိုအပ်တာတွေကို ပိုင်းပြီး ကူညီပေးလိုက်၊ မောင်သိဃ် ကုမ္ပဏီရုံးခန်းဖွင့်တဲ့အထိ သမီးက ဒီကိစ္စကို တာဝန်ယူရလိမ့်မယ်၊ ကြားလား သမီး"

"ဟုတ်ကဲ့ ဖေဖေ"

ထိပ်ခေါင်တင်မှာ ဖေဖေ့စကားကို ခေါင်းညိတ်လိုက်ရ ပေမယ့် စိတ်ထဲမှာတော့ သိဃ်နှင့်အတူ အလုပ်တွဲလုပ်ရမည်ဆို သည့်အတွက် ရင်မောသွားသည်။

"ဒီနေ့ပဲ မောင်သိဃ်နဲ့ သမီးလိုက်သွားပြီး လိုအပ်တာ တွေကို ကူညီပေးလိုက်ပါကွယ်"

"မောင်သိဃ် သမီးကို ခေါ်သွားပါ"

"ဟုတ်ကဲ့ အန်ကယ်"

"ခေါင် ကူညီမယ်ဆိုရင် ပိုအဆင်ပြေမှာပါ၊ ခေါင် ကိုယ့်ကို ကူညီမယ်မဟုတ်လား"

"ဟုတ်ကဲ့"



ခေါင် အလိုလိုနေရင်း ပုတ်သင်ညိုမလေး ဖြစ်သွားသည်။ မောင်သိဃ်နှင့် လိုက်သွားဆိုသည့် ဖေဖေ့စကားကို မငြင်းဆန်ချင် သလို သူက ကူညီဖို့ပြောလာတော့ ခေါင်မှာ ငြင်းပယ်စရာစကား မရှိ။

ဖေဖေက သိဃ်ဂုဏ်သိက္ခာကို ယုံကြည်၍ ကိုယ့်သမီး တစ်ယောက်ကို သူစိမ်းယောကျ်ားဖို့နှင့် စိတ်ချလက်ချ ထည့်နေ သည်ဆိုမှတော့ ခေါင်က ဘာကိုငြင်းရမည်နည်း။ ခေါင့်အဖို့ ဖေဖေ ခိုင်းသည့်အတိုင်း လုပ်ရန်သာရှိသည်။

ဒီနေ့ သူနဲ့သွားရမည်။ ခေါင့်ကိုယ်ခေါင် လှလှပပနှင့် သပ်ရပ်အောင် ဝတ်ဆင်ပြင်ဆင်လိုက်သည်။

ပင်ကိုယ်အလှအားကောင်းနေသူအဖို့ ဘယ်လိုပဲဝတ်ဝတ် ခေါင့်အလှတွေက ပြည့်ဝန်းသော လမင်းတစ်စင်းလို ဝင်းဝင်းစက် တက် မြင်သူငေးချင်စရာ အလှပိုင်ရှင်ဖြစ်သည်။

ခရမ်းပြာရောင် ဝတ်စုံလေးနှင့် ကျော့ရှင်းသပ်ရပ်စွာ လှနေ သော ခေါင်က လက်ကိုင်အိတ်အနက်လေးကို ကောက်ယူပြီး အောက်ထပ်သို့ ဆင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေ ကုမ္ပဏီသို့ သွားပြီမို့မရှိတော့။ အောက်ထပ်ဧည့်ခန်းထဲတွင် သတင်းစာဖတ်ရင်း ခေါင့်ကိုစောင့်နေသော သိဃ်ကို တွေ့ရသည်။

ခေါင့်ခြေသံကြောင့် သိဃ်အကြည့်တွေက ခေါင့်ထံရောက်လာ၏။

ခရမ်းပြာရောင် ဝတ်စုံလေးနှင့် ခေါင့်အလှက သူ့မျက်စိထဲစွဲသွားသည်။

ပခုံးပေါ် ကပိုကရိုဝဲကျနေသော ဆံနွယ်ညိုညိုအိအိလေးများက ခေါင့်မျက်နှာလေးနှင့် လိုက်ဖက်လွန်းသည်။ မနိမ့်မမြင့် အရပ်နှင့်အညီ အချိုးကျသော ကောက်ကြောင်းအလှနှင့် ခန္ဓာကိုယ်ကလည်း ကျော့ရှင်းနေ၏။

ဖြူစင်ဝင်းနှစ်နေသော အသားအရေနှင့် မျက်ဝန်းကြည်ကြည်တောက်တောက် နှုတ်ခမ်းဖူးဖူးလေး၊ နှာတံလှလှ၊ မျက်ခုံးထူထူအိအိ အရာအားလုံးက ခေါင့်အလှကို ပံ့ပိုးပေးနေသည်။

အလှပါရမီကောင်းသူဖြစ်၍ ဘယ်လိုနေနေ၊ ဘယ်လိုဝတ်ဝတ် သိပ်လှနေသော ခေါင့်ကို သိဃ် အကြည့်တွေ နှေးထွေးစွာ



ရောက်သွားသည်မှာ မျက်တောင်ပင်မခတ်။

"ဦးသိဃ်"

"ဗျာ"

ခေါင့်အသံကြားမှ သိဃ် သူ့အကြည့်တွေ လွန်သွားမှန်းသိလိုက်ကာ...

"အဟွန်း...ဆောရီး၊ ခေါင် ပြီးရင် ကိုယ်တို့သွားကြမယ်"

"ဟုတ်ကဲ့"

ခြေလှမ်းကျဲကြီးတွေနှင့် ခေါင့်ရှေ့က ဦးဆောင်သွားသူနောက် ခေါင် လိုက်ခဲ့ရင်း သက်ပြင်းခိုးရှိုက်လိုက်သည်။

ဒါကို အစအဆုံး မြင်လိုက်သူ သိဃ်။ သူ့အကြည့်ကြောင့် ခေါင် အနေရခက်သွားတာကို သူ သိပါသည်။ ခေါင်က သိပ်လှနေတော့ မကြည့်ဘဲလည်း မနေနိုင်။ ဝန်ခံရမည်ဆိုလျှင် ခေါင့်ကို သိဃ် ချစ်နေမိပြီ။

ဒါကို ခေါင့်ကို အသိပေး၍မဖြစ်သေး။

ခေါင်က လက်မခံဘဲ ငြင်းလိုက်မှာကို သိဃ် စိုးရိမ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ပြီးတော့ ခေါင့်တွင် ချစ်သူရှိနေမည်ဆိုသောအတွေးက သူ့ရင်ကို ပူလောင်သွားစေသည်။ သူ့အရင် ခေါင့်မှာ ချစ်သူရှိမနေစေချင်။ ခေါင့်အချစ်ဦး၊ အချစ်ဆုံးမှာ သိဟ်ဆိုသည့် သူပဲဖြစ်ချင်သည်။

ခေါင့်အတွက် ကားတံခါးကို ဖွင့်ပေးပိတ်ပေးပြီးမှ ကားလေးကို နေရာက မောင်းထွက်ခဲ့သည်။

ခေါင်ကို သူစကားတွေအများကြီး ပြောချင်နေပေမယ့် ဘယ်ကစပြောရမှန်းမသိ။ ဒါကိုပဲ သူ့ဘာသာသူ ရယ်ချင်နေ၏။ နှစ်ယောက်သားကြား ဒီလိုတိတ်ဆိတ်နေမှုကို သိဟ်မှာ မလိုလား။

"ခေါင်"

"ရှင်"

ထူးသံလေးနှင့်အတူ ခေါင့်အကြည့်တွေက သူ့ထံရောက်လာသည်။

"ကိုယ့်နောက် လိုက်လာရလို့ စိတ်ညစ်နေပြီလား"

"မဟုတ်ပါဘူး"



ခေါင့်စကားကြောင့် သူပြုံးလိုက်သည်။ သူ့အပြုံးကို ကြည့်ပြီး ခေါင် သူမသိချင်တာ မေးလိုက်၏။

"ဦးသိဟ် ဘာလို့ ခေါင့်ကို အခုလိုမေးတာလဲ"

"သိချင်လို့ပါဗျာ၊ ကိုယ့်ကြောင့် ခေါင် စိတ်ညစ်နေမှာ စိုးရိမ်လို့ပါ"

"ခေါင့်ပုံစံက ကိစ္စတစ်ခုကို အလွယ်တကူ စိတ်ညစ်တတ်တဲ့သူ ဖြစ်နေလို့လား"

ထိပ်ခေါင်တင်အသံက သူ့အမေးကို သဘောမကျသလို ခပ်ဆတ်ဆတ်လေး ဖြစ်နေတာကို သဘောကျပြီး…

"အဟွန်း…ဟွန်း၊ ဟုတ်ပါပြီဗျာ၊ ကိုယ်က ကိုယ့်ကြောင့် ထိပ်ခေါင်တင် အနှောင့်အယှက်ဖြစ်မှာ စိုးရိမ်တာပါ"

ခေါင် ဘာမှမပြော။ ကားမှန်ရှေ့တည့်တည့်ကိုသာ ကြည့်နေလိုက်သည်။

သိဟ်ကတော့ လှပသည့် ခေါင့်မျက်နှာလေးကိုကြည့်ပြီး ရင်ထဲ သိမ့်ခနဲဖြစ်သွားသည်။

သိပ်လှသည့် ခေါင့်မှာ သူ့အရင်ဦးသူရှိနှင့်နေပြီလားဆိုတာ သူသိချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်ကတော့ သိယ်ရင်ထဲက ဖြစ်ပေါ်နေသည့် ပူပင်စိုးရိမ်မှုတွေကို မသိ။

"ဘာတွေတွေးနေတာလဲ ခေါင်"

"ရှင်"

"သြော်...ခေါင် ဘာမှမပြောဘဲ ငြိမ်နေလို့ပါ"

"ဟင့်အင်း...ခေါင် ဘာမှမတွေးပါဘူး"

"ကိုယ့်ကိုခင်ရဲ့လား ခေါင်"

"ဟုတ်ကဲ့"

"ဟုတ်လို့လားကွာ"

"ရှင်"

"အဟွန်း...ခင်တဲ့လူကလည်း ကိုယ့်ကို ဘာစကားမှ မပြောပါလား"

"ခေါင်က ဘာပြောရမှာလဲ"

"တစ်ခုခုပေါ့၊ ဥပမာ ကိုယ်စိတ်ဝင်စားမယ့်စကားမျိုး"

ခေါင့်အကြည့်လေးတွေက သူ့ထံ ဖျတ်ခနဲရောက်လာသည်။

"ဦးသိယ် စိတ်ဝင်စားတဲ့ အကြောင်းအရာက ဘယ်လို



မျိုးလဲ"

"ခေါင်ကိုယ်တိုင်ကရော ဘယ်လိုအကြောင်းအရာတွေ စိတ်ဝင်စားတတ်လဲ"

"ဦးသိယ်နဲ့တူမှာ မဟုတ်ဘူးလို့ ထင်ပါတယ်"

"ဘာဖြစ်လို့ ကိုယ်နဲ့မတူဘူးလို့ ထင်ရတာလဲ"

"ခေါင်က ဦးသိယ်လို စီးပွားရေးကိစ္စတွေ စိတ်မဝင်စားဘူး၊ ခေါင် စိတ်ဝင်စားတာက စာအုပ်တွေ"

"စာဖတ်တာ ခေါင့်အကြိုက်ဆုံး ဝါသနာပဲ"

"တခြားဝါသနာလည်း ခေါင့်မှာ ရှိပါသေးတယ်ဗျာ"

"ဘာလဲဟင်"

"အိမ်မှုကိစ္စ ထမင်းချက်ဝါသနာပါတာ"

"အဟင်း...ဟင်း"

"ကိုယ်ကတော့ ကြိုက်တယ်"

"ရှင်"

"သြော်...ကိုယ်ပြောတာက ကိုယ်တိုင်က အစားအသောက် လက်ရာကောင်းကောင်းကို ကြိုက်တတ်တာဆိုတော့ ခေါင့်ဝါသနာကို သဘောကျတယ်လို့ ပြောတာ"

www.burmeseclassic.com





သူ့စကားကြောင့် ခေါင့်ရင်ထဲ ဘာလိုလို။

သူပြောသည့်စကားတွေက အနှောင့်အသွားမလွတ်။

ဘာကိုမှန်းမသိ ဒီစကားမျိုး သူပဲပြောတတ်သည်။

"ဦးသိဃ်"

"ဗျာ"

"ခေါင်မေးတာ မဖြေသေးဘူးနော်"

"ခေါင်က ဘာမေးတာလဲ"

"ဦးသိဃ်ရဲ့ စိတ်ဝင်စားမှု"

"အဟွန်း…ကိုယ်က စီးပွားရေးလုပ်ငန်းမှန်သမျှ အကုန် စိတ်ဝင်စားတယ်"

သူ့စကားကြောင့် ထိပ်ခေါင်တင် ပြုံးလိုက်သည်။ ခေါင့် အပြုံးကို မြင်သွားသော သိဃ်က…

"ဘာလို့ပြုံးတာလဲ"

"ဒါကြောင့် အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ဖြစ်နေ တာကို တွေးမိလို့ပါ"

"အဲဒါ အရင်တုန်းကပါ၊ အခု ကိုယ့်မှာ စီးပွားရေးအပြင် နောက်ထပ် စိတ်ဝင်စားစရာတစ်ခု ရှိလာပြီ"

"ဘာလဲဟင်"

ခေါင်မေးတာကို မဖြေဘဲ သိဃ် အသံထွက်၍ နှစ်ခြိုက်စွာ ရယ်မောလိုက်သည်။ ခေါင်ကတော့ ရယ်လိုက်မှ ပို၍ကြည့် ကောင်းသွားသော သူ့ကို ငေးခနဲ ကြည့်မိသွားသည်။

"ကိုယ်ပြောရင် ခေါင် မရယ်နဲ့နော်"

"ရှင်"

"ကိုယ့်ဘဝမှာ စီးပွားရေးကလွဲပြီး အရင်က တခြားဘာမှ မရှိဘူး၊ အခု ကိုယ့်ဘဝကို ဒီလိုအထီးကျန်ဘဝကြီးနဲ့ တစ်ယောက် တည်း မကုန်ဆုံးချင်တော့ဘူး၊ ကိုယ့်အတွက် မိသားစုဆိုတာ ရှိလာ ရမယ်၊ အဲဒီမိသားစုထဲမှာ ကိုယ်ချစ်တဲ့သူရော၊ ကိုယ့်သားသမီး တွေရောပေါ့၊ အဟွန်း…ကိုယ့်စကားတွေက သိပ်ပြီး စိတ်ကူးယဉ် ဆန်သွားပြီလား ခေါင်"

"ဟင့်အင်း…ဒါ လူသားတိုင်းဖြစ်သင့်ဖြစ်ထိုက်တဲ့ အနေအထားတစ်ခုပါ၊ စိတ်ကူးယဉ်ဆန်တာ မဟုတ်ပါဘူး"

ထိုစကားကို ခေါင် လေးလေးနက်နက် ပြောလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။

လူမှန်လျှင် ကိုယ်ချစ်သူ ခင်သူတွေနှင့် ပျော်ရွှင်စွာ နေရ ကြသည်မှာ မဆန်းပါ။

"သင့်ခံယူး ခေါင်၊ ကိုယ့်ခံစားချက်တွေကို နားလည်ပေး တဲ့အတွက်"

"ဦးသိဃ် လိုချင်တဲ့ မိသားစုဘဝလေးကို အမြန်ဆုံး ရပါစေလို့ ခေါင် ဆုတောင်းပါတယ်"

ခေါင့်စကားကြောင့် သူ့ရင်မှာ လှိုက်ခနဲ ခုန်သွားက ခေါင့်မျက်နှာလေးကို စိုက်ကြည့်လိုက်၏။

"ပေးတဲ့ဆု ပြည့်မယ်ထင်တာပဲ၊ ဘာကြောင့်လဲဆိုတော့ ကိုယ်ကိုယ်တိုင်လည်း ကိုယ်လိုချင်တဲ့ မိသားစုဘဝလေးကို သိပ်လို ချင်နေလို့လေ"

သိဃ် ထိုစကားကို ရင်ထဲကနေ လှိုက်လှဲစွာဆိုလိုက် သည်။

❖ ❖ ❖

## အခန်း (၅)

ဒီရက်တွေအတွင်းမှာ ခေါင် သိဃ်ကုမ္ပဏီကိစ္စတွေ၊ အိမ်ကိစ္စတွေ ကူညီရတာနှင့် မအားလပ်နိုင်အောင် ဖြစ်နေ၏။

အိပ်ချိန်မှလွဲ၍ ကျန်သည့်အချိန်များက သိဃ်နှင့်အတူ သွားလာကူညီနေရသဖြင့် လူချင်းလည်း အတော်ရင်းနှီးလာခဲ့ပါပြီ။ အဖေကိုယ်တိုင်က ဒီတာဝန်ကို ပေးထားသည့်အပြင် ခေါင်ကိုယ်တိုင်ကလည်း သိဃ် ဝယ်လိုက်သည့်အိမ်ကြီးကို အလှဆုံး၊ အကောင်းဆုံးဖြစ်စေချင်၍ ခေါင့်စိတ်ကြိုက် ပြင်ဆင်နေမိ၏။

ခုဆို သိဃ်ဝယ်လိုက်သော အိမ်ကြီးမှာ ပြီးလုနီးပါးရှိနေ ပြီ။

အားလုံးကို သိဃ်နှင့်တိုင်ပင်ကာ ခေါင့်ဘက်က

www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးဖြစ်အောင် လုပ်ပေးထားသည်။ ဒီကိစ္စဘက်မှာ သိယံက သိပ်နားမလည်သဖြင့် ခေါင့်စိတ်ကြိုက် လွှဲထားသည်။

ဒီနေ့လည်း ခေါင် အလုပ်က ပြန်ရောက်တာနှင့် ရေမိုးချိုး အနားယူမည်မှ မကြံသေး။

"ဒေါက်…ဒေါက်"

အပြင်မှ အခန်းတံခါးခေါက်သံကြောင့် အနားယူရန်ပြင်နေသော ခေါင် ခုတင်ပေါ်က လူးလဲထလိုက်ပြီး…

"ဘယ်သူလဲ"

"ကိုယ်ပါ ထိပ်ခေါင်တင်"

"ဟင်"

ခေါင် အံ့သြသွား၏။

သိယံ သူ ဘာကြောင့် ခေါင့်အခန်းရှေ့ကို ရောက်နေရတာလဲ။ စောစောကမှ ညစာစားပြီး လမ်းခွဲခဲ့သူလူနှစ်ယောက်၊ အနားယူပါတော့မည်ဆိုကာမှ သူက ခေါင့်အခန်းရှေ့ ရောက်နေသည်။

"ခေါင်"



"လာပါပြီ ဦးသိယံ"

"ရှပ်"

ဖျတ်ခနဲ တံခါးဖွင့်သံနှင့်အတူ အခန်းဝမှာပေါ်လာသည့် မျက်နှာလှလှလေးတစ်ခု။

"ဘာကိစ္စရှိလို့လဲ ဦးသိယံ"

အခြယ်အသမရှိ ဝင်းဝင်းပပနှင့် လှပနေသည့် ခေါင့်မျက်နှာရှင်းရှင်းလေးကို သိယံ ငေးခနဲ စိုက်ကြည့်လိုက်၏။

ခေါင်က ဘယ်လိုနေနေ အရမ်းလှပလွန်းသည်။ ခေါင့်ထံမှ အကြည့်များကို သိယံ ခက်ခဲစွာလွှဲယူလိုက်ရင်းက…

"ခေါင် မအိပ်သေးဘူးဆို ကိုယ်နဲ့အတူတူ အပြင်မှာ တစ်ခုခုလိုက်စားပါလား"

"ဆောရီးပဲ ဦးသိယံ၊ ဒီနေ့တော့ ခေါင်း အရမ်းပင်ပန်းနေပြီ"

"ဆောရီး၊ ကိုယ့်အတွက်နဲ့ ခေါင် ပင်ပန်းနေရပြီ"

"ရပါတယ်၊ ဦးသိယံအတွက်ပဲ ခေါင် ဒီလောက်တော့ လုပ်ပေးရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



''ခေါင် မနက်ဖြန် ကိုယ်နဲ့လိုက်နိုင်သေးရဲ့လား''

''လိုက်နိုင်ပါတယ်''

''အဟွတ်...ဟွတ်...ဆောရီး ဦးသိယ်''

ခေါင့်မျက်နှာလေး နီနေတာကြည့်ပြီး သိယ် လက်တစ်ဖက်က ခေါင့်နဖူးပြေပြေလေးရှိရာ ဖျတ်ခနဲ ရောက်လာ၍ ခေါင် ရှောင်ရန် အချိန်မရလိုက်ပါ။

''ကြည့်စမ်း ခေါင် ကိုယ်တွေပူနေပါလား၊ ခေါင်ဖျားနေတာ ကိုယ့်ကို ဘာလို့မပြောတာလဲ''

''နည်းနည်းပါ၊ ဆေးသောက်လိုက်ရင် ပျောက်သွားမှာပါ''

''မဟုတ်သေးပါဘူး ခေါင်ရယ်၊ ဒါကြောင့် ညစာကို ဘာတစ်ခုမှ ဟုတ်တိပတ်တိ မစားတာကို''

''ကိုယ် ဆေးခန်းလိုက်ပို့မယ်''

''ခေါင် မသွားချင်ဘူး ဦးသိယ်''

ဆေးခန်းကြောက်တတ်တာ မိန်းကလေးတွေသဘာဝ။ ဒါကို သိယ်သိ၍ ခေါင့်မျက်နှာလေးကို စိုက်ကြည့်လိုက်၏။



''ခေါင် ဆေးခန်းမသွားချင်ရင် ဆရာဝန် ခေါ်လိုက်မယ်''

''မဟုတ်တာရှင်၊ ခေါင့်ဘာသာ ဆေးသောက်လိုက်ပါ့မယ်၊ ဆရာဝန်ခေါ်ရလောက်အောင် ခေါင် အဖျားမကြီးသေးပါဘူး''

ခေါင်က သူ့ဘာပြောပြော လက်မခံ။

''ဒါဖြင့် ကိုယ်ဘာလုပ်ရမှာလဲ''

''အကောင်းဆုံးက ဦးသိယ် အေးအေးဆေးဆေး အနားယူပါ၊ ခေါင်လည်း ဆေးသောက်ပြီး အိပ်တော့မယ်''

''ဂွတ်နိုက် ဦးသိယ်''

''ဂွတ်နိုက်''

ခေါင်က သူ့ကိုနှုတ်ဆက်ပြီး သူမ အိပ်ခန်းတံခါးကိုပါ ဆွဲပိတ်သွားသဖြင့် သိယ် ဘာမှမတတ်နိုင်ဘဲ ဖြစ်သွားသည်။

ခေါင် အခုလိုဖြစ်ရတာ သူ့ကြောင့်ဆိုသည့် အတွေးနှင့် ခေါင့်အခန်းရှေ့မှာ ရပ်ပြီး တံခါးပိတ်၍ ငြိမ်သက်နေသော ခေါင့် အိပ်ခန်းလေးကို သူငေးကြည့်နေမိပြီးမှ သိယ် သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနောက် ခေါင့်မျက်နှာလေးကို တစ်ချက်စိုက်ကြည့်ပြီး

"ကောင်းပြီလေ၊ ဒါဆိုလည်း ထိပ်ခေါင်တင် အနားယူ လိုက်ပါ၊ ဂွတ်နိုက် ထိပ်ခေါင်တင်"

"ဂွတ်နိုက် ဦးသိဃ်"

သိဃ်မှ ထိပ်ခေါင်တင်အား နှုတ်ဆက်ကာ ထွက်လာ လိုက်သည်။ ရင်ထဲမှာတော့ ခေါင်နှင့်ပတ်သက်သည့် အတွေး က ကြီးစိုးလျက်။

❖ ❖ ❖

"ထိပ်ခေါင်တင်"

"ရှင်"

"ဘာတွေတွေးနေတာလဲ"

"သြော်…ဘာလိုလိုနဲ့ ဦးသိဃ်အိမ်အတွက် ခေါင်တို့ ပြင်ဆင်တာတွေ ပြီးတော့မယ်ဆိုတာ တွေးနေမိတာပါ"

"အဟွန်း…ဟုတ်တယ်နော်၊ ကိုယ့်မိတ်ဆွေတွေက ဆောင် ထိပ်ခေါင်တင် ပြင်ပေးထားတာတွေကို ကြည့်ပြီး ချီးကျူး နေကြတာ"

"ဒါ ခေါင့်စိတ်ထဲရှိတဲ့အတိုင်း ပြင်ဆင်ပေးလိုက်တာပါ၊ ဒီလိုချီးကျူးတယ်ဆိုတော့ ခေါင့်အတွက် အမောပြေရတာပေါ့"

ခေါင့်စကားကြောင့် သိဃ်မှာ အပြုံးတွေနှင့် ခေါင့်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လာပြီး…

"ခေါင်"

"ရှင်"

"ကိုယ့်ကုမ္ပဏီဖွင့်ရင် ခေါင် လာလုပ်ပါလား"

"ဘာဖြစ်လို့လဲ ဦးသိဃ်"

"အင်း…ထိပ်ခေါင်တင်လို ကုမ္ပဏီကိစ္စတွေ
ကျွမ်းကျင်တဲ့ လူတစ်ယောက်ရှိတာ ကိုယ့်အတွက် အားကိုးစရာ
မဟုတ်လား"

သိဃ်စကားကြောင့် ထိပ်ခေါင်တင်ထံမှ အကြည့်ရွေ
လေးတစ်ချက်က သူ့ထံရောက်ရှိလာ၍ သိဃ် ရင်တွေ ဒိတ်
ခုန်သွားသည်။

"ဦးသိဃ်ကို ကူညီချင်ပေမယ့် ခေါင် စဉ်းစားရဦးမ
ဘာဖြစ်လို့လဲဆိုတော့ ခေါင်က ဖေဖေ့ကုမ္ပဏီမှာ လုပ်နေတာ
တော့လေ"

"အန်ကယ့်ကို ကိုယ်ပြောမယ်ဆိုရင်ရော"

"ဟင်"



"ကိုယ့်ကုမ္ပဏီမှာ ထိပ်ခေါင်တင် လာလုပ်ဖို့ အန်ကယ့်ကို
ကိုယ်ပြောလို့ရမယ်ဆိုရင်ရော ထိပ်ခေါင်တင် ကိုယ့်ကုမ္ပဏီမှာ
…ကယ်လုပ်မှာလား"

ထိပ်ခေါင်တင် ကိုယ့်စကားနှင့်ကိုယ်မို့ ဘာပြောရမည်
…သိ၊ သူ့စကားက ခေါင် ငြင်းခွင့်မရှိအောင် တုပ်နှောင်နေပြီ။

ထိပ်ခေါင်တင်မှာ သူ့စကားအတွက် အခက်တွေ့သွားရ
…သာ မျက်နှာလေးနှင့်…

"ဟင့်အင်း…ခေါင် မသိဘူး"

"ဟောဗျာ"

"အဟွန်း…ဟွန်း…ဟွန်း"

ထိပ်ခေါင်တင်အဖြေကြောင့် သိဃ် ပြုံးလိုက်သည်။ ခေါင့်
…ဖြေကို သဘောကျ၍ပါ။ ဒါကိုပဲ သူချစ်မြတ်နိုးနေမိ၏။

ထိပ်ခေါင်တင် သူ့နှလုံးသားထဲ နေရာယူထားပြီးဆိုတာ
…ချာပါပြီ။ သိဃ် ခေါင့်ကို ချစ်မိနေပြီ။ အချစ်ဆိုသည့်အရာ
… သိဃ်နှလုံးသားတံခါးကို မခေါက်ဘဲ သူ့အလိုလို ဝင်ရောက်
…သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြူနုဝင်းစက်၍ ရွှေရုပ်လေးလို လှပသော ခေါင်က နိုးသားဖြူစင်လွန်းသည်။ ခေါင်၏ ဟန်ပန်အမူအရာ လှုပ်ရှားမှု လေးတွေက သိယံ နှလုံးသားထဲကို နက်ရှိုင်းစွာရောက်ခဲ့သည်၊

"ဦးသိယံ"

"ဘာလဲ ထိပ်ခေါင်တင်"

"ဦးသိယံ ခေါင် မေးတာမကြားဘူးလား"

"အင်း...ထိပ်ခေါင်တင် ဘာမေးလိုက်တာလဲ"

ခေါင့်အကြောင်း ရင်မှာ နင့်နင့်စူးစူး တွေးမိလိုက်ရုံနှင့် အရာအားလုံးကို မေ့သွားသည့် သူ့အဖြစ်ကို သဘောကျစွာ သိယံ ပြုံးလိုက်ပြီး ခေါင့်ထံ အကြည့်လေးများ ရောက်သွားချိန်မှာတော့

သူဘာယ်လိုမှ မျှော်လင့်မထားသည့် ခေါင့်ထံမှ လှပသော မျက်စောင်းလေးတစ်ချက်က သူ့ထံ ရောက်ရှိလာ၍ သူပျော်သွား၏။

"ခေါင်ပြောတာ မကြားရအောင် ဦးသိယံ ဘာတွေတွေး နေတာလဲ"

ခေါင့်စကားကို မကြားရပါ့မလားဆိုသည့် မကျေနပ်စိတ်



လေးနှင့် နှုတ်ခမ်းလေးစူကာ ထိပ်ခေါင်တင် ပြောတော့ သိယံ ပြုံးလိုက်ပြီး...

"ဘာမှမဟုတ်ရပါဘူးဗျာ၊ ကိုယ့်အလုပ်အကြောင်း တွေးစားမိတာပါ"

"သေချာလား"

"အဟွန်း...သေချာပါတယ်ကွ"

"ခေါင်ကတော့ မယုံပါဘူး"

"ဘာကိုမယုံတာလဲ"

"ကျန်ခဲ့တဲ့တစ်ယောက်ကို သတိရသွားလို့ မဟုတ်လား"

"အာ...အဟွန်း...ဟွန်း"

"ကိုယ့်မှာ ဘာတစ်ယောက်မှ မရှိပါဘူးဗျာ"

"အဲဒါတော့ ခေါင် ယုံပါ"

ခေါင်က ဘာမှမပြော။ မျက်နှာလှလှလေး ပြုံးပြီး ငြိမ်နေပုံကိုပဲ သိယံ အသည်းယားသွား၏။

"ကိုယ့်ကို ဘာပြုံးတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခေါင့်ဘာသာ ပြုံးတာပါနော်"

"ခေါင့်အပြုံးကို ကိုယ်သိတယ်"

"သိရင် ဘာတဲ့လဲ"

ချစ်စရာကောင်းအောင် လှနေသော ခေါင့်ကို ချစ်မြတ်နိုး စွာ စိုက်ကြည့်ရင်း သူ ပြုံးလိုက်၏။

"ခေါင့်အပြုံးက ကိုယ့်စကားကို မယုံဘူးတဲ့"

သိယ် စကားမှန်ပေမယ့် ခေါင် ဝန်မခံချင်ပါ။

"ဒါကတော့ ဦးသိယ်က လိပ်ပြာမလုံတာပါ"

"ဒါဖြင့် ခေါင်ပြုံးတာ အဲဒီအဓိပ္ပာယ်မဟုတ်ဘူးပေါ့"

"ဟုတ်ချင် ဟုတ်မှာပေါ့"

ခေါင့်အဖြေကို သူရယ်သည်။

"ဟုတ်တယ်၊ ခေါင်ပြောသလို ကိုယ်ချစ်တဲ့သူကို သတိရ သွားတာမှန်တယ်၊ ဒါပေမယ့် သူက ကိုယ်နဲ့အဝေးကြီးမှာ ကျန်ခဲ့ တဲ့သူ မဟုတ်ဘူး"

"ကိုယ့်အနား အခုရှိနေတာ"

"အို"



နက်ရှိုင်းလေးနက်လွန်းသည့် အကြည့်စူးတွေနှင့် ခေါင့်ကို စိုက်ကြည့်ပြီး ပြောလိုက်တာမို့ ခေါင့်ပါးလေးတွေ ဖြန်းခနဲ ထူပူ ရဲသွား၏။ တဒိတ်ဒိတ်နှင့် ဆောင့်ခုန်မြန်ဆန်လာသည့် ရင်ခုန်သံ တွေအောက်မှာ ထိပ်ခေါင်တင် ခေါင်းလေးကိုငုံ့လျက် သူ့အကြည့် တွေကို ရှောင်လွှဲလိုက်သည်။

သူ့အကြည့်တွေနှင့်ဆုံတိုင်း ခေါင် ရင်ခုန်သံမြန်နေ၏။

"ခေါင်"

"ရှင်"

"ခေါင့်မှာ ချစ်သူရှိလား"

"ဟင့်အင်း"

"သေချာတယ်နော်"

"အို...ခေါင်က ဦးသိယ်ကို ဘာကြောင့် လိမ်ညာနေရ မှာလဲ"

ခေါင့်စကားကို မယုံသလို ပြန်အမေးခံရသဖြင့် မခံချင် စိတ်လေးနှင့် သူ့ကို ခေါင့်လေသံက မာသွားပေမယ့် သူက ဂရုမစိုက်။

www.burmeseclassic.com

www.burmeseclassic.com



“ကျေးဇူးတင်ပါတယ် ခေါင်”

“ဘာကိုလဲ”

“ခေါင့်မှာ ချစ်သူမရှိတဲ့အတွက်”

“ဘာဆိုင်လို့လဲ”

“သြော်…ညကျရင် ကိုယ့်မိတ်ဆွေတစ်ယောက်ရဲ့ ဧည့်ခံပွဲသွားစရာရှိတယ်၊ ခေါင် ကိုယ်နဲ့အတူ လိုက်ပေးနိုင်မလား လိုက်ပေးပါလို့လည်း ကိုယ်တောင်းဆိုချင်တယ်”

“ဆောရီး၊ ခေါင် မလိုက်ချင်ဘူး ဦးသီဃ်”

“ဖွတ်အတင်းအကြပ် တောင်းဆိုပါရစေဆိုရင်ရော”

ခေါင်နှင့်သူ အကြည့်ချင်းဆုံသွား၏။

“မဖြစ်ပါဘူးရှင်၊ ခေါင် ဒီလိုပွဲမျိုး ဘယ်တုန်းကမှ မသွားဖူးဘူး”

“ကိုယ်က အကူအညီလိုလို့ဆိုရင်ရော၊ ခေါင်က မကူညီတော့ဘူးလား”

“တခြားအကူအညီဆိုရင်တော့”

“ခေါင် မလိုက်ချင်ရင် အန်ကယ့်ကို ကိုယ်ပြောလိုက်



ယ်၊ ကိုယ့်အတွက် ခေါင့်အကူအညီ မဖြစ်မနေလိုတဲ့အကြောင်း”

“ဖေဖေနဲ့ ဘာဆိုင်လို့လဲရှင်၊ ခေါင်က မလိုက်ချင်တာကို”

“ခေါင် မလိုက်ချင်လို့ လိုက်ချင်လာအောင် အန်ကယ့်ကို ပြောမှ ဖြစ်မှာမဟုတ်လား”

“ခေါင့်ကို စိတ်ညစ်အောင်မလုပ်ပါနဲ့”

သူက ခေါင့်ကို ပြုံးပြုံးစိုက်ကြည့်လာကာ…

“ကိုယ်လည်း စိတ်ညစ်တာပဲ ထိပ်ခေါင်တင်၊ ဒီပွဲက ရိုးရိုးပွဲမဟုတ်ဘူး၊ ကိုယ်ရင်းနှီးတဲ့ မိတ်ဆွေမိန်းကလေးနဲ့ နှစ်ယောက်တွဲတက်ရမယ့်ပွဲ၊ ခေါင်မလိုက်ရင် ကိုယ်တစ်ယောက်တည်း ဘယ်လိုလုပ်မလဲ”

“မသွားနဲ့ပေါ့”

“ဗျာ”

“အဟွန်း…ဟွန်း…ဟွန်း”

ရှင်းပြတ်သည့် ခေါင့်သဘောထားထဲမှာ ဘာတစ်ခုမှ ဟန်လုပ်တာမပါ။ ဒါကိုပဲ သီဃ် ချစ်စနိုးရယ်ဖြစ်သွား၏။ ခေါင့်

www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ တခြားမိန်းကလေးတစ်ယောက်ဆိုရင် ဒီလိုအခွင့်အရေး မျိုး ဘယ်သူမှ လက်လွှတ်ခံကြမှာမဟုတ်။

ခေါင်ကတော့ ဘယ်သူနဲ့မှမတူ။ သိဃ်နဲ့ နှစ်ယောက် အတူသွားရမည့် အရေးကိုပဲ စိတ်ရှုပ်ဝန်လေးနေဟန် အမူအရာ လေးကြောင့် သူမှာ ပိုရင်ခုန်ရသည်။

"ဒီပွဲဟာ ကိုယ့်အတွက် အရေးကြီးတဲ့ပွဲ ထိပ်ခေါင်တင် မသွားလို့မဖြစ်ဘူး"

ခေါင် ဘာလုပ်ရမည်နည်း။

သိဃ်ဆိုတာက ခေါင်တို့မိသားစုအတွက် ကျေးဇူးရှင်၊ သူကူညီလိုက်၍ ဖေဖေ့ကုမ္ပဏီမှာ အားလုံး အဆင်ပြေပြေနှင့် ချောချောမောမော ဖြစ်ခဲ့ရတာ။

ဒီလို ခေါင်တို့မိသားစုအပေါ် ကျေးဇူးတွေရှိခဲ့သည့် လူတစ်ယောက်ကို ခေါင့်ဘက်က သူတောင်းလာသည့် အကူအညီ ကို မပေးနိုင်ပါဟု ဆိုလိုက်လျှင် သူက ခေါင့်ဖေဖေကို သွားပြော တော့မည်။

သွားပြောလျှင် ဖေဖေ့အမိန့်နှင့် ခေါင် သူ့နောက်ကို



လိုက်ရတော့မည်။

"ခေါင်"

ရင်မောစိတ်ရှုပ်ထွေးမှုတွေနှင့် ထိပ်ခေါင်တင် သက်မ တစ်ချက်ချပြီး သူ့ကိုကြည့်သည်။

"သက်ပြင်းတွေ ချလို့ပါလား၊ ကြည့်ရတာ ကိုယ်တောင်းတဲ့အကူအညီက မင်းအတွက် ခက်ခဲနေပြီလား ထိပ်ခေါင်တင်"

"ခေါင် မလိုက်လို့မရဘူးလား"

"မရဘူး"

"တော်ကြာ ခေါင်တို့နှစ်ယောက်ကို လူတွေက တစ်မျိုး ထင်သွားရင်"

"ဘာဖြစ်လဲ၊ အဲဒီတော့ ထိပ်ခေါင်တင်ဆိုတာ ကိုယ့်ချစ်သူလို့ ပြောလိုက်မှာပေါ့"

"အို…ဟုတ်လည်းမဟုတ်ဘဲနဲ့"

"ဩော်…ကိုယ်က သဘောပြောတာပါဗျာ၊ ဘယ်သူမှ လည်း ကိုယ့်ကို ခေါင်က ကိုယ့်ချစ်သူလားလို့ မမေးပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



မေးလာရင်လည်း ခေါင်က ကိုယ့်မိတ်ဆွေလို့ ပြောပြလိုက်မယ်''

''ရှင့်ကြောင့် ခေါင် တစ်ခုခုဖြစ်ရင် ရှင့်တာဝန်နော်''

''အိုကေ''

''ခေါင်နဲ့ပတ်သက်ပြီး အားလုံး ကိုယ်တာဝန်ယူတယ်''

သူ့စကားက ဘာမှန်းမသိ။ ပြောပြီး သူ့ဘာသာသဘော ကျစွာ ရယ်နေတာကိုပဲ ခေါင့်မှာ မကျေမနပ် နှုတ်ခမ်းလေး တင်းတင်းစေ့လိုက်၏။

❖ ❖ ❖

## အခန်း (၆)

''ဘယ်လို မမသီဂီ၊ ခေါင်နဲ့ ဦးသိဃ်က မကြာခင် လက်ထပ်ကြတော့မှာ ဟုတ်လား''

''အေးလေ…အဲဒါဘာဖြစ်လို့လဲ''

မသီဂီစကားကြောင့် ထိပ်ခေါင်တင် ကိုယ့်နားကိုပင် မယုံနိုင်အောင် ဖြစ်သွားသည်။

ဘာတွေဖြစ်ကုန်ပြီလဲ။

ခေါင်နဲ့ ဦးသိဃ်ကို မကြာခင် လက်ထပ်ကြတော့မည် ဆိုသည့် သတင်းစကားက ပြန့်ကားလျက် လူတိုင်းသိနေပေမယ့် ဘာယက်ရှင် ခေါင်က အခုမှသိသူ။

''မမသီဂီကို ဒီကိစ္စ ဘယ်သူကများ ပြောလိုက်တာလဲ

www.burmeseclassic.com

www.burmeseclassic.com



မမသီဂီရယ်''

''လူတိုင်းသိပြီးသားကိစ္စပဲ ခေါင်ရယ်၊ ဘာအံ့သြနေတာ လဲ၊ ဘာလဲ ခေါင်က ဒီသတင်းကို ဖုက်ထားချင်သေးလို့လား''

''လုပ်မနေနဲ့ ခေါင်ရေ၊ မမသီဂီတို့က အားလုံးသိပြီးပြီ''

'မဟုတ်ဘူး၊ မဟုတ်ဘူး'ဟု ခေါင့်စိတ်ထဲမှာ ပြောနေ ပေမယ့် ထိုစကားတွေသည် အပြင်ကို ရောက်မလာခဲ့ပါ။

''မင်္ဂလာပွဲကြရင် ဒေဝီကို အပျိုရံလုပ်ခိုင်းမှာနော်၊ အဲဒါ တော့ အခုထဲက ကြိုပြောထားမယ်၊ ကဲ မမသီဂီသွားဦးမယ် ခေါင်ရေ''

''အို…မဟုတ်ဘူး''

မမသီဂီက ခေါင့်စကားကို ဂရုမစိုက်။ သူမကားလေး ပေါ်တက်ပြီး ရယ်ရယ်မောမော လက်ကလေးပြပြီး မောင်းထွက် သွားသဖြင့် ခေါင့်မှာသာ မချင့်မရဲဖြစ်ကျန်ခဲ့သည်။

လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ။ ခေါင်နဲ့ ဦးသိဃ်တို့ လက်ထပ်မည့်သတင်းစကားကို ဘယ်သူများ ဖြန့်ဝေလိုက်တာလဲ ခေါင်လည်း မသိ။ ဒီအဖြစ်က ဘယ်လိုမှ လိုက်ရှင်းပြလို့ရတာ



သည်းမဟုတ်။ ပြီးတော့ ခေါင်က မိန်းမသား။ စကားတွေက ဆိပ်ခေါင်တင်အတွက် ငြင်းရန်မဖြစ်တော့သည့် အခြေအနေ။

မမသီဂီကိုယ်တိုင် ခေါင်ပြောတာကို မယုံ။ ဒီကိစ္စကို ခေါင် ဘယ်လိုမှ မဖြေရှင်းတတ်။ ဒီသတင်း ဘယ်ကဘယ်လို ဖြန့်မှန်းလဲမသိ။ ဦးသိဃ်ရော ဒီအကြောင်းတွေ ကြားပြီပြီလား။ ကြားရသေးလို့ ဒီအတိုင်း သူ့အလုပ် သူ ပုံမှန်သွားလာမပျက် ရှိနေတာလည်း ဖြစ်နိုင်သည်။

ဒီကိစ္စကို ခေါင် သူ့ကို ပြောပြမှဖြစ်မည်။ နစ်နာရသူက ဦးသိဃ်မဟုတ်။ မိန်းမသားဖြစ်သည့် ခေါင်သာ။

ဒီသတင်းတွေ ဘယ်လိုဖြစ်လာသလဲ ခေါင် တွေးသည်။ အဖြေက ရှာမတွေ့။ လူတွေက ခေါင်တို့အိမ်မှာ ဦးသိဃ်နေတာ ကို တစ်မျိုးထင်ကြတာလား မပြောတတ်။ အများအမြင်မှာ ခေါင်တို့နှစ်ယောက် တတွဲတွဲဖြစ်နေတာ မြင်နေရတာလည်း ခေါင့် အပြစ်ဖြစ်သည်။ ဒီကြားထဲ သူနဲ့ ခေါင်တွဲပြီး ညှိခံပွဲ အတူတက် ခဲ့ရသေးသည်။

ဒီနောက်ပိုင်း အခုလို ဦးသိဃ်နှင့်ခေါင်တို့ သတင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ဤမျှကျယ်ပြန့်စွာ ချဲ့ကားနေရာယူသွားခြင်းဖြစ်သည်။

အချစ်ရေးနှင့်ပတ်သက်လာလျှင် အတွေ့အကြုံမရှိသေးသည့် ဖြူစင်နုနယ်သော မိန်းကလေးတစ်ယောက်အတွက် 'အချစ်' ဆိုသည့်စကားကိုလည်း ခေါင် တန်ဖိုးထားသည်။

ခေါင်နှင့် ဦးသိယံဆိုတာ ချစ်သူတွေလည်းမဟုတ်။ လက်ထပ်ဖို့ဆိုတာက ဟိုအဝေးကြီးမှာ။ ဒါတွေကို ဘယ်သူ့ရှင်းပြရမှန်းမသိ။ အချစ်ဆိုတာ ဘယ်လိုအရာမှန်းမသိပေမယ့် ခေါင့်ဘဝနဲ့ရင်းပြီး တန်ဖိုးထားသည်။ မလိုအပ်ဘဲ ပြန့်ကားနေသည့် ခေါင်တို့သတင်းစကားတွေကို ဖေဖေသိလျှင် ခေါင်ပဲ အရှက်ရမှာ သေချာသည်။

နောက်ဆုံးတော့ ခေါင် ဦးသိယံနှင့် နှစ်ယောက်ထဲ စကားပြောရန် ဆုံးဖြတ်လိုက်သည်။ သူ့ကုမ္ပဏီကို ဖုန်းဆက်တော့ မရှိ။ သူ့ဖုန်းကိုလည်း ပိတ်ထားသဖြင့် ဘာမှပြောခွင့်မရ။

သူ ပြန်သည့်အချိန်ထိစောင့်ရင်း အချိန်တို့ ကုန်မှန်းမသိ ကုန်သွား၏။ ဖေဖေကတော့ ညစာကိုပင် မစားဘဲ နေသိပ်မကောင်းဟုဆိုကာ စောစောစီးစီး အိပ်ခန်းထဲ ဝင်သွားသည်။ ဒေါ်သိန်းသာ



ဖော်ကောင်မလေးကို စီစဥ်ညွှန်ကြားရင်း မီးဖိုးဆောင်တစ်ခုလုံး ရှင်းရေးလုပ်နေသည်။

"တိ"

ဟော သူ ပြန်လာပြီ။ ကားပေါ်ကဆင်းပြီး ခြံတံခါးကို ကိုယ်တိုင် ဖွင့်နေသည့် ဦးသိယံကိုကြည့်ပြီး ခေါင့်ရင်တွေ ခုန်နေ၏။

ခေါင်ကတော့ သူ့ကို ကျေးဇူးရှင်တစ်ယောက်အနေနှင့် ထင်တွေကြီး ကျေးဇူးတွေတင်ပြီး သူ့ကို ဖေဖေ့ဆန္ဒအတိုင်း တတ်နိုင်သမျှ ကူညီလိုက်လျောခဲ့သည်။ အခု ခေါင့်ကို သူနှင့် တွေက အထင်လွဲနေသည်။ ဒီစကားကြားပြီးကတည်းက ခေါင့် ရင်ထဲ နေဆယ်စင်းလို ပူနေသည်။ ဦးသိယံကတော့ ခေါင့်အပူကို သိ။

ခြံထဲမှာ တစ်ယောက်တည်း လမ်းလျှောက်နေသော ထိပ် ခေါင်တင်နား သူ့ကားလေး ထိုးရပ်ပြီး ကားပေါ်ကဆင်းလာသည်။

"တစ်ယောက်တည်း ခြံထဲဆင်းပြီး လမ်းလျှောက်နေတာ ခေါင်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ခေါင် ခေါင်းလေးညိတ်ရင်း နီးကပ်စွာ ရပ်နေသ[ော] သိဃ်မျက်နှာချောချောကို မော့ကြည့်သည်။ ရင်ထဲမှာ ပြော[...] စကားတွေ ပြည့်နေပေမယ့် ဘယ်ကစပြောရမှန်းမသိ။ သူ[...] အကြည့်ချင်းအဆုံမှာ ရင်ထဲက မတင်မကျခံစားမှုတွေနှင့် အကြ[...] ကို လွှဲလိုက်၏။

"ခေါင့်ကိုကြည့်ရတာ တစ်မျိုးပဲ၊ နေကောင်းရဲ့[...] ခေါင်"

"လူကတော့ နေကောင်းပါတယ်"

ခေါင့်အဖြေစကားကြောင့် သိဃ် ပြုံးလျက် ခေါင့်မျက်[...] လေးကို စိုက်ကြည့်လိုက်၏။

"လူက နေကောင်းတယ်ဆိုတော့ စိတ်က နေမကော[...] ဘူးပေါ့ ဟုတ်လား၊ အန်ကယ်ရော"

"ဖေဖေ နေမကောင်းလို့ အိပ်နေပြီ"

"သြော် ဒါကြောင့်ကိုး"

သိဃ်က သူ့အတွေးနှင့်သူ ခေါင် တစ်မျိုးလေးဖြစ်[...]



[...] ခေါင့်ဖေဖေကြောင့်ဟု ထင်သည်။

"အားမငယ်ပါနဲ့ ခေါင်ရယ်၊ ခေါင့်နားမှာ ကိုယ်ရှိပါ[...]ယ်၊ အန်ကယ် တစ်ခုခုဖြစ်"

"ဖေဖေက ဘာမှမဖြစ်ဘူးရှင့်"

"ဖြစ်နေတာက ခေါင်"

"ဗျာ"

သူ့အကြည့်တွေက ခေါင့်ထံ စူးရှစွာ ရောက်လာသည်။ [...]င်ကလည်း မျက်နှာမလွှဲဘဲ သိဃ်မျက်နှာကို ပြန်ကြည့်သည်။

"ခေါင် ဘာဖြစ်လို့လဲ၊ ကိုယ့်ကိုများ စိတ်ဆိုးနေတာ[...]ား"

ဒီလိုကြပြန်တော့လည်း ဦးသိဃ်အမေးကို ခေါင် မဖြေ[...]တ်။

သိဃ်အကြည့်တွေ ခေါင့်ထံ ပို၍ လေးနက်စွာ ရောက်လာ[...]သည်။

"ကိုယ်မေးတာ ဖြေပါဦး ခေါင်၊ ခေါင် အခု ဘာဖြစ်[...]တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခေါင်·စိတ်ညစ်တယ်"

"စိတ်ညစ်တယ် ဟုတ်လား၊ ခေါင် စိတ်ညစ်တာ ကိုယ့်ကြောင့်လား"

"ဟုတ်တယ်၊ ရှင့်ကြောင့်၊ လူတွေက အခု ရှင်နဲ့ ခေါင့်ကို ဘယ်လိုပြောလို့နေကြပြီလဲဆိုတာ ရှင် သိလား"

"သိတယ်"

"ဟင်"

"အဲဒီအတွက် ခေါင် စိတ်ညစ်နေတာဆိုရင်တော့ ခေါင် စိတ်မညစ်ပါနဲ့"

"ဘယ်လို ဦးသိဃ်"

"ကိုယ် ခေါင့်ကို လက်ထပ်ပါရစေ"

"ရှင်"

အကြည့်နှစ်ခု အားပြင်းစွာ ဆုံစည်းသွားသည်။

"ကိုယ် ခေါင့်ကိုချစ်တယ်"

"အို"

"ကိုယ့်ကို ပြန်ချစ်နိုင်မလားဟင်"



"ခေါင်သာကိုယ့်အချစ်မေတ္တာကို လက်ခံရင် ကမ္ဘာပေါ်မှာ အပျော်ဆုံးလူဟာ ကိုယ်ပဲဖြစ်မှာပါ ခေါင်"

"ခေါင်"

ခေါင်မထူး။

သူ့မျက်နှာကိုလည်း မော့မကြည့်။ မမျှော်လင့်ဘဲ ခေါင့်ထံမှ ချစ်မေတ္တာတောင်းခံခြင်းနဲ့အတူ ခေါင့်ကိုပါ လက်ထပ်ခွင့်တောင်းလာသူကြောင့် ခေါင့်မှာ အသက်ရှူမှားမတတ်။ ရင်ခုန်သံတွေ ဆူညံလျက်။

"ခေါင် သွားတော့မယ်"

"ခေါင်"

"အို ခေါင့်လက်ကို လွှတ်ပါ"

သိဃ်က ခေါင့်လက်လေးကို မလွှတ်။ ပို၍ တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး ခေါင့်ကိုယ်လေးကို သူ့ဘက်ဆွဲယူလိုက်၏။

"ကိုယ့်ကို ဘယ်တော့ ပြန်ချစ်မှာလဲ ခေါင်၊ ပြောပါဦး"

"ခေါင် မသိဘူး"

ခေါင့်အဖြေစကားက ကလေးလေးနှင့်တူသဖြင့် သိဃ်

www.burmeseclassic.com

www.burmeseclassic.com



ချစ်မြတ်နိုးစွာ ခေါင့်မျက်နှာလေးကို စိုက်ကြည့်လိုက်၏။

"မသိလို့ မရတော့ဘူး၊ ထိပ်ခေါင်တင်၊ မင်းအချစ်ကိုမှ မရရင် ကိုယ် ရူးမယ်ထင်တယ်"

"ခေါင့်ကို အဲဒီလောက်အထိ ကိုယ်ချစ်နေတာ ခေါင် သိလား"

ခေါင် မသိပါ။ ပြီးတော့ သူ့ပြောစကားတွေကိုလည်း ခေါင် မယုံချင်။ ခေါင့်ကို သူ အဲဒီလောက် ချစ်နေလိမ့်မယ်လို့လည်း ခေါင် မထင်ခဲ့။ သူ့အကြည့်နွေးနွေးတွေ အောက်မှာ ရင်ခုန်သံတွေမြန်လျက် သူနှင့်ဝေးရာကို ခေါင် ပြေးချင်နေသည်။

"ခေါင်"

"အို ခေါင်ကို လွှတ်ပါ"

"ဟင့်အင်း ခေါင့်ကို ချစ်တယ်"

"ဦးသိုင်း"

"အို"

ပါးလေးတွေ နွေးသွားသည်။ ဖျော့တော့သင်းမွှေးသော ကိုယ်သင်းနံ့ကြားမှာ ခေါင် မူးမိုက်မတတ်ရှိနေခိုက်မှာပင် ဦးသိုင်းမျက်နှာချောချောက ခေါင့်မျက်နှာလှလှလေးထက် ညင်သာစွာ ငုံမိုးဖိကပ်လာသဖြင့် ရှောင်တိမ်းချိန်မရလိုက်။

"ချစ်တယ် ခေါင်ရယ်"

ပတ်ဝန်းကျင်က တိတ်ဆိတ်နေလျက် ဆိတ်ဖလူးပန်းရနံ့တို့က မွှေးပျံ့သင်းထုံလျက်။ ခေါင် ဦးသိုင်းရင်ခွင်ထဲ နစ်နေပြီး ခိုမှီရှုတသော အနမ်းနွေးနွေးအောက်များအောက်မှာ ဆိုရန်စကားတို့ ပျောက်ဆုံးလျက်။ တင်းကျပ်သော နှောင်ဖွဲ့မှုအောက် ခေါင် အသက်ရှူမရအောင် ဖြစ်နေ၏။

"ကိုယ့်ကိုချစ်လား ခေါင်"

"ချစ်တယ်လို့ပြောပါ ခေါင်ရယ်၊ ကိုယ်လေ ခေါင်နဲ့ အကြည့်ချင်းဆုံခဲ့ရတဲ့ နေ့ထဲက တစ်နေ့ ကိုယ်ချစ်တဲ့ချစ်သူဟာ ခေါင်ပဲ ဖြစ်မယ်လို့ သိပြီးသားပါဗျာ"

"ခေါင်ရော ကိုယ့်လိုပဲ မခံစားခဲ့ရဘူးလား၊ ကိုယ်တို့ ပထမဆုံး စတွေ့ခဲ့တဲ့နေ့လေ၊ ခေါင် မှတ်မိလား"

မှတ်မိပါသည်။ သူနဲ့ခေါင် အကြည့်ချင်းဆုံခဲ့ရသည့်အခိုက်အတန့်လေးမှာ ခေါင် အနေရခက်စွာ ရှက်လန့်ခဲ့ရသည့် အဖြစ်လေး

www.burmeseclassic.com

www.burmeseclassic.com



တွေ။ ထိုစဉ်ထဲက ခေါင်ရင်ခုန်ခဲ့ရသည်။ ဒါဟာ အချစ်ဆိုရင်တော့ ဦးသိဃ်ကို ခေါင် ချစ်မိပြီဟုဆိုရမည်။

"ခေါင်"

"ခေါင် စဉ်းစားပါရစေဦးရှင်"

"ခေါင်က ဘာကို စဉ်းစားမှာလဲ"

ခေါင် မဖြေ။ သူ့ရင်ခွင်ထဲကသာ ခေါင့်ကိုယ်လေး ရုန်းထွက်လိုက်ပေမယ့် သူကမလွှတ်။

"ခေါင့်ကို လွှတ်ပါ ဦးသိဃ်"

"ကိုယ့်ကို ခေါင် မချစ်ဘူးလား"

သူက မလွှတ်ပဲ မေးနေပေမယ့် ခေါင် မဖြေပဲ သူ့လ တွေကိုသာ ခေါင့်ကိုယ်လေးပေါ်က ဖယ်ရှားလိုက်၏။

"ချစ်တယ်ဆိုတာ လွယ်ပါတယ် ဦးသိဃ်"

"မလွယ်တာက တစ်ယောက်အပေါ် တစ်ယော သစ္စာရှိဖို့ပါ"

ထိပ်ခေါင်တင်ကို ချစ်မြတ်နိုးသော မျက်ဝန်းများဖြ စိုက်ကြည့်ရင်း သိဃ် ကြည်နူးစွာပြုံးသည်။



"ကိုယ့်ကို ခေါင် မယုံဘူးပေါ့"

"ပြောင်းလဲတတ်တဲ့ လူ့သဘောကိုသာ ခေါင် မယုံတာပါရှင်"

"ခေါင့်အပေါ်မှာ သစ္စာအမြဲတည်မယ့် သူ့ပါဗျာ၊ မယုံရင် ပေါင်းကြည့်ပါလား ခေါင်"

"ခေါင့်ကို ကိုယ် တကယ်ချစ်တာ၊ ကိုယ့်ဘဝမှာ ဘယ်တုန်းကမှ မချစ်ဖူးတဲ့အချစ်နဲ့ ချစ်ခဲ့တာကို ခေါင် ယုံမှဖြစ်မယ်"

"ကိုယ်တို့ လက်ထပ်ကြမယ်နော် ခေါင်"

"ခေါင် ခေါင်းညိတ်လိုက်တော့ကွာ"

ဦးသိဃ် ပြောသလို ခေါင် ခေါင်းမညိတ်ပါ။

"ခေါင် စဉ်းစားဦးမယ်လို့ ပြောပြီးပြီပဲ"

"လက်ထပ်ဖို့လား၊ ချစ်တယ်လို့ ပြောဖို့လား"

"နှစ်ခုစလုံးပဲ၊ ခေါင် သွားတော့မယ်"

"မသွားရဘူး"

"အို"

www.burmeseclassic.com

www.burmeseclassic.com



သူ့နားက ဖြုတ်ခံရ ပြုတ်ထွက်သွားသော ခေါင်လက်လေး တစ်ဖက်ကို ဆောင့်ဆွဲယူလိုက်သည့်အရှိန်ကြောင့် ခေါင့်ကိုယ်လေး မထိန်းနိုင်ဘဲ ဦးသိယ်ရင်ခွင်ထဲ ထွေးခနဲရောက်သွား၏။

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ ဦးသိယ်"

"အသည်းယားလို့"

"ရှင်နော်"

"ချစ်တယ်"

"ဟာ"

"ကိုယ်ကတော့ ခေါင့်ကို မြင်မြင်ချင်း ချစ်ခဲ့တာဆို တော့"

"အို ဦးသိယ်"

ရင်ခုန်သံတွေ ရှက်စိတ်တွေနှင့် ရောထွေးလျက် လူက မှိန်းကြပ်သွားသည်။ သိယ်က ညအမှောင်အားကိုးဖြင့် ခေါင့်အပေါ် မှာ သူ့စိတ်ကြိုက် ချစ်အနမ်းတွေ ကျဲဖြန့်သီကုံးလျက် ချစ်စကား တွေ တွင်တွင်ဆိုနေသဖြင့် ခေါင်မှာ ရင်ခုန်သံတွေ ဆူညံနေသည်။

"ထိပ်ခေါင်တင်ရယ် သိပ်ချစ်တယ်"



ပူတွေးတင်းကျပ်တဲ့ လက်တွေက အေးစက်နေသည့် ခေါင့်လက်လေးတွေကို လာရောက်ဆုပ်ကိုင်သည်။

ရင်ခုန်သံတွေ တဒိတ်ဒိတ်နှင့် အဆမတန် မြန်ဆန်လာ သည်။

"ဟင့်အင်း ရှင့်ကို ခေါင် မုန်းမိတော့မယ်နော် ဦးသိယ်"

"တကယ် မုန်းမယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်"

အပြုံးတွေနှင့် စူးရှစွာ ကြည့်နေသူထံမှ တိုးဖွဖွစွာရယ်မောသံ ခပ်သဲ့သဲ့ကြားလိုက်ရ၍ ရင်မှာ တစ်ကြိမ်တစ်ခါမှ မခံစားဖူးသည့် ခံစားမှုတွေ သူ့ကြောင့် ခေါင့်ရင်မှာ ဖြစ်ပေါ်နေ၏။

ဒါဟာ အချစ်ဆိုရင်ဖြင့်။

ထိပ်ခေါင်တင် သူမ၏ ရင်ခုန်သံတွေကို သူမ ပြန်၍ ထိတ်လန့်လာသည်။

ဒီနောက်မှာတော့ အစိုးမရနိုင်သည့် ရင်ခုန်သံစည်းချက် များ။

"ထိပ်ခေါင်တင်"

www.burmeseclassic.com

www.burmeseclassic.com



"အို ဟင့်အင်း"

ငြင်းဆန်ခွင့်စကားလေးတွေ ပျောက်ကွယ်သွားသလို ထိပ်ခေါင်တင် ကိုယ်လေးသည်လည်း သိုင်း ရင်ခွင်ကြီးထဲသို့ လုံးလုံးရောက်ရှိသွားသည်။

"ကိုယ့်ကို အဖြေပေးပါလား ထိပ်ခေါင်တင်၊ ထိပ်ခေါင်တင်ကို ကိုယ် တကယ်ချစ်တာပါ"

နဖူးပေါ် ဖျတ်ခနဲ ကျရောက်လာသည့် အနမ်းတစ်ချက်နှင့် အတူ ခေါင့်ထံမှ အဖြေကို တောင်းနေသည့် သိုင်း စကားကြောင့် ထိပ်ခေါင်တင် ရှက်စိတ်တွေနှင့် သူ့ရင်ခွင်ထဲက ခေါင့်ကိုယ်လေးကို ရုန်းထွက်ပစ်လိုက်သည်။

"မရုန်းပါနဲ့ ထိပ်ခေါင်တင်၊ မင်း ကိုယ့်ကို"

"ကဲဟယ်"

"အ"

သူ့ထံမှ ခပ်အုပ်အုပ် အော်သံနှင့်အတူ တင်းကျပ်နေသော နှောင်ဖွဲ့မှုတို့ လျော့သွားသည်နှင့် ခေါင် သူ့မကိုယ်လေးကို သူ့ရင်ခွင်ထဲက ရုန်းပြီး နေရာက ချာခနဲ လှည့်ပြေးခဲ့သည်။



"ခေါင်"

နောက်ပါးဆီမှ သူ့ခေါ်သံကို ကြားပေမယ့် ခေါင်လှည့်မကြည့်။ သူ့ထံမှ ရယ်သံက ခေါင့်နောက်ပါးမှာ လေနှင့်အတူ လွင့်လိုက်လာ၍ ခေါင့်ပါးလေးတွေ ဆေးမကူဘဲ ရဲရဲနီနေလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

"ခေါင်ရယ်"

လှစ်ခနဲ ပျောက်သွားသည့် အရိပ်လေးကြောင့် သိုင်း ခေါင့်ကို ချစ်မြတ်နိုးစွာ ပြုံးလိုက်သည်။ ခေါင့်ကို ချစ်ရေးဆိုပြီးထဲက တစ်အိမ်ထဲ အတူနေပါလျက် ခေါင့်မျက်နှာလှလှလေးကို မမြင်မတွေ့ရတော့သလို ခေါင့်အသံ ခေါင့်အရိပ်လေးများကိုပါ မတွေ့ရတော့ပါ။

ခေါင် သူ့ကို တမင်ရှောင်ပုန်းနေကြောင်း သူ့ကိုမြင်တာနှင့် ရိပ်ခနဲ ကွယ်ပျောက်သွားသည့် အရိပ်လေးကြောင့် သိခွင့်ရလိုက်ပါသည်။ ခေါင့်အတွက် တစ်ခု ကံဆိုးသည်က ခေါင် ပုန်း လိုက်သည့် အပေါ်ထပ် လေသာဆောင်နားမှာ သူနှင့် ခေါင်ကလွဲပြီး တခြား ဘယ်သူမှ မရှိခြင်းဖြစ်သည်။ သူ ခေါင် ပုန်း

www.burmeseclassic.com

www.burmeseclassic.com



နေသည့် နေရာသို့ လျှောက်ခဲ့သည်။

"ထိပ်ခေါင်တင်"

ခေါ်သံနှင့်အတူ ခေါင့်ရှေ့ရောက်လာသူကြောင့် ခေါ်
စိတ်ညစ်သွားသည်။ မတွေ့အောင် ပုန်းနေပါသည်ဆိုမှ ခေါင့်ရှေ့
သူ ရောက်လာ၏။

"ခေါင်"

"ခေါင် သွားတော့မယ်"

သိဃ်း ဘာမှမပြောရသေး။

ခေါင်က သူ့ကိုကွေ့ရှောင်ပြီး ထွက်သွားရန်ပြင်နေသ
ခေါင် သွားမည့်လမ်းကို သိဃ်း ပိတ်ရပ်လိုက်၏။

"ရှင် ဘာလုပ်တာလဲ၊ ခေါင့်ရှေ့ ဖယ်ပါ"

"တစ်ပတ်တိတိရှိသွားပြီ ခေါင်"

"အဲဒါ ဘာဖြစ်လဲ"

"ချစ်တယ်"

"ရှင်နော်"

"လွမ်းနေပြီ ခေါင်ရယ်၊ ကိုယ့်ကို ဘယ်အထိ နှိပ်စ





ဘာဦးမှာလဲ"

"ရှင့်ကို ခေါင်က ဘာ နှိပ်စက်လို့လဲ"

"မျက်နှာလေးတောင် မြင်ခွင့်မပေးတာကရော ဘာလဲ"

"ဘာဖြစ်ဖြစ်ရှင်"

"ဟင့်အင်း ကိုယ်ကတော့ ဒါပဲ ဖြစ်ချင်တယ်"

"အိုး"

ချစ်စကားတွေဆိုလျက် ခေါင့်မျက်နှာလေးထက် ငိုက်ကျ
လာသော သူ့မျက်နှာကိုလည်း ထိပ်ခေါင်တင် မရှောင်နိုင်တော့ပါ။

ရှိုက်မောဖွယ်ကောင်းသည့် သူ့ချစ်စကားတွေအောက်တွင်
ထိပ်ခေါင်တင်ကိုယ်လေးမှာ မလှုပ်သာ မလူးသာနှင့်ပင် သူ့အား
ချစ်အဖြေပေးလိုက်ရပါတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ထိပ်ခေါင်တင်ဘဝမှာ မေမေ့ကို ဒါ ပထမဆုံးအပြင်းထန် ဆုံး သတိရတောင့်တမိတဲ့ အချိန်တစ်ခုဖြစ်သည်။

မိတဆိုးသမီးအဖြစ် ကြီးပြင်းရှင်သန်ခဲ့ရသော ခေါင့်ဘေး မှာ အခုချိန် မေမေသာ ခေါင်နဲ့အတူ ရှိနေခဲ့မည်ဆိုလျှင် ခေါင့်ရင် ထဲက ခံစားချက်တွေကို မေမေ့ကို ခေါင် ဖွင့်ပြောမိမှာ သေချာ သည်။

အခုတော့ ခေါင်တစ်ယောက်တည်း ခံစားချက်တွေကို ဒိုင်ယာရီစာအုပ်လေးထဲမှာသာ ရင်ဖွင့်နေမိ၏။ ခေါင့်ဘဝအတွက် ပထမဆုံး အချစ်ဦး။ အချစ်ဆုံး သည်းဦးပန်းဖြစ်ခဲ့ရသူက ဦးသိန်း ဆိုသည့် ချစ်သူတစ်ယောက်ထဲရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသိဃ်ကို ခေါင် ချစ်သည်။

ချစ်သူနှင့် လက်ထပ်မည့်သူ တစ်ယောက်ထဲသာ ဖြစ်ရ မည်ဆိုသော ခေါင့်စိတ်ကူးက လက်တွေ့ဘဝမှာ တစ်ထပ်တည်းဖြ ခွင့်ရ၍ ခေါင့်လောက် ပျော်မည့်သူမရှိ။ ဦးသိဃ်ကိုယ်တိုင်ကလည်း ခေါင်မှခေါင်။ တစ်ချိန်လုံး ခေါင့်ကို ချစ်ကြောင်း မြတ်နိုးကြောင်း တွေ ပြောနေပေမယ့် ခေါင်ကိုယ်တိုင် နားထောင်လို့မဝ။

ဦးသိဃ်နှင့် လက်ထပ်ဖို့ကိစ္စကိုလည်း ခေါင်သဘောတူ ခေါင်းညိတ်ခဲ့သည်။ ခေါင်နှင့် ဦးသိဃ်လက်ထပ်လျှင် ဖေဖေ လည်း ကန့်ကွက်မည်မထင်။

ခေါင်နှင့်ဦးသိဃ်ကို သဘောတူကြည်ဖြူလိမ့်မည်ဟု ထင်ခဲ့သည်။ ထင်သည့်အတိုင်း ဖေဖေ့ကို ဦးသိဃ် ဖွင့်ပြောပြီး ခေါင့်ကို လက်ထပ်ခွင့်တောင်းတော့ ဖေဖေက ကျေနပ်ကြည်ဖြူ သဖြင့် ချစ်သူနှစ်ယောက်စလုံး ပျော်မဆုံး။

ထိပ်ခေါင်တင်ကိုယ်တိုင်ကလည်း သူ့ရင်ခွင်ကျယ်ကြီးထဲ မှာ ပါးပြင်အသာအပ်။ သူ၏ နူးညံ့သိမ့်မွေ့သော ရင်ခုန်ဖွယ် ချစ်စကားတွေကို နားထောင်ရသည့်အဖြစ်ကိုလည်း သူမကိုယ်တိုင်



ကျေနပ်ခဲ့သည်။

နှစ်ယောက်သား နားလည်မှုချစ်ခြင်းတွေနှင့် တည်ဆောက် သည့် သူတို့နှစ်ယောက်၏ ချစ်ကမ္ဘာလေးက နှလုံးသား၏ နက်ရှိုင်းဆုံး တစ်နေရာတွင် ကိုယ်စီရှိနေရသလို။

ဒီအဖြစ်ကို သိဃ်ရော ခေါင်ပါ ငြင်း၍မရပါ။ ယခုလည်း ချစ်ခြင်းတွေ ပြည့်နေသည့် သူ့ရင်ခွင်ထဲမှာ ခေါင့်မျက်နှာလေး အပ်လျက်က ချစ်သူ၏ ချစ်စကားသံတွေကို အပြုံးလေးနှင့် နားထောင်နေသည်။

သိဃ်မှာ သူ့ရင်ခွင်ထဲတွင် ငြိမ်သက်နေသည့် ထိပ်ခေါင် တင်ကိုယ်လေးကို မချင့်မရဲစိတ်နှင့် ဖျစ်ညှစ်လိုက်ပြီး

"မောင်ပြောတာ ကြားရဲ့လား ထိပ်ခေါင်တင်"

"ဘာများလဲ မောင်"

ထိပ်ခေါင်တင် အတွေးလွန်သွားရသည့် သူမအဖြစ် အတွက် မောင့်မျက်နှာကို မော့ကြည့်သည်။

သိဃ်မှာ လှပသော ခေါင့်မျက်နှာလေးကို စိုက်ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



“ပြောစမ်း၊ ကိုယ့်ရင်ခွင်ထဲမှာနေပြီး ဘာတွေ တွေးနေလဲ ဆိုတာ”

ထိပ်ခေါင်တင် သိဃ်စကားကို သဘောကျသလိုလေး ပြုံးလိုက်ရင်း

“မောင် ခေါင့်ကိုချစ်တဲ့အကြောင်း တွေးနေတာ”

“ဟောဗျာ၊ ဒါများ တွေးနေစရာလား၊ မောင်ချစ်တဲ့ အကြောင်းသိအောင် ဟော့ဒီလို လက်တွေ့ သက်သေပြမှာပေါ့”

“မောင်နော်”

သိဃ်ရင်ခွင်ထဲ ခေါင့်မျက်နှာလေး ဖွက်လိုက်သည်။ သိဃ် ခေါင့်မျက်နှာလေးကို ဆွဲမော့ယူရင်း

“ဟိတ် ဒီမျက်နှာလေးက ဘာလို့ ငုံ့သွားရတာလဲကွ၊ မောင်က လက်တွေ့ သက်သေပြမလို့ဟာ”

“မောင်နော် ကဲ”

“အား အဟွန်း ဟွန်း”

ရှက်ရှက်နှင့် ထိပ်ခေါင်တင် သိဃ်ဗိုက်ခေါက်ကို ဆွဲလိမ် ပစ်လိုက်သည်။

သိဃ် ခေါင့်လက်ကလေးတွေကို ဆုပ်ကိုင်ဆွဲယူရင်းက ...သော ထိပ်ခေါင်တင်မျက်နှာလေးကို ခပ်ပြုံးပြုံးစိုက်ကြည့်ကာ

“မောင်တော့ ထိပ်ခေါင်တင်နဲ့ခွဲပြီး နေနိုင်လိမ့်မယ် မထင် ...”

“မောင်ကလဲကွယ်”

သူ့စကားကြောင့် ခေါင့်နှလုံးသားလေး တဆတ်ဆတ်တုန် ...သွားကာ ပါးပြင်နှစ်ဖက်က ရဲနီသွားသည်။

လှတဲ့သူများကျတော့ ဘယ်လိုနေနေ အရမ်းလှနေသည်ပဲ ... သိဃ်ချစ်သူမျက်နှာလှလှကို ရင်ခုန်ခြင်းတွေနှင့်ငေးကြည့်ရင်း

“မောင် တကယ်ပြောတာ၊ ထိပ်ခေါင်တင်ကို သိပ်ချစ် ...ယ်”

ယုံပါသည်။

သိဃ် ခေါင့်ကို တကယ်ချစ်သည်ဆိုတာ။ ဒါကို ထိပ်ခေါင်တင် အကြွင်းမဲ့ယုံပါ၏။

ယုံ၍လည်း ခေါင် သူ့ရင်ခွင်ထဲ ရောက်နေရခြင်းပါ။

“ထိပ်ခေါင်တင်ရော”

www.burmeseclassic.com

www.burmeseclassic.com



''ရှင်''

''မောင့်ကို ချစ်လား''

ခေါင့်မျက်နှာလေးကို ပြုံးလျှက်ကြည့်နေသော သိဃ် အကြည့်များကို ရင်မဆိုင်ရဲသလို မျက်လွှာချရင်း

''အခုထိ မသိသေးဘူးလား''

ခေါင့်ထံမှ လှပစွာရောက်လာသည့် မျက်စောင်းကို ကျေနပ်စွာ ခံယူရင်း

''မသိဘူး''

''မောင်နော်''

''ကိုယ့်ချစ်သူကို ချစ်တယ်လို့ ပြောရမှာ ဒီလောက်ခက်နေလားဗျာ''

''ဟုတ်တယ်''

''ဒါဆို မောင်ပဲပြောမယ်၊ ခေါင့်ကို ချစ်တယ်''

''မောင်''

စကားသံလေးတွေ တိတ်ဆိတ်သွား၏။ ချစ်လားလို့ သူ အမြဲမေးတိုင်း ခေါင် ထိုစကားကို အကြောင်းအမျိုးမျိုးနှင့် ရှောင်လွှဲ



ခဲ့တော့ပေမယ့် သိဃ် အချစ်တွေကတော့ ခေါင့်အပေါ်မှာ အချိန်ရွေး နေရာမရွေး။ ပေါက်ကွဲစွာ သည်းသည်းလှုပ် ချစ်ပြတတ်သူဖြစ်ပါသည်။

ခေါင့်ရင်ထဲမှာတော့ မောင့်ကို သိပ်ချစ်ပါကြောင်း တိတ်တခိုးပြောနေမိသည့် အကြိမ်များကို မောင် ကြားမည်မဟုတ်။

''အမြန်ဆုံး လက်ထပ်မှဖြစ်တော့မယ် ခေါင်၊ ကြာရင် မောင့်ရင်ထဲက အချစ်တွေ ပေါက်ကွဲမိတော့မယ်''

''မောင် သိပ်ပိုတာပဲ''

''မပိုဘူး ခေါင်၊ လိုတောင် လိုဦးမယ် ထင်တယ်''

မျက်နှာနီနီလေးနှင့် ငြိမ်နေသော ချစ်သူကို သိဃ် အားမလို အားမရ မချင့်မရဲဖြစ်လျက် ခေါင့်ပခုံးလေးကို သိမ်းဖက်ကာ ရင်ခွင်ထဲက ထွေးပွေ့ထားလိုက်ပြီး

''ပြော မောင့်ကို ချစ်တယ်လို့''

''အင်း''

ထိပ်ခေါင်တင် သူ့ရင်ခွင်ထဲကနေ ခေါင်းညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် အဲလို အဖြေမျိုး မကြိုက်ဘူး"

"မောင်နော် လူကို သိရက်နဲ့"

သိယ် ခေါင့်ကို ပိုချစ်သွားသည်။ ခေါင်က သူ့ကို တော်တော်လည်း အသည်းယားအောင် လုပ်လွန်းသည်။ ဒီတစ်ခါ တော့ သိယ် ခေါင့်ကို အလျှော့ပေးဖို့ မစဉ်းစား။

သူ့ရင်ခွင်ထဲတွင် ယခုထက်တိုင် ငြိမ်သက်နေသော ခေါင့်ကို သိယ် မျက်နှာလေးဆွဲမော့ယူကာ သေချာစူးစိုက်ကြည့် လိုက်တော့ ခေါင် မနေတတ်သလို သူ့ရင်ခွင်ထဲက ရုန်းထွက်လိုက် ပြီး

"မကြည့်နဲ့"

"ဘာဖြစ်လို့လဲ၊ မောင့်ချစ်သူမျက်နှာလေးကို တစိမ့်စိမ့် ကြည့်နေချင်တယ်၊ ခေါင် သိလား"

သိပါသည်။ ခေါင်ကိုယ်တိုင်လည်း မောင်နဲ့ထပ်တူညီ ဖြစ်ကြောင်း မောင် သိစေချင်သည်။

"ခေါင်"

"ရှင်"



"အပွန်း ပွန်း၊ လိမ္မာတဲ့ ကလေးလေးပေါ့"

"အင်း"

"ချစ်တယ်နော်"

"ချစ်တယ်"

"မကြားရဘူး"

"ချစ်တယ်လို့"

"ကျယ်ကျယ်ပြောကွာ"

"သွား မပြောတော့ဘူး"

"ထိပ်ခေါင်တင်ရယ်"

"သိပ်ချစ်တယ်"

ပြောပြီး သူ့ရင်ခွင်တွင်းမှာ မျက်ဝန်းလေးတွေကို အတင်းမှိတ်ထားလိုက်ပြီး လက်လေးတွေက သူ့လည်ပင်းကို သိုင်း ဖက်လာသည်။

"ခေါင်လဲ မောင့်လိုပါပဲကွယ်"

"တကယ်"

"ဘာလို့ မျက်လုံးတွေ မှိတ်ထားတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



''မောင့်ကို ရှက်လို့''

''အဟွန်း ဟွန်း''

''သိပ်ချစ်စရာကောင်းတဲ့ ကောင်မလေး''

ထိပ်ခေါင်တင် နှုတ်ခမ်းလေးတွေ နွေးထွေးသွားအောင် မောင်ကပဲ ပြုစားပါသည်။

''တော်ပြီ မောင်ရယ်''

''ဘာကိုလဲ''

''သိဘူး''

''ဒါဖြင့် သိသွားအောင်''

''သွား မောင်လူဆိုး''

''နောက်ဆို ဒီထက် ပိုဆိုးမယ်မှတ်ထား''

''သွား မောင့်ကို မုန်းတယ်''

''စောစောတုန်းက ချစ်တယ်ဆို''

''အဲဒါ မောင် လူဆိုးမုန်းမသိလို့''

''အခု သိသွားပြီပေါ့ ဟုတ်လား''

''ဟုတ်တယ်''

''ဒါဖြင့်လည်း သိလက်စနဲ့ မထူးတော့မယ်အတူတူ''

''မောင်''

ခေါင့်ကိုယ်လေးကို တင်းတင်းလေး ဖက်ထားလိုက်ပြီး သူ ရယ်သည်။ ခေါင် သူ့ကို လန့်နေတာကို သဘောကျ၍ပါ။

''ထိပ်ခေါင်တင်''

''ဟင်''

''မောင် တစ်ခုပြောမယ်''

''ဘာမှမပြောနဲ့''

သိဟ် ချစ်သူမျက်နှာလေးကို စိုက်ကြည့်လိုက်ရင်း

''မပြောလို့ မဖြစ်ဘူး၊ အန်ကယ် နေကောင်းတာနဲ့ မောင်တို့ လက်ထပ်ကြမယ်''

သိဟ် ခေါင့်ကို မခွဲနိုင်။ လက်ထပ်ချင်နေပြီ။ ခေါင့်ဆန္ဒဆိုရင် သိဟ် လက်ထပ်ခွင့်တောင်းတာ ခွင့်ပြုချင်ပေမယ့် ဖေဖေက နေမကောင်း။ ဆေးရုံမတက်တာကလွဲ၍ ဖေဖေ့ကို ဆရာဝန်ကြီးနှင့် ဆေးကုသမှု ပြုနေရပေမယ့် အခြေအနေက စိတ်ချရသည့်ထဲမှာ မပါ။ ဖေဖေ့အကြောင်း တွေးမိတော့ ခေါင် တွေဝေသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ မရှိရင် ခေါင်တစ်ယောက်တည်းဆိုသည့် အတွေးက ခေါင့်ကို နာကျင်သွားစေ၏။

"မောင်"

"ပြောလေ ခေါင်"

"ဖေဖေ့ကျန်းမာရေး အခြေအနေကို ခေါင် စိတ်မချဘူး"

"ခေါင် ဘာလုပ်ချင်လဲ"

"ဖေဖေ့ကို အကျိုးအကြောင်းပြောပြီး ဆေးရုံတင်ချင်တယ်"

"အန်ကယ်ကမှ သဘောမတူဘဲ ခေါင်ရယ်"

"မောင် ရအောင်ပြောပေးပါ၊ မောင်ပြောရင် ဖေဖေ လက်ခံမှာနော် မောင်"

"မောင် ကြိုးစားကြည့်မယ်လေ"

တကယ်တမ်းကြတော့ ခေါင်တို့ မျှော်လင့်ထားသည့်အတိုင်း ဘာတစ်ခုမှ ဖြစ်မလာ။ ဖေဖေက ဦးသိန်း ဆေးရုံတက်ဖို့ တိုက်တွန်းပေးမယ့် မရ။

"အန်ကယ့်အကြောင်း အန်ကယ်သိပါတယ် မောင်ရယ်၊ အိမ်မှာပဲ ဆေးကုသမယ်"



ခေါင့်မျက်နှာလေးကို ဦးသိန်းက တစ်ချက်လှမ်းကြည့်သည်။ ဖေဖေက လက်မခံသဖြင့် မောင်လည်း ထပ်မတိုက်တွန်းတော့။

"မောင် တော်တော်ညံ့တာပဲနော်၊ ဖေဖေ့ကို ရအောင် မပြောနိုင်ဘူး"

"ခေါင့်လို သမီးတစ်ယောက်က ပြောတာကိုမှ လက်မခံဘဲ ခေါင်ရယ်၊ မောင့်လိုလူပြောတာကို ဘာလို့ လက်ခံရမှာလဲ"

"အန်ကယ် မှန်ပါတယ်"

"ဒါဖြင့် ဘယ်သူကမှားနေလဲ"

"ခေါင်"

"ဘာရယ်"

"မောင့်ကို စောစော ပြန်ချစ်လိုက်ရင် အခုချိန်ဆို ဘက်ထပ်ပြီးနေပြီ"

"သွားပါ၊ မောင်ကမှ ကိုယ့်ဘက်ကိုယ်ယက်တဲ့ ကောင်"

"လိပ်ဖြစ်မှတော့ မထူးဘူး၊ အခုထဲက ကိုယ့်ဘက်ကိုယ်

www.burmeseclassic.com



ယောက်ျားမှဆင်တယ်''

''သွား''

ခေါင်က မောင့်လက်မောင်းကို လက်သီးဆုပ်လေး
နှင့် ထုတော့ မောင်က ရယ်မောပြီး ခေါင့်လက်လေးကို ဖမ်း
ရှိုက်နမ်းသည်။

''ချစ်တယ် ခေါင်ရယ်''

သိယံ ထိပ်ခေါင်တင်ကိုယ်လေးကို တင်းတင်းဖက်
လိုက်သည်။

ထိပ်ခေါင်တင် ချစ်တာကို သူသိသလို သူလည်း ခေ
ကိုချစ်သည်။

ဒီချစ်ခြင်းတွေထဲ တစ်ယောက်နှင့်တစ်ယော
ဟန်ဆောင်မှုတွေမပါသလို မာန်တွေလည်း မပါပါ။

နူးညံ့သော ချစ်ခြင်းတွေနှင့်သာ အချစ်ကမ္ဘာလေးတ
ဖြစ်တည်ရှိနေသာရှိသည်။

❖ ❖ ❖

## အခန်း (၈)

ဖေဖေ ငြင်းဆန်နေသည့်ကြားကပင် မိသားစုဆရာဝန်ကြီး၏ ဆုံးဖြတ်ချက်နှင့် ဖေဖေ့ကို ဆေးရုံတင်လိုက်ရ၏။

ဆေးရုံရောက်တာနှင့် ဖေဖေ့နားမှာ ခေါင် တစ်ချိန်လုံးရှိနေတာနှင့် နောက်ပိုင်းကို ပြန်လှည့်မကြည့်နိုင်။

ခေါင့်ဘဝမှာ ဖေဖေ့လောက် အရေးကြီးတာ ဘာတစ်ခုမှမရှိ။ တစ်ချိန်လုံး ဖေဖေ့နားမှာ အနီးကပ် အတူရှိနေပြီး ဘုရားဂုဏ်တော် မပြတ်ရွတ်ဖတ်ပွားများနေခဲ့သည်။

အိမ်ကို ဒေါ်သိန်းနှင့် လွှဲထားသလို ကုမ္ပဏီကိစ္စ ဦးသိယံ၏ တာဝန်ယူထား၍ ခေါင် လှည့်ကြည့်စရာမရှိ။

အလုပ်တွေများကာ မအားလပ်နိုင်အောင်ရှိနေသည့်ကြားက

www.burmeseclassic.com

www.burmeseclassic.com



မောင်က ခေါင့်ထံ နေ့စဉ် အချိန်မှန်ရောက်လာသည်။

မနက်မိုးလင်းက မိုးချုပ် အလုပ်ကိုယ်စီနှင့် မအား

သည့် သိယံနှင့် ခေါင့်အတွက် ဒီရက်တွေမှာ နှစ်ယောက်အ

တွေ့ဖို့အချိန်က အလွန်ရှားပါးနေသည်။

*တွေ့ရသည့်အချိန်ကျပြန်တော့လည်း ချစ်သူနှစ်*

အေးအေးဆေးဆေး စကားမဆိုနိုင်။

လူကြီးဖြစ်သည့် ဖေဖေ့ရှေ့တွင် ဣန္ဒြေကြီး

တစ်ယောက်ကိုတစ်ယောက် နေ့နေရပေမယ့် ဖေဖေ့ကွယ်ရာရော

သည့်အခါမှာတော့ သိယံက လူလစ်လျှင်လစ်သလို ခေါင့်

ဆွဲပွေ့ကာ နမ်းရှိုက်သွားမြဲဖြစ်သည်။

''လွမ်းလိုက်တာ ခေါင်ရယ်၊ အချိန်အကြာကြီး ခွဲ

ရင် သေမယ်ထင်တယ်''

''ပိုလိုက်တာ မောင်ရယ်''

''မောင် တကယ် ပြောနေတာ၊ ခေါင်က မောင့်လော

မှ မချစ်ဘဲ၊ မောင့်ခံစားချက်ကို ဘယ်သိမှာလဲ''

''မောင်ပဲ ချစ်တတ်တဲ့သူပေါ့ ဟုတ်လား''

''ဟုတ်တယ်''

''ဟွန်း အခုတော့ ပြောထားဦးပေါ့၊ နောက်တော့မှသာ''

''ဘာဖြစ်လဲ''

''ခေါင့်အပေါ်မှာ အခုလို အမြဲချစ်နိုင်ဖို့ပဲ အရေးကြီး

တယ်''

သိယံနှင့်ခေါင့်ကို ဖေဖေကိုယ်တိုင် သဘောတူထားသည်

ပေမယ့် ခေါင်က မိန်းကလေးတို့ဣန္ဒြေကို လုံးဝအထိမခံ။

သူအလိုဆန္ဒကို လုံးဝမလိုက်လျော။

သိယံကတော့ ခေါင့်ကို အမြဲ မချင့်မရဲဖြစ်သည်။ တစ်ခါ

စ်ရဲ ခေါင့်ကို သူ့ရင်ခွင်ထဲမှာ အပိုင်သိမ်းထားချင်စိတ်ကို မနည်း

သိပ်ထားရသည်။

ခေါင့်အချစ်က စည်းကမ်းရှိသည်။ ခေါင့်ရင်ထဲ

ကြောက်စိုးရွံ့စိတ်တွေက ချစ်သူချင်းပေမယ့် အမြဲသတိရှိသည်။

လိုမလိုက်။

ခေါင့်ရင်ထဲက ချစ်ခြင်းတွေကို သိယံက သိမြင်မည်ဆို

က ထိပ်ခေါင်တင် နှလုံးသားမှာ သူ့အပေါ် ချစ်ခြင်းတွေနှင့်

www.burmeseclassic.com

www.burmeseclassic.com



သာ ပြည့်နေတာ တွေ့ရမြင်ရမှာ သေချာသည်။ ခေါင့်အကြောင်း တွေးလိုက်ရုံနှင့် ရင်ထဲ အလိုလိုကြည်နူးချမ်းမြေ့ခြင်းတွေ ပြည့်နေ ရသည့်အဖြစ်ကို သိဃ်သိသည်။

"မောင် သွားတော့မယ် ခေါင်"

ခေါင့်နဖူးလေးကို ဖွဖွရှိုက်နမ်းပြီး ခေါင့်ကို နှုတ်ဆက်လာ ခဲ့ခဲ့ပေမယ့် သိဃ် နှုတ်ခမ်းတွေက ပြုံးနေသည်။

ကားကိုမောင်းရင်းက ချစ်သူအကြောင်းကို တွေးကာ တစ်လမ်းလုံး ကြည်နူးလာသည်။

သူ၏ချစ်သူ ခေါင်က အရမ်းချစ်စရာကောင်းသလို မြတ်နိုးစရာလည်း ကောင်းသည်။

သူ့အပေါ် ချစ်တာကိုသိပေမယ့် သူနှင့်ခေါင့်ကြား အချ နှင့်ပတ်သက်ပြီး စည်းတစ်ခုက ခြားထားမှန်းလည်း သိဃ် သိ

ဒီလိုချစ်သူ၏ အရှက်သည်းပုံလေးတွေကိုပဲ သိဃ် ပိုချ ပိုမြတ်နိုးသည်။

ယခုလည်း အလုပ်သွားတော့မည့် သိဃ် ချစ်သူ နှုတ်ဆက်အနမ်းပေးသည်ကိုပင် ခေါင် မျက်နှာလေးရဲလျှ



က်အားပိုစွာ ကျန်ခဲ့သည့်အဖြစ်က သူ့ရင်ကို ကြည်နူးလှုပ်ခတ်မှု တွနှင့် ကျေနပ်နှစ်သိမ့်မှုကို ဖြစ်စေသည်။ ကုမ္ပဏီကို ထွက်သာ ခဲ့ရသည်။ ရင်ထဲမှာတော့ ချစ်သူကြောင့် တနွေးနွေးနှင့်။

ခေါင့်ကို ချစ်သည့်စိတ်၊ မြတ်နိုးခြင်းတွေနှင့် ကားကို မောင်းလာခဲ့သော သိဃ် တစ်နေရာအရောက်မှာတော့ သူ့ကားလေး တစ်ဖက်လမ်းတစ်ခုကို ချိုးဝင်လိုက်လေရာ

"ဟာ"

"ဟင်"

"ကျွီး"

"အမေ့"

မမျှော်လင့်ဘဲ အဖြစ်အပျက်တွေက မြန်ဆန်သွားသည်။ သိဃ် ကားကို ချိုးဝင်လိုက်ရာ တစ်ဖက်မှ မိန်းကလေးတစ်ယောက် ထင်မှတ်ဘဲ ဘွားခနဲပေါ်လာရာ သိဃ်ကားနှင့် သူမ မျက်နှာချင်း ဆိုင်ဖြစ်သွားရပြီးနောက် မိန်းကလေးက လမ်းပေါ်တွင် ပုံပုံလေး သွားသည်။

သိဃ် ကားပေါ်မှ အမြန်ဆင်းကာ မိန်းကလေးနား ရောက်

www.burmeseclassic.com

www.burmeseclassic.com



သွားတော့ တစ်ဖက်မိန်းကလေးမှာ သူ့ကားကြောင့် ထိတ်လန့်သွား၍လား မသိ။ လူက နေရာမှာပင် သတိလစ်နေပြီ။

"ဒီမှာ ဟင်"

"မေ"

လဲကျနေသည့် မိန်းကလေး၏ ကိုယ်တစ်ပိုင်းကိုပွေ့ယူပြီး မျက်နှာလေးကိုအကြည့် သိဃ် လုံးဝမျှော်လင့်မထားသော သူတစ်ယောက်ဖြစ်နေ၏။

ရုတ်တရက် သိဃ် ထူပူသွားကာ ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။ မေပါလား။ ဘယ်လိုလုပ်ပြီး သူမ ဒီကို ပြန်ရောက်နေတာလဲ။

မေ့ကိုယ်လေးကို ကားထဲသို့ထည့်ကာ သိဃ် သူ့ကားကို ဆေးခန်းတစ်ခုရှိရာသို့ မောင်းလာခဲ့သည်။

သူ့ရင်ထဲ သူ့အတွေးထဲမှာတော့ မေနဲ့ပတ်သက်သော အကြောင်းအရာတွေ အစီအရီ ရှုပ်ထွေးလှုပ်ခတ်နေ၏။

ကားမောင်းရင်းက သိဃ်၏ အကြည့်တွေက မှန်ထဲမှ တစ်ဆင့် နောက်ခန်းထဲတွင် မြင်နေရသည့် မေ့မျက်နှာလှလှလေးထံ



ကြာခဏ ရောက်သွားသည်။

မေက ဘာတစ်ခုမှ မပြင်ဆင် မခြယ်သထားပေမယ့် ဆင်းစက်စက် လှမြဲလှနေဆဲ။ မေတစ်ယောက်တည်း ဘယ်ကို တာပါလိမ့်။ မေ့ရဲ့ ခင်ပွန်းဆိုတာကရော။ မေနဲ့အတူ ပါမလာလား။

မေရယ်။

မေနဲ့ သူ့အကြောင်းတွေးလိုက်မိတော့ သိဃ်ရင်တွေ ရှားသွား၏။ တိုက်တိုက်ဆိုင်ဆိုင် ဒီလိုအနေအထားနှင့် သူ ကို ပြန်တွေ့ရလိမ့်မည်ဟု ထင်မထားခဲ့။ အခုတော့ သူ့ကို အတွေ့မခံတော့ဘဲ သူ့ဘဝထဲက သစ်စိမ်းချိုးချိုး၍ တခြား ပါးသူ့ရင်ခွင်ထဲ ဝင်ရောက်သွားသည့် မေက သိဃ်ကားပေါ် အတူရှိနေပြန်သည်။

မေ လက်ထပ်သွားတာကိုသိပေမယ့် မေနှင့် ထပ်မဆုံ တော့၍ မေ့အမျိုးသားဆိုသူကို သိဃ် သိလည်းမသိ။ မြင်လည်း မြင်ဖူးခဲ့ပါ။ အမုန်းနှင့် လမ်းခွဲခဲ့ကြသူများမဟုတ်သဖြင့် မေ့ကို မျှော်လင့်ဘဲ ပြန်တွေ့ရချိန် သိဃ်ရင်ထဲ တစ်မျိုးတော့ ဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မေကိုယ်တိုင် သူ့ကိုတွေ့ရင် ဘယ်လိုဖြစ်သွားမလဲဆိုတာ
သူ သိချင်နေသည်။ မေက ရိုးသားဖြူစင်သူ။ သိဃ်ကို သိပ်ချစ်
ခဲ့သလို သိဃ်ကိုယ်တိုင်ကလဲ မေကလွဲပြီး တခြား ဘယ်သူ့ကို
စိတ်မဝင်စား။ အချစ်သစ်မရှာဘဲ တစ်ယောက်တည်း နေလာခဲ့
သည်မှာ ထိပ်ခေါင်တင်ဆိုသည့် ခေါင်နှင့် မတွေ့ခင်အချိန်အထိဖြ
သည်။ ခေါင်နှင့်တွေ့တော့မှ မေ့ကြောင့် မေ့လျော့ထားမိသည်
အချစ်တို့က သိဃ်နှလုံးသားကို အသစ်တစ်ဖန် မွေးဖွားဖို့ဖြစ်လာ
သည်။ ဒါကလည်း ခေါင့်မှာ မေနဲ့တူသော အချက်လေးတွေရှိ
လို့ဆိုတာ ဝန်ခံချင်သည်။ ခေါင်က မေ့လို့ပဲလှသည်။ ဖြူစင်ရိုးသာ
သည်။ ချစ်စရာကောင်းသည်။ မေ့ကြောင့် အေးစက်နေသော သိ
နှလုံးသားက ခေါင်ကြောင့် အသက်ဝင်ရှင်သန်ခဲ့သည်။ ခေါင့်
ချစ်ခဲ့သည်။ မြတ်နိုးသည်။ လက်ထပ်တော့မည်လို့ ခိုင်မာ
ဆုံးဖြတ်ပြီးမှ တစ်ချိန်က သူ့ဘဝ သူ့နှလုံးသားကို ပိုင်စိုးခဲ့သ
အချစ်ဦး မေနှင့် အမှတ်မထင် ပြန်ဆုံခွင့်ရခြင်းဖြစ်၏။

ဆေးခန်းတစ်ခုရှေ့မှာ သိဃ် ကားကို ရပ်လိုက်
ထိုအချိန်အထိ မေ သတိမရသေး။ ဖြူဖျော့ဖျော့ မေ့မျက်နှာလေး



ချက်စိုက်ကြည့်ပြီး မေ့ကိုယ်လေးကို ကားပေါ်က ပွေ့ချီလိုက်
ဆေးခန်းမှာ သူငယ်ချင်း ဒေါက်တာမြင့်လွင်၏ ဆေးခန်း။

"ဘာဖြစ်တာလဲ သိဃ်"

"ငါ့ကားနဲ့ တိုက်မိမလိုဖြစ်ပြီး သတိလစ်သွားတာ"

"ဟင် ဒါ မေ မေမဟုတ်လား"

"အေး"

"ဟာ မင်းတို့ တွေ့ပြီးပြီလား"

"ငါမှန်း သူ မသိသေးပါဘူးကွာ"

"မင်းကိုမြင်ရင် မေ သိပ်အံ့ဩသွားမှာပဲ"

ဒေါက်တာမြင့်လွင်က မေ့ကို လိုအပ်တာတွေ စစ်ဆေး
းသပ်ရင်း သိဃ်နှင့် မေ့တို့အချစ်ဇာတ်လမ်းကို မြင့်လွင့်က
အဆုံး သိထားသူဖြစ်သည်။

"ဘာမှတော့ မဖြစ်ဘူးကွ၊ လန့်ပြီး ရှော့ခ်ဖြစ်သွားတာ၊
ပါသမယ့် မေ့မှာ"

"အား ကျွတ် ကျွတ်"

"မေ သတိရပြီလား ဟင်"

www.burmeseclassic.com

www.burmeseclassic.com



သိယံ အသံကြောင့်လားမသိ။ ညည်းသံသဲ့သဲ့နှင့်အတူ မေ့မျက်လုံး ဖြည်းဖြည်းချင်းပွင့်အလာမှာ မေ့မျက်နှာကို စိုးရိမ်တကြီးနဲ့ ကြည့်နေသည့် သိယံမျက်နှာကို မြင်လိုက်ရတော့ မေ့မျက်နှာလေး သိသာစွာ ပျက်သွား၏။

"ကိုကို"

"မေ"

"မေ ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာတာလဲဟင်"

"ကိုကို့ကားနဲ့ ဝင်တိုးမိတာလေ"

"အို"

"ဟာ ဟိတ် ဟိတ်၊ အဲလို အရမ်းမထနဲ့လေကွာ၊ ဖြည်းဖြည်းထမှာပေါ့"

ပြောပြောဆိုဆို သိယံက မေ့ပခုံးလေးကို ဖေးမကူထိန်းရင်း ပြောလိုက်တာမို့ မေ့မျက်နှာလေး မဲ့သွားကာ မျက်ရည်ကြည်တွေ ချက်ချင်း ပြည့်တက်သွားတာကို ဘယ်သူမှ မမြင်အောင် မျက်လွှာချ ကွယ်ဝှက်လိုက်၏။

"နေကောင်းရဲ့လား မေ"



"ဟင် ကိုမြင့်လွင်"

"ဟုတ်တယ် မေ၊ ကိုမြင့်လွင် ဒီမှာ ဆေးခန်းဖွင့်ထားတယ်၊ ဒီမှာ ကိုယ့်လိပ်စာကဒ်"

မေက သူ့လက်ထဲရောက်လာသည့် ဒေါက်တာမြင့်လွင် လိပ်စာကဒ်လေးကိုယူပြီး သိယံကိုမကြည့်ဘဲ နှုတ်ဆက်သည်။

"မေ့ကို ခွင့်ပြုပါ၊ မေ သွားတော့မယ်"

"မေ ဘယ်ကိုသွားမှာလဲ၊ ကိုကို လိုက်ပို့မယ်"

"မေ တက္ကစီငှားသွားလိုက်ပါ့မယ်"

"ဘာဖြစ်လို့လဲ မေ၊ ကိုယ် လိုက်ပို့တာကို မေ မကြိုက်လို့လား"

မေ့ဘက်က ဒီလောက်ပြတ်သားပြနေတာကို သိယံရင်ထဲ အခံရခက်နေသည်။ လှပသော မေ့အကြည့်လေးက သူ့ထံ ဖျတ်ခနဲ ရောက်လာပြီး ချက်ချင်း အကြည့်ကို လွှဲသည်။

"မဟုတ်ပါဘူး ကိုကို၊ မေ့ကြောင့် ကိုကို အလုပ်မရှုပ်စေချင်လို့ပါ"

"ဒါဆို တော်တော့၊ မေ့ကို ကိုကိုလိုက်ပို့မယ်၊ မြင့်လွင်

www.burmeseclassic.com

www.burmeseclassic.com



ငါတို့သွားပြီ"

"မေ့ကို ခွင့်ပြုပါ ကိုမြင့်လွင်"

"ကောင်းပါပြီဗျာ"

သိဃ်းကိုယ်တိုင် မေ့အတွက် ကားတံခါးဖွင့်ပိတ်လုပ် ပြီးမှ ကားမောင်းသူနေရာ ဝင်ထိုင်ကာ မောင်းထွက်ခဲ့သည်။ မေ တော့ တစ်လမ်းလုံး သူ့ကို ဘာမှမပြောဘဲ တိတ်ဆိတ်နေ

"မေ့ကို ကိုကို ဘယ်ပို့ပေးရမလဲ"

"မေ့မှာ ဝယ်စရာလည်းရှိသေးလို့ ရွှေနားက နတ်ယ မှာ ကားရပ်ပေးပါ"

သိဃ်းအကြည့်တွေက မေ့ထံ ဖျတ်ခနဲ စူးရှစွာရောက် သည်။ မေက သူ့အကြည့်တွေကို ရင်မဆိုင်ရဲသလို လှပ မျက်ဝန်းကြီးတွေနှင့် ရှောင်လွှဲသွားပုံကလည်း သိဃ်းစိတ်ကို လ သည်။

"မေ့အကြဲ ဒါအကုန်ပေါ့ ဟုတ်လား"

"ဘာကိုလဲ ကိုကို"

"အားလုံးပဲ"



"ရှင်"

မေ့ကို သိဃ်း ဘာမှမပြောတော့ဘူးလို့ ရည်ရွယ်ထားပေမယ့် ထိုစကားတွေ သူ့နှုတ်ဖျားက အလိုလိုထွက်သွားတာကိုတော့ သူလည်း မတားဆီးနိုင်။

"မေနေတဲ့နေရာကို ကိုယ်သိမှာ ကြောက်နေတာမဟုတ်လား"

သူ့အမေးကို မေ မဖြေပါ။ သိဃ်း ပြုံးလိုက်၏။

"စိတ်ချပါ မေ၊ ကိုယ့်ကြောင့် မေ့အိမ်ထောင်ရေး လုံးဝ ထိခိုက်စေရပါဘူး၊ ကိုယ် မေ့ကို လိုက်ပို့မယ်ဆိုတာကလည်း ကိုယ့်ကြောင့် မေ အခုလိုဖြစ်ရတာ စိတ်မကောင်းလို့"

"မေသိပါတယ် ကိုကို၊ မေ့ကိုခွင့်လွှတ်ပါ"

"ခွင့်လွှတ်ရမယ် ဟုတ်လား"

"ခွင့်မလွှတ်ချင်ဘူးဆိုလည်း ကိုကို့သဘောပါ"

"ဩော်"

ဘာစကားမှမပြောဘဲ မေ့မျက်နှာလေးကို စိုက်ကြည့်ပစ်တော့ မေက သူ့ကိုမကြည့်။ မေ့မျက်နှာလှလှလေးပေါ်မှာ သိဃ်း

www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်သည့် ခံစားချက်တွေ ပြည့်နေ၏။ မေက သီး
အတွက် ပုစ္ဆာဆန်သော မိန်းကလေးဖြစ်သည်။

"အန့်တီတို့ရော နေကောင်းရဲ့လား"

"မေမေ ဆုံးသွားပါပြီ"

မေ့အသံက တိုးဖျော့တိမ်ဝင်သွားပေမယ့် မေ မငို

"ဆောရီး…အန့်တီဆုံးသွားတာ ကိုယ်မသိလိုက်ဘူး"

"ကိစ္စမရှိပါဘူး ကိုကို"

"ကိုကို့ကို မေ နားလည်ပါတယ်"

"နားလည်တယ် ဟုတ်လား"

သိဃ်ကို နားလည်ရက်နဲ့ မေ့လုပ်ပုံတွေကို သိ
လိုက်မမှီ။ သိပ်ချစ်နေကြသော ချစ်သူတွေအဖြစ်က မေ ရုတ်တ
ပျောက်သွားသည်။

ဘယ်လိုမှ လိုက်စုံစမ်းလို့မရ။ အရင် မေတို့နေသ
အိမ်ကိုပါ ရောင်းပြီး တစ်ခါတည်း ခြေရာဖျောက်သွားရက်

"မေ ကိုယ့်ကို တကယ်နားမလည်ပါဘူးဗျာ၊ မေ
ကိုယ့်ကိုနားလည်ရင် ဘယ်ဒီလိုလုပ်ပါ့မလဲ"



ဖြူဖျော့သွားသော မေ့မျက်နှာလေး ပျက်သွားတာကို
မြင်ပေမယ့် သူသိချင်တာကို သိဃ် ဆက်မေးမိသည်။

"ကိုယ့်ကို ဘာလို့ မေ ရက်စက်ခဲ့ရတာလဲ မေ၊ ကိုယ်
ဒီနေ့ဒီအချိန်ထိ မေ့လုပ်ရပ်အပေါ် ဘာတစ်ခုမှ နားမလည်ဘူး"

"ကိုယ့်မှာ ဘာအပြစ်ရှိလို့လဲ ပြောစမ်းပါဦး မေ"

"ဟင့်အင်း၊ ကိုကို့မှာ ဘာအပြစ်မှမရှိပါဘူး ကိုကို၊
အပြစ်ရှိတာက မေပါ"

"ဘာ"

"ရှေ့နားမှာ မေ့ကို ကားရပ်ပေးပါ၊ မေ ဒီမှာပဲနေခဲ့ပါရ
စေ"

မေက သူ့ကားကို ရပ်ခိုင်းပေမယ့် သိဃ် ရပ်မပေးပါ။
သူစိတ်ထဲမှာ မေနဲ့ပတ်သက်ပြီး အဖြေတစ်ခုခုရသည့်အထိ သိချင်
နေသည်။

"မေ့ကို ကားရပ်ပေးပါ ကိုကို"

သိဃ် ကားကိုမရပ်။

လမ်းဦးတည်ရာအတိုင်း ဆက်မောင်းနေသဖြင့် မေ့မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ပိုပျက်သွား၏။

"မင်း ကိုယ့်ကို ဘာလို့ထားသွားရတာလဲ၊ အဲဒီအဖြေ
ကိုယ်ကျေနပ်တဲ့အထိ ပေးမှရမယ်"

"ကိုကို"

မေ့ထံမှ အလန့်တကြားအသံလေး ထွက်လာသည်။

"မေ့မှာ လက်ရှိအိမ်ထောင်နဲ့ပါ ကိုကို"

"အဲဒါ ဘာဖြစ်လဲ"

"မေ့ကိုမေးနေတာ မေ့အိမ်ထောင်အကြောင်းမဟုတ်ဘူး
ဘာဖြစ်လို့ ကိုယ့်ကိုထားသွားရတာလဲဆိုတဲ့ အကြောင်း"

"ဒါတွေက ပြီးခဲ့ပါပြီ"

"မင်းအတွက်တော့ ဟုတ်ချင်ဟုတ်မှာပေါ့ မေ၊ ကို
ဒီအကြောင်းတွေ ပြန်တွေးမိတိုင်း အခုချိန်ထိ ကိုယ့်ကိုယ်ကို နား
လည်နိုင်အောင် ဖြစ်နေတုန်းပဲ"

"ကိုယ့်ကို ထားခဲ့တဲ့ မေ့ရဲ့အကြောင်းပြချက်က ဘာ
ကိုယ် အဲဒါပဲသိချင်တယ်"

"သိပြီးရင် ကိုကိုဘာလုပ်မှာလဲ"



မေ့ရှိရာ သူ့အကြည့်တွေ ဖျတ်ခနဲရောက်သွားသလို
သူကားကို လမ်းဘေးတစ်နေရာ ဆွဲချပြီး ထိုးဆိုက်ရပ်တန့်ပစ်လိုက်
၏။

"မင်းဘာပြောလိုက်တယ် မေ"

"ကိုကိုပဲ မေ ဘာလို့ ကိုကို့ကို ထားခဲ့ရတာလဲဆိုတာ
သိချင်တယ်ဆို"

"ဟုတ်တယ်"

မေ့အကြည့်လေးတွေ တည်တည်ငြိမ်ငြိမ်။ သိဃ်မျက်နှာ
ကို အကြည့်မလွှဲဘဲ စူးစိုက်လာ၏။

"သိပြီးရင် ကိုကိုဘာလုပ်မှာလဲလို့ မေက မေးတာပါ"

"ဘာ"

ဒီလိုဆိုပြန်တော့လည်း သိဃ်ဘက်က မေ့ထံက အမေး
စကားကို ပြန်ဖြေစရာ အဖြေမရှိ။ မေက သူနားလည်ရခက်သော
အပြုံးဖြင့် သိဃ်မျက်နှာကို စိုက်ကြည့်ပြီး ပြုံးသည်။

"မေ သွားတော့မယ် ကိုကို"

"မေ"

www.burmeseclassic.com

www.burmeseclassic.com



မေ့ကိုခေါ်ပေမယ့် မေက သူ့ကို လှည့်မကြည့်။ သိ
ကားပေါ်က တည်ငြိမ်အေးဆေးစွာ ဆင်းသွားသဖြင့် သိဃ် ဘ
မတတ်နိုင်ဘဲ ကြည့်နေသည့်အခိုက်မှာပဲ သူ့ဖုန်းက အသံမြည်
၏။

''ဟဲလို''

''သိဃ် မင်းနားမှာ မေရှိလား''

ဒေါက်တာမြင့်လွင် အသံ။

''မရှိဘူး၊ အခုပဲ ငါ့ကားပေါ်က ဆင်းသွားပြီ''

''ဒါဆို မေ့နောက်ကို မင်းလိုက်သွား သိဃ်၊ မေ ဘယ်
နေတယ်ဆိုတာ သိမှဖြစ်မယ်''

ဒေါက်တာမြင့်လွင်အသံက ခပ်လောလော။ အ
တကြီး။ သိဃ် မျက်ခုံးတွန့်လျက် မေ သွားရာလမ်းကို မျက်
မခတ် ကြည့်နေ၏။

''ဘာဖြစ်လို့လဲ မြင့်လွင်''

''မေ့မှာ သွေးကင်ဆာရှိတယ်''

''ဘာ''



''ဟုတ်တယ် သိဃ်၊ ဒီမှာ သူ့ဆေးမှတ်တမ်းတွေ ထည့်
ထားတဲ့အိတ် ကျန်ခဲ့တယ်၊ မေ နောက်ထပ် အလွန်ဆုံးနေရ သုံးလ''

သိဃ်လက်ထဲက ဖုန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်
လျက် သူ့ကိုကျောခိုင်းသွားနေသည့် မေ့နောက်ကျောပြင် ပြည့်ပြည့်
ဆေးကို အလန့်တကြား လှမ်းကြည့်လိုက်သည်။ မြင့်လွင်ထံမှ
စကားတွေ ဆက်ပြောနေပေမယ့် သူ့နားထဲ မကြားတစ်ချက်၊ ကြား
တစ်ချက်။

''မေ့မှာ အိမ်ထောင်မရှိဘူး သိဃ်''

''မေရယ်''

မေ့ကို သူ ဘာတစ်ခုမှ လိုက်မမီ။

အငှားကားတစ်စီးပေါ် တက်သွားသည့် မေ့နောက်ကိုသာ
မေ မသိအောင် တိတ်တဆိတ် ခြေရာခံလိုက်နေမိသည်။

မေ သူ့ကို ရုတ်တရက် ထားခဲ့ရသည့် အကြောင်းတွေထဲ
မှာ မေ့ကျန်းမာရေးကြောင့်လို့ သိဃ် တစ်ခါမှ မစဉ်းစားကြည့်ဖူး
ပါ။

မေက သိဃ်ထင်ထားတာထက် ပိုပြီးထူးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မေက အခုချိန်ထိ ချစ်သူတွေဘဝတုန်းက ခေါ်သည့် အတိုင်း သိဃ်ကို ကိုကိုဟု ခေါ်နေတုန်းပင်။

မြင့်လွင်က မေ့မှာ အိမ်ထောင်မရှိသူဖြစ်ကြောင်း ဆေးမှတ် တမ်းမှာပါသည့်အတိုင်း ပြောပြပေမယ့် မေကတော့ သူ့ကို အိမ်ထောင်သည်ဖြစ်ကြောင်း သူမကိုယ်တိုင် ဝန်ခံဖွင့်ဟနေသည်။

သိဃ် ဘာကိုနားလည်ရမှန်းမသိ။ မေနဲ့ပတ်သက်ပြီ သိဃ်ရင်ထဲ နားမလည်မှုတွေနှင့် အချစ်ဦးဖြစ်ခဲ့သည့် မေ့အပေါ် မှာ သံယောဇဉ်လက်ကျန်လေးတွေ ရှိနေမိတာထက် မေ ခံစားနေ သည့် ကင်ဆာဆိုသည့် ရောဂါဝေဒနာကြောင့် သူ့ရင်ကို ပိုထိခိုက် စရာဖြစ်လာ၏။

မေက သိဃ် သူမနောက်က တိတ်တိတ်လိုက်လာတာ မသိ။ သူမအိမ်ထဲ စိတ်ချလက်ချ ဝင်သွားမှ သိဃ် ထိုနေရာ ကားကို လှည့်ပြန်ခဲ့သည်။

သူ့ရင်ထဲမှာတော့ မေနဲ့ပတ်သက်ပြီး အကြောင်းအရာ ရှုပ်ထွေးစွာဖြစ်ကျန်ခဲ့သည်။ အခုဆိုလျှင် သိဃ်မှာ ခေါ်ဆိုသည့် အချစ်ရဆုံးချစ်သူ ရှိနေပြီ။ မေ့ကို သနားပေမယ့် ဘာမှမတတ်နိုင်



သော့။

မကြာခင် ခေါင်နှင့်သိဃ် လက်ထပ်ကြတော့မည်။ မေနှင့် ဒီထက်မက စောပြီးတွေ့ခွင့်ရခဲ့လျှင် သိဃ် အခြေအနေက ကို သနားစိတ်နှင့် တစ်မျိုးတစ်ဖုံ ပြောင်းလဲကောင်းပြောင်းလဲ သွားနိုင်မည်ဖြစ်သော်လည်း အခုလက်ရှိ အခြေအနေမှာ မေ့ကို နားရုံကလွဲပြီး ဘာမှမတတ်နိုင်ပါ။

ထိုနေ့ကတော့ သိဃ် စိတ်အာရုံဝယ် မထင်မှတ်ဘဲ တွေ့ရသည့် အချစ်ဦး မေ့ပုံရိပ်လေးကိုသာ စိတ်ဝယ်စွဲထင်လျက် ယ်လောင်စွာ သက်ပြင်းရှိုက်လိုက်မိ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

"မောင်"

"ဟင်"

"နေမကောင်းဘူးလား၊ မောင့်ကြည့်ရတာ ငိုင်တိုင်တိုင်နဲ့၊ ကိုယ်လည်းမပူပါဘူး"

ခေါင်က ပြောပြောဆိုဆို သီဃ် နဖူးပြင်ကို သူမလက်နှင့် လာထိသဖြင့် သီဃ် ခေါင့်လက်လေးကို ဆွဲယူရှိုက်နမ်းကာ အသာ လွှတ်ပေးလိုက်၏။

"ဘာမှမဖြစ်ပါဘူး ခေါင်၊ အလုပ်ကိစ္စထဲ အာရုံရောက် သွားလို့ပါဗျာ"

"အလုပ်လုပ်တာလည်း လုပ်တာပေါ့ မောင်ရယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မောင့်ကျန်းမာရေးကိုလည်း မေ့ထားလို့မဖြစ်ဘူး၊ ဂရုစိုက် ရမယ် သိလား''

''သိပါပြီတဲ့ဗျာ''

''ခေါင် တကယ်ပြောနေတာ မောင်''

''ဩော်…မောင်ကလည်း တကယ်ပြောနေတာပဲဗျာ နောက်ဆို ခေါင်ပြောသလို မောင့်ကျန်းမာရေးကို အထူးဂရုစိုက် မယ်၊ ဟုတ်ပြီလား''

သိဃ်ထံမှ ကတိစကားကြားမှ ခေါင့်မျက်နှာလှလှလေး စိတ်သက်သာရာရသွားသလို ပြုံးသွားတာ မြင်လိုက်ရသည်။

''ခေါင်က မောင့်အတွက် စိုးရိမ်လို့ပါ၊ ခေါင့်ဘဝမှာ မြတ်နိုးတွယ်တာရမယ့်သူဆိုလို့ ဖေဖေနဲ့မောင်ပဲ ရှိတာလေ''

''ဟုတ်ပါပြီဗျာ၊ အခု အန်ကယ့်အခြေအနေကရော ဘယ်လိုလဲ''

''စိတ်ချရတဲ့ အခြေအနေမျိုးတော့ မဟုတ်ဘူးပေါ့ မောင် ရယ်၊ စောင့်ကြည့်နေတုန်းဆိုတော့ ခေါင့်မှာ ဖေဖေ့အတွက် ရင်ပူ နေရတုန်းပဲ''



''ဆရာဝန်ကြီးတွေကိုယ်တိုင် အန်ကယ့်ကို ဂရုစိုက်နေကြ တာပဲ ခေါင်ရယ်၊ သိပ်လည်း မစိုးရိမ်ပါနဲ့''

ခေါင့်ပါးပြင်လေးတစ်ဖက် နွေးခနဲဖြစ်သွားသည်။ သိဃ် က ခေါင့်ကိုယ်လေးကို ရင်ခွင်ထဲဆွဲယူပြီး နှစ်သိမ့်စကားဆိုနေပေ မယ့် ခေါင့်ရင်ထဲက အပူကတော့ လျော့မသွားပါ။ ဖေဖေမရှိတော့ ရင် ခေါင်တစ်ယောက်တည်းဆိုသည့် အတွေးက ခေါင့်ရင်ကို ပြင်းစွာနှိပ်စက်နေကြောင်း မောင်မသိပါ။

ထိပ်ခေါင်တင် သိဃ် ရင်ဘတ်ကြီးကို ခေါင့်လက်လေး နှင့် ခပ်ဖွဖွပွတ်သပ်ရင်း…

''ခေါင်တော့ သိပ်အားငယ်တာပဲ မောင်ရယ်''

''ခေါင့်နားမှာ မောင်ရှိတယ်လေ၊ ဘာမှအားမငယ်နဲ့ ဟုတ်လား''

မောင့်မျက်နှာကို ခေါင် အားကိုးတကြီး မော့ကြည့်တော့ မောင်က ခေါင့်ကို နူးညံ့ညင်သာစွာ ပြုံးပြပါသည်။ မောင့်ထံမှ အပြုံးက ခေါင့်အတွက် အားဆေးတစ်ခွက်။ ထိုအပြုံးကို ခေါင့် အတွက် ထာဝရ ပိုင်ဆိုင်ထားလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



''မောင်''

''ဗျာ''

''ခေါင့်ကို ဘယ်တော့မှ ခွဲမသွားပါနဲ့နော်၊ ခေါင်လေ မောင့်ကို ခွဲရမှာကြောက်တယ်''

ကလေးတစ်ယောက်လို မောင့်ရင်ခွင်မှာ အားကိုးတကြီး နိုဝင်မိတော့ မောင်က ရယ်သည်။

''စိတ်ချပါ အချစ်ရယ်၊ ဟောဒီက မောင်ချစ်တဲ့ခေါင့်ကို ဘယ်တော့မှ မခွဲဘူး၊ ခေါင့်နားမှာ တစ်သက်လုံးနေမယ်''

''တကယ်နော် မောင်''

''တကယ်ပေါ့၊ ခေါင်က မယုံလို့လား''

''မောင့်ကို ယုံပါတယ်၊ ဒါပေမယ့် ကံကြမ္မာကိုတော့ ခေါင် မယုံရဲဘူး''

''ခေါင့်အပေါ်မှာ မောင် အခုလို အမြဲချစ်နိုင်ပါစေလို့ ဘုရားမှာ ဆုတောင်းနေမိတယ်''

''ခေါင်ရယ်''

စကားသံလေးတွေ တိတ်ဆိတ်သွားသည်။ ထိပ်ခေါင်တင်



သိဃ် ရင်ခွင်ထဲက မရုန်းထွက်ပါ။

တသိမ့်သိမ့်ခုန်နေသည့် ရင်ခုန်သံတွေကြားမှာ ကြည်နူးမှုတွေနှင့် ထိပ်ခေါင်တင် သိဃ် ရင်ခွင်ထဲ မျက်နှာလေးကွယ်ဝှက်ထားပါသည်။ သိဃ်ကိုယ်တိုင်လည်း ခေါင့်စကားလေးကြောင့် စိတ်ထဲမကောင်းဖြစ်သွားမိပါသည်။ အမှန်အတိုင်း ဝန်ခံရလျှင် အခုတလော မေ့အကြောင်းတွေက သိဃ်အတွေးအာရုံကို လွှမ်းမိုးနေရာယူထားတာ သူဝန်ခံချင်သည်။ ဒါကလည်း ခေါင့်ကို မချစ်တော့၍မဟုတ်။ ခေါင့်ကိုချစ်သည်။ မြတ်နိုးသည့်အချစ်တွေက တခြား၊ မေ အခုလို ဝေဒနာရောဂါခံစားနေရသည့်အတွက် သိဃ် ရင်ထဲ နာကျင်ခံစားနေရတာက တခြားဖြစ်သည်။ အထူးသဖြင့် မေ လျှောက်လှမ်းနေရသည့် ဘဝခရီးက ကြမ်းတမ်းလွန်းသည်။ မေက အရင်တုန်းက မေမဟုတ်တော့။ စီးပွားရေး တော်တော်ကျဆင်းသွားသလို ကျန်းမာရေးလည်း မကောင်း။ မေက သူမအိမ်မှာ ဆွေမျိုးနီးစပ်တော်သည့် အဒေါ်ကြီးတစ်ယောက်နဲ့ နေသည်။

မေ့ဘဝရဲ့ နောက်ဆုံးအချိန်တွေကို မေတစ်ယောက်တည်း သတ္တိရှိရှိ ရင်ဆိုင်ဖြတ်သန်းဖို့ ကြိုတင်ဆုံးဖြတ်ထားပုံရပေမယ့် သိဃ်

www.burmeseclassic.com

www.burmeseclassic.com



နှင့်မေ ပြန်ဆုံခွင့်ပေးလိုက်သည့် ကံကြမ္မာအောက်မှာ မေ့ဘဝ ခံစားမှုတွေ အပြောင်းအလဲဖြစ်ခဲ့မှာ သေချာသည်။

မြင့်လွင်၏ အကူအညီဖြင့် မေ့အကြောင်း အသေးစိတ် သူ သိခွင့်ရခဲ့သည်။ ဒီတော့မှ မေ သူ့အပေါ်ထားခဲ့သည့် အချစ် မေတ္တာတွေကို ပိုပြီးနားလည်သဘောပေါက်ခဲ့ရသည်။

ဒီနာကျင်မှုတွေကို သိဃ် မသိဘဲ မေ့တစ်ယောက်တည်း ကျိတ်ခံစားခဲ့ရတာ ပြန်တွေးမိတိုင်း သိဃ် မေ့အတွက် စိတ်မကောင်း။

မေ့အတွက် သူဘာလုပ်ပေးရမလဲ။ ဘာလုပ်ပေးသင့် သလဲ။

ခေါင့်ကိုယ်လေးကို ရင်ခွင်မှာ တင်းကြပ်စွာ ပွေ့ထားရင်း သူ့ရင်ထဲ ဘယ်နေရာကမှန်းမသိ နာကျင်သွားသည်။

❖ ❖ ❖

## အခန်း (၁၈)

"ဟင်း"

"ဘာတွေသက်ပြင်းချနေတာလဲ သိဃ်"

"မေ့ကို ငါဘာလုပ်ပေးရင်ကောင်းမလဲ မြင့်လွင်"

မြင့်လွင်က သိဃ်အမေးကို ချက်ချင်းမဖြေ။ စဉ်းစားသလို အတန်ကြာအောင် ငြိမ်နေပြီးမှ သိဃ်မျက်နှာကို လှမ်းကြည့်သည်။ တည်ကြည်ခန့်ညားသော သိဃ်မျက်နှာမှာ မေ့အတွက် သောကကို မြင်နေရ၏။

သိဃ်နှင့် မေ့အဖြစ်ကလည်း စိတ်မကောင်းစရာ။ သိဃ်နှင့် မေ့ အချစ်ဇာတ်လမ်းကို မြင့်လွင် အစအဆုံးသိထားသည်။ အခုချိန် ဘ မေ့အတွက် နောက်ဆုံးအချိန်ကလေး။ မေ့နားမှာ ဆွေမျိုးအရင်း

www.burmeseclassic.com

www.burmeseclassic.com



အချာပင် မရှိ။ မြင့်လွင်ကိုယ်တိုင် မေ့အိမ်ကို ဆေးစာရွက်ဆွ
သွားပို့တော့ မေ အံ့သြပြီး ဘာမှမပြောနိုင်။ နောက်မှ ကယော
တစ်ယောက်လို ငိုချလိုက်တော့ မြင့်လွင်ကိုယ်တိုင် စိတ်မကောင်း
ဖြစ်သွားသည်။ မေက ဖြူစင်သော ပန်းတစ်ပွင့်သာ။

"ဒီအကြောင်းတွေ ကိုကိုသိသွားပြီပေါ့ ကိုမြင့်လွင်"

"ဟုတ်တယ် မေ"

သူ အမှန်အတိုင်း ဝန်ခံလိုက်တော့ မေ့ဘက်က အကြ
ကြီး ငြိမ်သွားသည်။ ဘာမှတော့မပြော။ မြင့်လွင် မေ့ကိုနှုတ်ဆ
ပြီး ပြန်ခဲ့သည့်အချိန်အထိ မေက ကျောက်ရုပ်။

"တစ်ခုခုတော့ လုပ်ပေးသင့်တယ်ဆိုပေမယ့် မင်းမှာ
ခေါင်ရှိနေပြီ သီယံ"

"မေ့ကြောင့် ခေါင့်ကို မနာကျင်စေချင်ဘူး၊ ပြီးတော
ခေါင်ကိုယ်တိုင်က မင်းကို သိပ်ချစ်တာ၊ သိပ်အားကိုးတာ ငါသ
တယ်"

မြင့်လွင်စကားကို သီယံ ဘာမှမပြောနိုင်။ မေ့ကိုသ
ပေမယ့် ခေါင့်ကို မေ့ကြောင့် ဘာတစ်ခုမှ မထိခိုက်မနာကျင်စေ

ပါ။

"မေ့ကို ငါသနားတယ် မြင့်လွင်၊ ပြီးတော့ မေက
အခုချိန်ထိ ငါ့ကိုချစ်နေတုန်း"

"မင်းကိုချစ်လို့ မင်းနားက မေ ထွက်ပြေးသွားခဲ့တာပဲ
လေ၊ မေတို့က မျိုးရိုးလိုက်ပြီး ဒီရောဂါဖြစ်ခဲ့တာ၊ ဒါကို မေ
ကြိုသိခဲ့ပုံပဲ"

ဘယ်နှကြိမ်မြောက်မှန်းမသိ သက်ပြင်းချမိသည်။ မေ
သူ့ကို ဘာလို့ ခြေရာဖျောက်ပြီး ထားခဲ့ရတာလဲဆိုသည့်အဖြေကို
သီယံ အခု ကောင်းစွာနားလည်သဘောပေါက်ခဲ့ရပါပြီ။

"မေ့ကို ငါကူညီချင်တယ် မြင့်လွင်"

"မင်းရင်ထဲက ခံစားချက်တွေကို ငါနားလည်တယ်
သီယံ၊ အဲဒီလိုပဲ မေ့ရင်ထဲက ခံစားချက်တွေကိုလည်း ငါသိနေ
တယ်"

သူငယ်ချင်းနှစ်ယောက် အကြည့်ချင်းဆုံသွားသည်။

"အေးလေ…မေ ဘာကိုမျှော်လင့်နေတယ်ဆိုတာ
ငါထက် မင်းပိုသိမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



မြင့်လွင်အသံက အဝေးကြီးက ပျံ့လွင့်လာသလိုထင်ရ
သည်။ အခုချိန်မှာ မေ ဘာကိုမျှော်လင့်နေလဲ၊ ဘာကိုစောင့်စား
လဲဆိုတာ သီယံ သိသည်။ နားလည်းလည်ပါသည်။

“တိုက်တွန်းအားပေးတာတော့ မဟုတ်ဘူး၊ ဒါပေမဲ့
မင်း မေ့ကိုသွားတွေ့လိုက်ပါ၊ အဲဒါ မေ့အတွက် အကောင်း
အားဆေးပဲ သီယံ”

သီယံ ခေါင်းငိုက်စိုက်ကျသွားသည်။ အခုချိန် မေ့အတွက်
လိုအပ်နေတာက ငွေကြေးမဟုတ်။ ဆေးဝါးလည်းမဟုတ်။

ငွေကြေး၊ ဆေးဝါးထက် အစွမ်းထက် ချစ်ခြင်းမေတ္တာ
လူသားချင်း စာနာနားလည်နိုင်မည့် ကရုဏာ၊ အကြင်နာနှင့်
ဖေးမမှုများ။

“ခေါင့်အပေါ် သစ္စာဖောက်ခိုင်းတာ မဟုတ်ဘူးသီယံ
လက်ရှိအနေအထားမှာ မင်းနဲ့မေ့အတွက် အဖြစ်သင့်အဖြစ်ဆုံး
ဆုံး အနေအထားကိုပဲ ရွေးပြတာ”

မြင့်လွင်စကားကို သူဘာမှပြောရန်မရှိ။ လက်
မေ့အကြောင်းကိုသာ တွေးနေမိသည်။



“ငါ မေ့ကိုသွားတွေ့မယ် မြင့်လွင်”

ခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် သူပြောလိုက်တော့ မြင့်လွင်
က သီယံလက်ကို တင်းကြပ်စွာ ဆုပ်ကိုင်လိုက်၏။

“မင်းဆုံးဖြတ်တာ မှန်တယ် သီယံ၊ မေ့ကိုယ်စား မင်းကို
ကျေးဇူးတင်တယ်”

မေ့ကို သူသွားတွေ့သည်။

“မေ”

သူ့ကိုမြင်တော့ မေ့မျက်နှာပေါ်မှာ ခံစားချက်တစ်မျိုး
ဖြတ်ပြေးသွားတာ သူမြင်လိုက်ရ၏။ သို့သော် မေက ချက်ချင်း
ဘာမှမဖြစ်သလို တည်ငြိမ်မှုရအောင် ထိန်းလိုက်၏။

“ဘာကိစ္စရှိလို့ မေ့ဆီကို ရောက်လာတာလဲ ကိုကို၊
မေ့ကို သနားလို့ဆိုရင် ပြန်ပါ”

မေ့လေသံ အေးဆေးပေမယ့် ပြောသည့်စကားက
ပြတ်သားသည်။

“မေ”

မေက မထူး။

www.burmeseclassic.com

www.burmeseclassic.com



“ကိုယ် မေ့ကို သူငယ်ချင်းတစ်ယောက်အနေနဲ့တော့

တွေ့ခွင့်မရှိတော့ဘူးလား”

သူ့စကားအဆုံးမှာ မေ့အကြည့်တွေ သိဃ်ထံ ဖျတ်

ရောက်လာ၏။

“မေနဲ့ကိုကိုက ဘယ်တုန်းက သူငယ်ချင်းဖြစ်ခဲ့ဖူးလို့

ကိုကို”

“မေရယ်”

“မေ့ဘဝမှာ မေတစ်ယောက်တည်းနေတာ အသား

နေပါပြီ၊ မေ့ကို မသနားပါနဲ့”

“မေထင်သလိုမဟုတ်ဘူး မေ”

မေ ပြုံးသည်။

“ဘာလဲကိုကို၊ မေထင်တာ မှားတယ်ပေါ့ ဟုတ်လား”

သိဃ် မပြောနိုင်။ မေ၏ ဖြူဖျော့လှပသော မျက်နှာ

ကိုသာ ငေးကြည့်နေမိသည်။ သူ မေ့ကို စကားတွေအများ

ပြောပြီး အားပေးနှစ်သိမ့်ချင်ပေမယ့် လက်တွေ့မှာ မေ့မျက်နှာ

ကို ကြည့်ပြီး ဘာစကားမှ ပြောမထွက်။ နွမ်းလျစွာ ပြုံးနေသော







အပြုံးကိုမြင်တော့ သူ့ရင်မှာ နင့်ခနဲဖြစ်သွားသည်။

မေရယ်။ အစကတည်းက ကိုယ်တို့မတွေ့ကြရင်

ကောင်းသားကွယ်။ မေက စားပွဲတင်နာရီလေးကို တစ်ချက်လှမ်း

ကြည့်သည်။

“မေ ဆေးခန်းသွားရဦးမယ် ကိုကို”

မေ သူ့ကိုနှင်မှန်း သိဃ် သိပေမယ့် မေ့ကို စိတ်မဆိုး

တ်ပါ။

“မေ့ကို ကိုကိုလိုက်ပို့မယ်”

“ဒုက္ခမရှာပါနဲ့ ကိုကိုရယ်၊ မေတစ်ယောက်တည်း ဒီလိုပဲ

ခဲ့သွားနေကြပါ”

“အခု မေတစ်ယောက်တည်း မဟုတ်တော့ဘူးလေ၊

အားမှာ ကိုကိုရှိနေပြီ၊ မေ့ကို ကိုကိုလိုက်ပို့မယ်”

“ကိုကို”

“ပြောပါ မေ”

“မေ့ဘာသာပဲ သွားပါရစေ”

“ကိုကိုက ခွင့်မပြုဘူးဆိုရင်ရော”

www.burmeseclassic.com

www.burmeseclassic.com



အကြည့်ချင်း ဆုံသွားချိန်မှာ မေ့ကို သိယံ လှိုက်လှဲနူးညံ့

စွာ ပြုံးပြလိုက်ပေမယ့် မေကတော့ ပြန်မပြုံးပါ။ သူ့ကိုသာ တစ်ခါ

မှ မမြင်ဖူးသူတစ်ယောက်လို ပြန်ကြည့်နေ၏။

''မေဟာ ကိုကို့ညီမလေးပါဗျာ၊ ကိုကို့ညီမလေးနားမှာ

ကိုကို နေခွင့်ရှိတယ်မဟုတ်လား''

''အခုချိန်ကစပြီး မေဟာ ကိုကို့ညီမလေးဖြစ်သွားပြီ''

မေက သိယံစကားကို ဘာမှမပြောဘဲ အကြာကြီးငြိမ်သွား

သည်။

''ညီမလေးကို ကိုကိုကိုယ်တိုင် ဆေးခန်းလိုက်ပို့မယ်''

''မေ မလိုက်ချင်ဘူးဆိုရင်ရော''

''မရဘူး၊ ကိုကိုက ကိုကို့ညီမလေး ခွင့်မပြုမချင်း

ဒီအတိုင်းထိုင်နေမှာ''

''ကိုကိုရယ်''

မေ ရင်ထဲက ချစ်သူကို မြတ်နိုးအားကိုးစွာ ခေါ်လိုက်သံ

ကို ကိုကိုမကြားပါ။

''ခေါင်း မေ ကိုကို့နဲ့ ဆေးခန်းသွားမလို့ တံခါးလာဖွင့်

...း''

''ကောင်းပါပြီ ကလေး''

မေရယ်။

သိယံ ကားပေါ်မှာ မေက ချစ်စရာကောင်းသော ညီမ

...အဖြစ် သူနှင့်အတူ လိုက်ပါလာသည်။

''ကျေးဇူးတင်ပါတယ်''

''ဘာအတွက်လဲ ကိုကို''

''ကိုကို့နဲ့အတူ လိုက်လာပေးတဲ့အတွက်''

သူ့စကားအဆုံးမှာ မေက ချစ်စဖွယ် ရယ်သည်။

''မေက ကိုကို့ညီမလေးဆို''

''ဟုတ်ပါတယ်ဗျာ''

''မောင်နှမချင်း ကျေးဇူးတင်စကား ပြောစရာလိုလို့လား

...ကို''

''မေရယ်''

မေ့နာမည်လေးကို သိယံရင်ထဲက တိုးတိတ်စွာ ခေါ်လိုက်

...သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုသိလား"

"ပြောပါ မေ"

"မေတို့ရောဂါက မျိုးရိုးလိုက်တတ်တယ်လေ"

ကိုကို သိပြီးပါပြီဆိုသည့် စကားကို သိဃ် ပြောမထွက် ပါ။ မေကသာ သူ့စကားသူ နာကြည်းခံစက်စွာ အက်အက်ကွဲကွဲ ရယ်ပါသည်။

"နောက်ထပ် မေ အသေးစားလေးတွေကို မေ မမြင်ချင် မတွေ့ချင်၊ မရှိစေချင်တော့ဘူးလေ၊ အဲဒါကြောင့်"

မေ့စကားအဆုံးထိ မရောက်ခင်မှာ ငိုသံဖြင့် ထွန့်အက်လာ သည်။ မေ့အသံက သိဃ်ရင်ကို နာကျင်သွားစေသည်။ အခုမှ မေ့ရင်ထဲ သူနဲ့ပတ်သက်ပြီး ဘယ်လောက်နာကျင်ခံစားခဲ့ရသလဲ တာ သိဃ် ကိုယ်ချင်းစာလာမိ၏။

မေ့စကားအဆုံးထိ မရောက်ပေမယ့် မေ့ကို သူနားလည် ခဲ့ရပါပြီ။

"စိတ်မကောင်းစရာတွေ မတွေးပါနဲ့ မေရယ်၊ မေ ဘာကြောင့် ကိုကို့ကို ထားသွားလဲဆိုတာ ကိုကိုသိပါပြီ"

"တကယ်တော့ မေဟာ ကျိန်စာသင့်ခဲ့ရသူပါ ကိုကို"

ပြောရင်း မေ့ပါးပေါ် မျက်ရည်တွေ စီးကျလာတော့ သိဃ်ရင်ထဲ မေ့အတွက် စိတ်ထိခိုက်သွား၏။

"အခု မေ့နားမှာ ကိုကိုရှိနေပြီပဲ ညီမလေးရယ်"

"မငိုပါနဲ့ မေရယ်၊ မေ့မျက်ရည်တွေကို ကိုကို ရင်မဆိုင် ဘူး၊ အစထဲကသာ ဒီအဖြစ်တွေကို မေသာ ကိုကို့ကို ဖွင့်ပြောခဲ့ ယ်ဆိုရင်"

"ဖြစ်ချင်ရာဖြစ်ဆိုပြီး ကိုကို မေ့ကို လက်ထပ်မှာပဲမဟုတ် လား"

မေပြောတာမှန်နေသဖြင့် သိဃ် ဘာဖြေရှင်းချက်မှ မထုတ် ဘဲ ငြိမ်နေမိသည်။

"မေသိပါတယ် ကိုကိုရယ်"

"ကိုကိုချစ်သလို မေကလည်း သိပ်ချစ်လို့ ကိုကို ဘာမှ ခံစားစေချင်တာပါ၊ အခုတော့ ဘယ်လောက်ပဲ ကိုကိုနဲ့ဝေးအောင် ပြေးပြေး နောက်ဆုံးတော့ မေ့ရှေ့ကို ကိုကိုရောက်လာခဲ့ရတာပဲ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာက ရက်စက်လွန်းသည်။ သူတို့နှစ်ဦး ဘာကြောင့် ဒီအဖြစ်မျိုးနှင့် ဆုံတွေ့ပေးခဲ့ရတာလဲ။

"မေ့လုပ်ရပ်တွေက ကိုကို့အပေါ်မှာ တရားမျှတမှုရှိရဲ့လား၊ မေ့အချစ်တွေက ကိုကို့အပေါ် တစ်ကိုယ်ကောင်းဆန်နေပြီလား ကိုကို"

"ဘာလို့ အဲဒါတွေတွေးနေရတာလဲ မေ၊ အခုချိန်မှာ မေ လုပ်ရမှာက မေ့ကိုယ်မေ စိတ်ချမ်းသာအောင်နေဖို့ပဲ"

"မှန်တာပြောရရင် ကိုကို့နဲ့ခွဲခဲ့ရပြီးထဲက မေ့ဘဝမှာ တစ်ရက်မှ စိတ်မချမ်းသာခဲ့ရဘူး ကိုကို၊ အချိန်တိုင်း စက္ကန့်တိုင်း ကိုကို့ကိုပဲ သတိရနေမိတဲ့ မေပါ"

"မေရယ်"

"ကိုကို့ကို မေချစ်တယ်"

သူ နှုတ်ဆိတ်သွားတော့ မေသည် မချိပြုံးလေးပြုံးကာ

"ဆောရီးပဲ ကိုကိုရယ်၊ မေ လောဘကြီးသွားတယ်နော်၊ တကယ်ဆို ကိုကို့ကို မေ ဒီလိုမပြောသင့်ဘူး"

မေ့အသံက ကွဲကွဲအက်အက်နှင့် တိုးတိုးလေး ရယ်သည်။



ပါးပြင်ပေါ်မှာက မျက်ရည်တွေနှင့်။ မေ့အဖြစ်ကိုကြည့်ပြီး သိဃ် ဘယ်လိုမှ ဆက်ပြီးငြိမ်နေလို့မရတော့။

ကားကို လမ်းဘေးတစ်နေရာ ထိုးရပ်ပြီး ဖြူဖျော့ပါးလှပ်သော မေ့ကိုယ်လေးကို သူ့ရင်ခွင်မှာ တင်းကြပ်စွာ ပွေ့ဖက်ထားလိုက်၏။

"ကိုကိုရယ်...မေလေ"

"ကိုကိုသိပါတယ် ကလေးရယ်၊ မေချစ်သလို ကိုကိုကသည်း မေဆိုတဲ့ ညီမလေးကို ချစ်ပါတယ်ကွယ်"

"ကိုကို...မေ့ရဲ့ကိုကိုရယ်"

ပေါင်းဆုံနိုင်ခွင့်မရနိုင်သော လူနှစ်ယောက်အတွက် ချစ်တယ်ဆိုသောစကားက သိဃ်အတွက် မလိုအပ်ပေမယ့် မေ့အတွက်တော့ အလိုအပ်ဆုံးအချိန်မှန်း သိဃ် သိပါသည်။ သူ့ရင်ခွင်ထဲမှာ မေ့ကိုယ်လေး သိမ့်သိမ့်တုန်သည်အထိ ရှိုက်ငိုနေတာကို သူမတားမိ။ သူ့ကြောင့် မေ့ရင်ထဲက ဝမ်းသာကြည်နူးခြင်းတွေ ထာဝရ တည်တံ့ပါစေ။ မေ ပျော်နေတာကိုပဲ သူမြင်ချင်ပါသည်။

ဒါ ခေါင့်အပေါ်မှာ သစ္စာမဲ့ခြင်းမဟုတ်သလို ဖောက်ပြန်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းလည်းမဟုတ်ပါ။ ခေါင့်ကိုချစ်သည့် အချစ်နှင့် မေ့ကိုချစ်သည့် အချစ်ချင်း မတူတာကို သိဃ်သာ အသိဆုံးဖြစ်သည်။

"ကိုကိုရယ်"

မေ့ထံမှ ညည်းညူသံလေးက သူ့နှလုံးသားထဲ စီးဝင်သွားသည်။

ပူဇွေးသော မျက်ရည်စတွေ၏ အတွေ့ကြောင့် သိဃ် မေ့ကိုယ်လေးကို ပို၍ ဖျစ်ညှစ်ထွေးဖက်ပစ်လိုက်၏။ မောင့်ကို ခွင့်လွှတ်ပါ ခေါင်။

နူးညံ့သော မေ့လက်လေးတွေက သူ့ကိုယ်ကြီးကို မမ်မကာမ်း သိုင်းဖက်လာပြီး...

"မေ ကျေနပ်ပြီ ကိုကို၊ မေ့ရဲ့နောက်ဆုံးအချိန်တွေကို ကိုကို့အချစ်တွေနဲ့ မေ ပျော်ပျော်ကြီး ရင်ဆိုင်နိုင်ပါပြီ"

"မေရယ်"

ခွဲခွာခြင်းက မေနှင့်သိဃ်ကို ကြိုဆိုနေ၏။

"ချစ်ပေမယ့်လည်း ကိုယ်ချစ်တဲ့လူနဲ့ မပေါင်းဆုံရတာ လောက် ရင်နာရတာမျိုး မရှိဘူးနော်၊ ဒါပေမယ့် ကိုကိုရယ် ကိုကို



မေ့ကိုချစ်နေတုန်းပဲဆိုတဲ့အသိနဲ့ မေ ကျေနပ်တယ်"

ပူနွေးသော မျက်ရည်တွေက သူ့ပါးပြင်ကို စိုလူးလာပြန်သည်။

ရှိုက်သံသဲ့သဲ့လေးက မေ့ထံက ထွက်ပေါ်လာတော့ သိဃ် နှလုံးသားတွေ နာကျင်သွားကာ မေ့ကိုယ်လေးကို ရင်ချင်းအပ်တင်းတင်းထွေးဖက်ပစ်ကာ မေ့နဖူးပြင်ကို ဖွဖွညင်သာ နမ်းရှိုက်လိုက်၏။

နူးညံ့ဖွယ်ရာ အထိအတွေ့။

သိမ်မွေ့သော အနမ်းများ။

မေ့ရင်မှာ တသိမ့်သိမ့် နွေးလာသည်။

မေ့ထံမှ အတောက်ပဆုံးအပြုံးကို သူမြင်ရသည်။

"ကျေးဇူးပါပဲ ကိုကို၊ မေ့ကို ကိုကိုချစ်တဲ့အတွက်"

မေ့အပြုံးကိုမြင်တော့ သူ့ရင်မှာ အေးမြသွားသည်။

သူတို့နှစ်ဦးအတွက် အချိန်ကာလတစ်ခုတည်းသာ ရှိသည်။ ထိုအချိန်ကာလကို လွန်မြောက်ဖို့ သိဃ် မေ့အနားမှာ ရှိနေမှဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကြောင့် မေ ခံစားနေရတာမျိုးကို မလိုချင်။ သိ
ကြောင့် ပြုံးပျော်နေမည့် မေ့မျက်နှာလေးကိုသာ သိယ် မြင်လို

❖ ❖ ❖

## အခန်း [၁၁]

"ဟင်"

ရှေ့တွင်မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ထိပ်ခေါင်တင်မှာ အသက်မဲ့သွားသူတစ်ယောက်လို ဖြစ်သွားသည်။

"မောင်...မောင်ပါလား"

ထိပ်ခေါင်တင်မှာ မောင်နှင့်အတူ မောင့်လက်မောင်းကို တွဲချိတ်ကာ ထွက်လာသော မိန်းကလေးကြောင့် မျက်ဝန်းများ ပြာဝေသွားသည်။

မောင်ကတော့ ထိပ်ခေါင်တင်ကို မမြင်ပါ။ ကော်ဖီသောက်ပြီး မေနှင့်အတူ ဆိုင်ထဲမှ ထွက်လာပြီးနောက် ကားပေါ် တက်ကာ ကားမောင်းထွက်သွားသည်။

www.burmeseclassic.com

ထိပ်ခေါင်တင် မောင့်ကားလေး မျက်စိအောက်က ပျော် ကွယ်သွားတဲ့အထိ ရင်မှာ အုံ့ညှိုးခြင်းတွေနှင့် ငေးကြည့်နေ၏။

မောင် ဒီမိန်းကလေးနှင့် ဘယ်လိုပတ်သက်နေပါလို ခုတလော မောင့်အမူအရာတွေ တစ်မျိုးဖြစ်နေတာ ခေါင် သိသည် ဒါပေမယ့် ဘာအတွက်ကြောင့်ဆိုတာတော့ ခေါင် မသိ။

မောင်နှင့်ပတ်သက်ပြီး ထိပ်ခေါင်တင် အတွေး နက်ရှိုင်းသွား၏။ 'ချစ်တယ်'ဆိုသောစကားလုံးတွေအောက် မောင့်အပေါ် ယုံကြည်စွာနှင့် ထားခဲ့ခြင်းက ခေါင့်အမှားများဖြ သည်။

ထိပ်ခေါင်တင်ရင်ထဲ ဘယ်နေရာကမှန်းမသိ နာကျင်သ သည်။

အပြုံးတွေနှင့် မောင့်ဘေးမှ မောင့်လက်ကို ပိုင်ပိုင်တွဲ လာသော မိန်းကလေးက မောင်နှင့် သာမန်ပတ်သက်မှုမျိုး မဖြစ်နိုင်။

ခေါင်လည်း ခေတ်လူငယ်မို့ အခြေအနေတစ် ကြည့်တာနှင့် နားလည်သင့်သလောက် နားလည်သည်။



ဒါဖြင့် မောင်နှင့် ဒီမိန်းကလေး၏ ပတ်သက်မှုကရော။

''ဟင်''

ထိပ်ခေါင်တင် သွေးတွေတဒိတ်ဒိတ်နှင့် တိုးလာသည်။

မောင်။ မောင် ခေါင့်နောက်ကွယ်မှာ။ အို အတွေးနှင့်ပင် ိပ်ခေါင်တင်တစ်ကိုယ်လုံး သွေးတွေ ရပ်ဆိုင်းသွားမတတ်။

ကိုယ်တိုင်မြင်တွေ့ခဲ့၍သာ မဟုတ်ပါဟု ငြင်းဖို့ကလည်း ဖြစ်။ ပြုံယိုင်မတတ် ဆောက်တည်ရာမရသည့် အခြေအနေတစ်ခု ာက်မှာ ထိပ်ခေါင်တင် တင်းလျက် သူမကိုယ်သူမ ပုံမှန်ဖြစ် ာင် မနည်းကြိုးစားလိုက်ရ၏။ စိတ်လှုပ်ရှားလွန်းသဖြင့် အလုပ် ဆက်မသွားနိုင်တော့ဘဲ အိမ်သို့ပြန်ခဲ့သည်။

ခေါင့်အပြန်လမ်းက အားအင်ကုန်ဆုံးလျက် လမ်းပျောက် သည့် လူတစ်ယောက်ပုံစံမျိုး။

ခေါင့်ရင်ထဲမှာ ဝမ်းနည်းခြင်းတွေနှင့် ထိခိုက်ကြေကွဲနေ ည်။ မောင် ခေါင့်အပေါ် တကယ်ပဲ ရက်စက်ပြီလား။

ဟင့်အင်း မောင့်ကို ခေါင် ချစ်တယ်။

ခေါင်ချစ်တဲ့ မောင်ဟာ ဒီလိုယောကျ်ားမျိုးမဟုတ်နိုင်ပါ။

www.burmeseclassic.com



ပြီးတော့ မောင် ခေါင့်ကို သိပ်ချစ်သည့်လူတစ်ယောက်။ အခု

အတွင်းမှာ မောင် သူ့ရင်ခွင်ထဲကို ခေါင်မဟုတ်သည့် တ

မိန်းကလေးတစ်ယောက်ကို အလွယ်တကူ ဝင်ရောက်ခွင့်မ

မောင့်အချစ်တွေကို ခေါင် ယုံနေသည်။

ခေါင် ဘာတွေအတွေးခေါင်နေပါတာလဲ၊ ခေါင်မြင်ခဲ့

အခြေအနေကို လက်မခံလိုစိတ်နှင့် ထိပ်ခေါင်တင် ဖွတ်အ

ထိုအတွေးတွေကို ဖယ်ထုတ်ပစ်လိုက်ပေမယ့် မရ။

နှစ်ဦးသား ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမောနှင့် ဆ

ဆိုင်ထဲမှ ထွက်လာသော မောင်နှင့် ထိုမိန်းကလေးရုပ်သ

ထိပ်ခေါင်တင်မျက်ဝန်းထဲ တရစ်ဝဲဝဲရှိနေဆဲပင်။

လူက အိမ်ပြန်ရောက်၍ အနားယူနိုင်ပေမယ့် ထိပ်

တင် စိတ်တွေကတော့ နည်းနည်းမှ အနားမယူ။

မောင်နှင့် ထိုမိန်းကလေးအကြောင်းကိုသာ တွေးနေ

ခဏလေး တွေ့လိုက်ရသည်ဆိုပေမယ့် ထိုမိန်းက

အလှတွေက ထူးခြားနေတာကိုလည်း ထိပ်ခေါင်တင် သတိ

လိုက်သည်။



သူမအလှတွေကို မြင်တွေ့သွားခဲ့ပြီလား။ စိုးရိမ်မှုအတွေး

မျတွေနှင့် ခေါင့်ရင်မှာ ပူလောင်လာသည်။

ခေါင် တစ်ခုခုလုပ်မှ ဖြစ်တော့မည်။ အရင်က မောင့်

အပေါ် ချစ်စိတ်တွေနှင့် ယုံကြည်ပေးခဲ့သော ထိပ်ခေါင်တင်၊ ခုတော့

ပြင့် ရင်မှာ ပူလောင်စိုးရိမ်ဝန်တိုမှုတွေနှင့် မောင်နှင့်ပတ်သက်သမျှ

ခံစမ်းရှုံ ဆုံးဖြတ်လိုက်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

"ကိုကို"

"ဗျာ"

"ခု ဘယ်သွားနေတာလဲဟင်"

"ဘယ်သွားတယ်လို့ မေက ထင်လို့လဲ"

"မေ မထင်တတ်ပါဘူး ကိုကိုရယ်"

"ကိုယ် ဘယ်သွားသွား မေက လိုက်ခဲ့ပေါ့"

"ကိုကိုက မေ့ကို တကယ်ခေါ်ရဲလို့လား"

"မေရယ်"

သီဟ် ကားမောင်းရင်းပင် မေ့လက်လေးတစ်ဖက်ကို သွားဆုပ်လိုက်သည်။

"ကိုကို့ကို မေချစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လည်း မေ့ကိုချစ်ပါတယ်"

"ကျေးဇူးတင်ပါတယ် ကိုကို"

လှပသော မေ့မျက်နှာလေး ဝင်းလက်သွားတာကို ကြည့်ပြီး သူပြုံးလိုက်သည်။

"ကိုကိုကလည်း မေ့ကို ကျေးဇူးတင်ပါတယ်ဗျာ"

"ဒါဆို ကျေပြီပေါ့"

နှစ်ယောက်အတူ ရယ်မိကြသည်။

သို့သော် မေ့အပြုံးက ကြာရှည်မခံ။ တွေဝေငေးငိုင်သွားသော မေ့ကိုကြည့်ပြီး သီဟ် သက်ပြင်းချလိုက်သည်။

"အခုချိန်ကြမှ ဘာလို့ ကိုကိုနဲ့ပြန်တွေ့ရတာလဲ မသိဘူး နော်"

"ကံတရားက မေ့ဘက်မှာရှိလို့နေမှာပေါ့"

မေက သီဟ်စကားကို ဘာမှမပြော။ အပြုံးနှင့် သီဟ်ကို ငေးကြည့်နေ၏။

"ကိုကို့မှာ ချစ်သူရှိလားဟင်"

မေ့စကားကြောင့် သီဟ် ခေါင့်မျက်နှာလေးကို ပြေးမြင်



မိပေမယ့် မေ့ကို ထိုအကြောင်းတွေ ပြောပြလို့မဖြစ်။

"စိတ်ချမ်းသာအောင်သာနေစမ်းပါ မေရယ်၊ ဘာလို့ ါတွေမေးနေတာလဲ"

"မေ သိချင်လို့ပါ၊ ကိုကို့မှာ ချစ်သူရှိနေရင် မေ့နားကို ကို အခုလိုနေတာ ကြိုက်မှာမဟုတ်ဘူးလေ"

မေ့စကားကြောင့် သူပြုံးသည်။

"မေက ကိုယ်ချင်းစာတယ်ပေါ့"

"ဒီလိုကိစ္စ ဘယ်သူသဘောထားကြီးနိုင်မှာလဲ"

"ကိုကို့မှာ ချစ်သူရှိမှာပေါ့"

"ရှိတယ်"

သီဟ်စကားကြောင့် မေ မျက်နှာပျက်သွားသည်။

"အဲဒီကောင်မလေးနာမည်က မေ"

"ကိုကိုရယ်"

မေ့ပါးပေါ် မျက်ရည်တွေ လျှာခနဲ ပြုတ်ကျလာ၏။ သော် လှပသော မေ့မျက်နှာလေးက ပြုံးလျက်။ သီဟ် ပါးပြင်ပေါ်က မျက်ရည်တွေကို အသာဖွဖွ သုတ်ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



“ဘာလို့ငိုရတာလဲ မေရယ်”

“မေ ဝမ်းသာလို့ပါ ကိုကိုရယ်၊ မေလေ”

“အို”

“ဟာ…မေ ဘာဖြစ်တာလဲ”

မေ့မျက်နှာလှလှလေး သွေးစုပ်သလို ဖြူဖျော့လျ… လက်ကလေးတွေပါ ချွေးစေးပျံကာ အေးစက်လာသဖြင့် သိ… လန့်သွားသည်။

“မေ့အခြေအနေက နောက်ဆုံးအချိန်တွေပဲ သိယံ၊ ဆေး… ထိန်းတာပဲရှိတယ်၊ အချိန်မရွေး တစ်ခုခုဖြစ်သွားနိုင်တယ်ဆိုတ… မင်း မမေ့ပါနဲ့”

မြင့်လွင်စကားသံတွေ ပြန်ကြားပြီး သိယံရင်ထ… မေ့အတွက် ပူလောက်လာ၏။

“မေ”

မေ၏ နက်မှောင်သော မျက်ဝန်းလေးတွေကလည်း အရည်လဲ့နေသည်။

“မေ ဘာမှမဖြစ်ပါဘူး ကိုကို၊ ဆေးသောက်လိုက်ရ…



ကောင်းသွားမှာပါ၊ မေ့အိတ်ထဲမှာ ဆေးပါတယ်”

တစ်ယောက်ကိုတစ်ယောက် နက်ရှိုင်းသောအကြည့်တွေနှင့် သူတို့နှစ်ယောက်ကြား စကားသံတွေသည်လည်း တိတ်ဆိတ်နေသည်။ မေ့အိတ်ထဲ အသင့်ဆောင်ထားသော ဆေးကို သိယံကိုယ်တိုင် မေ့ကို ကြင်နာစွာတိုက်ပေမယ့် မေ့ပုံစံလေးက ထူးခြားတိုးတက်လာခြင်း မရှိပါ။

“ကိုကိုတို့ ဆေးခန်းကို သွားကြမလား”

“ဟင့်အင်း…မေ့နားမှာ ကိုကိုရှိရင် မေ့အတွက် ပြည့်စုံပါပြီ”

“ဒါပေမယ့် မေ သိပ်အားနည်းနေတယ်၊ ကိုကိုတို့ မြင့်လွင်ဆီ သွားကြမလား မေ”

“မသွားချင်ပါဘူး ကိုကိုရယ်၊ မေ့အခြေအနေကို မေ သိပါတယ်”

ဖူးညွှတ်နေသော နှုတ်ခမ်းလှလှက သွေးရောင်ကင်းမဲ့စွာ ဖြူဖျော့လျက်။ အေးစက်နေသည့် မေ့လက်ကလေးတွေကို ဆုပ်ကိုင်ထွေးယူရင်း သိယံရင်ထဲ မွန်းကြပ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပုံနှင့် မေ့ကို သူလက်လွှတ်ဆုံးရှုံးရတော့မည်ဆိုသော အသိက သိဃ်ရင်ကို လာထိသည်။

မေ့အတွက် သူ့ရင်မှာ နာကျင်နေ၏။ သူ့မျက်စိရှေ့မှာ မေ့အခြေအနေတွေက တစ်နေ့တခြား သိသိသာသာပြောင်းလာတာ သူသိသည်။

"ကိုကို"

"ပြောပါ မေ"

"မေ မရှိတော့ရင်လေ"

"မေ ရှိနေမှာပါ ကလေးရယ်"

သိဃ်စကားကို မေက ရယ်သည်။ နာကျင်သောအက်သံမျိုးဖြစ်၍ ရယ်သံနှင့်မတူ။ ငိုသံနှင့်သာတူသော မေ့ရယ်သံ။

"အချိန်တန်တော့လည်း မသွားချင်ဘဲနဲ့ သွားရဦးမှာပေါ့ ကိုကိုရယ်၊ နောက်ဘဝတွေရှိရင် မေချစ်တဲ့ ကိုကို့နဲ့ ပြန်ဆုံပါရစေ"

"မေ့ဆုတောင်းတွေ ပြည့်မှာပါ မေရယ်"

"ကိုကို့ကို မေ ဘယ်တော့မှမမေ့ဘူး"

"ကိုကိုကလည်း မေ့ကို သတိရနေမှာပါ မေ"



"တကယ်လား ကိုကို"

"တကယ်ပေါ့"

"ကိုကို့ချစ်သူက ကြိုက်မယ်မထင်ဘူး"

"မေ"

"ကိုကို့မှာ ချစ်သူရှိတာ မေသိပါတယ် ကိုကို"

မေ့ကို တင်းတင်းလေး ထွေးဖက်လိုက်သည်။

"ကိုကို့ကို မေ အပြစ်တင်နေတာမဟုတ်ပါဘူး"

"ကိုကို့ချစ်သူကို မေလည်း ချစ်ပါတယ်"

"မေ"

"ရှင်"

"ဘာလို့ အဲဒါတွေပြောနေတာလဲ မေရယ်"

"မေ စိတ်ဆင်းရဲမှာစိုးလို့လားဟင်"

သူ ခေါင်းညိတ်လိုက်တော့ မေက ပြုံးပြီး သူ့မျက်နှာကို ကြည့်နေ၏။

"ကိုကို မသိစေချင်တာကို မေ သိနေတာ မေ့ကိုခွင့်လွှတ် ... ကိုကိုတို့နှစ်ယောက်အတွက် မေ လက်ဖွဲ့ပစ္စည်း အသင့်ပြင်

www.burmeseclassic.com

www.burmeseclassic.com



ထားပြီးပါပြီ''

''မေက''

''ဟုတ်တယ် ကိုကို၊ ကိုကိုနဲ့ ထိပ်ခေါင်တင် လက်ထပ်ပွဲအတွက် မေ ပေးခဲ့မယ့် ပထမဆုံးနဲ့နောက်ဆုံးလက်ဆောင်လေးပါ''

''ဒီမှာလေ''

မေက သူ့မလက်ကိုင်အိတ်ထဲက ကတ္တီပါဗူးနီနီလေးကို ထုတ်ပြီး သိဃ်လက်ထဲ လာထည့်တာကို သိဃ် မယူမိ။ မေ့အတွက် သူ့ရင်မှာ ခံစားမှုပေါင်းစုံနှင့် စိတ်ထိခိုက်နေ၏။ မေက သူမဘာသာ ရတနာထည့်ထားသည့် ဗူးလေးကိုဖွင့်ပြီး သိဃ် လက်ထဲ ဆွဲကြိုးလေးတစ်ကုံး လာထည့်သည်။

''ထိပ်ခေါင်တင်ဆိုတဲ့ နာမည်နဲ့လုပ်ထားတာ၊ သူ့ကို ကိုကိုကိုယ်တိုင် ဆွဲပေးလိုက်ပါ''

''မေပဲပြန်သိမ်းထားပါ မေရယ်၊ ကိုကိုတို့အတွက် ဒါရေ မလိုပါဘူး''

''မေသိပါတယ်၊ ကိုကိုတို့အတွက် မလိုဘူးဆိုတာကိုလေ



ဒါပေမယ့် မေက ပေးချင်နေတော့ ဘယ်လိုလုပ်ရမှာလဲ ကိုကို''

''ကိုကို မယူဘူး မေ၊ မေ့ကျန်းမာရေးအတွက်ပဲ မေ သုံးပါ''

''ကိုကိုထင်သလောက် မေက မခွဲသေးပါဘူး ကိုကိုရယ်၊ ကိုကိုတို့အတွက် မေ့ဘက်က ဒီလောက်တော့ လက်ဖွဲ့နိုင်ပါသေးတယ်''

''မေ စိတ်ချမ်းသာစေချင်တယ်ဆိုရင် ဒါလေးကို ကိုကို လက်ခံထားလိုက်ပါ''

''ဒီပစ္စည်းလေးကို ကိုကို လက်ခံစေချင်ရင် မေလည်း ကိုကို့စကားကို နားထောင်ရမယ်''

''ဘာလဲ ကိုကို''

''ကိုကိုနဲ့အတူ မေ ဆေးခန်းကို လိုက်ခဲ့ပါ''

''မေ မသွားချင်ဘူး ကိုကိုရယ်၊ အဲဒီနေရာတွေကို မေ မုန်းတယ်''

''မသွားပါရစေနဲ့ ကိုကိုရယ်နော်''

မေက ဆေးရုံ၊ ဆေးခန်းစကားကို မကြားချင်အောင်

www.burmeseclassic.com

www.burmeseclassic.com



မုန်းနေတော့ သူဘာပြောရမှန်းမသိ။ လက်ရှိ မေ့အခြေအနေကလည်း ဆေးရုံကို ပြသင့်သည့်အခြေအနေ။

"တခြားဆေးရုံ၊ ဆေးခန်း မသွားချင်ရင်လည်းနေ… မေရယ်၊ မြင့်လွင်ဆေးခန်းကိုတော့ ကိုကိုနဲ့အတူ မေလိုက်ခဲ့ရမယ်"

"ဒါမှ မေပေးတဲ့ပစ္စည်းလေးကို ကိုကို လက်ခံနိုင်မယ်"

မေ့ဘက်က အကြာကြီး ငြိမ်သွားသည်။ ပြီးမှ … သူ့ကို အလှဆုံးပြုံးပြပြီး ခေါင်းလေးကို ဆတ်ခနဲညိတ်သည်။

"တစ်ခုလိုချင်ရင် တစ်ခုပေးဆပ်ရမှာပေါ့လေ၊ ကို… စကားကို မေ သဘောတူပါတယ်"

မေ့စကားက သူ့နှလုံးသားကို နာကျင်စေပေမယ့် … မတတ်နိုင်။ မေ့ကို မြင့်လွင်ဆေးခန်းရှိရာသို့ ဦးဆောင်ခေါ်ခဲ့သည်။

❖ ❖ ❖

## အခန်း (၁၂)

"အဲဒီမိန်းကလေးနာမည်က မေတဲ့လား မောင်"

"ခေါင်"

ထိပ်ခေါင်တင် နှုတ်ဖျားမှ မေ့နာမည်ကို ကြားရသဖြင့် သိယ်ကိုယ်ကြီး ဆတ်ခနဲတုန်သွားသည်။

ထိပ်ခေါင်တင် မေ့နာမည်ကို ဘယ်လိုများ သိနေတာပါလိမ့်။

"ဘာလဲ မေ့နာမည်ကို ခေါင်သိနေလို့ အံ့ဩနေလား မောင်"

စူးလက်နေသော ထိပ်ခေါင်တင် မျက်ဝန်းတွေက သူ့ရင်ထဲကို ထိုးဖောက်မြင်နေသလို။

www.burmeseclassic.com

www.burmeseclassic.com



ခေါင့်အကြည့်တွေကြောင့် သိဃ် မျက်နှာပျက်သွား၏။

"မေ့ကို ခေါင် ဘယ်လိုသိတာလဲ"

သူ့အသံက မသိမသာ တုန်ခါသွားသည်။ ခေါင့်ရှေ့တွင် သိဃ်က အပြစ်ရှိသူတစ်ယောက်ဖြစ်နေသည်။

"အဟင်း…ဟင်း မောင်ရယ်၊ မောင်က ခေါင့်ကို သိပ်ပြီး လျှော့တွက်ခဲ့တာကိုး၊ အေးလေ ဒါကြောင့်လည်း မေ့လိုမိန်းကလေး က မောင့်ဘေးမှာ ရှိနေခဲ့တာပေါ့"

သေချာပြီ။

ထိပ်ခေါင်တင် သူနှင့်မေ့အကြောင်းကို သိနေပြီဆိုတာ။

နာကျင်မှုတွေနှင့် ခနဲ့တဲ့တဲ့ ခေါင့်စကားတွေနှင့်အတူ တစ်စုံ တစ်ယောက်အပေါ် ခွင့်မလွှတ်နိုင်သည့် အရိပ်အယောင်များကို သူမြင်နေရ၏။ ထိုတစ်စုံတစ်ယောက်က မေလား၊ သိဃ်ကိုလား။

"ဒီမှာ မောင်"

"မောင့်ကိုခွင့်လွှတ်ပါ ခေါင်"

သူ့စကားကြောင့် ခေါင့်မျက်နှာလေးမှာ ဟန်မဆောင်နိုင် အောင် ပျက်သွားရပြီး…



"ခွင့်လွှတ်ရမယ် ဟုတ်လား မောင်၊ ခွင့်လွှတ်တယ်ဆို တာ အပြစ်ရှိတဲ့သူ၊ အပြစ်လုပ်ထားတဲ့သူကိုမှ ခွင့်လွှတ်ရမှာ၊ မောင်က"

"မောင် တောင်းပန်ပါတယ်"

"ဟင်"

မဟုတ်ပါစေနှင့်ဟု ဆုတောင်းပေမယ့် ခေါင့်ဆုတောင်း ပြည့်ခဲ့ပါ။ 'တောင်းပန်ပါတယ်'တဲ့။ ဒါ သူ့အမှားတွေကို ဝန်ခံလိုက်တာနှင့် အတူတူဖြစ်သည်။

ရုတ်ခြည်းတော့ ခေါင့်အတွက် ကမ္ဘာကြီးက အရုပ်ဆိုး အကျည်းတန်သွားသည်။

"အားလုံး မောင့်အမှားတွေပါ ခေါင်၊ အဲဒီအမှားတွေ အတွက်လည်း မောင့်ကိုခွင့်လွှတ်ဖို့ မောင် မတောင်းဆိုချင်ပါဘူး၊ အားလုံးဟာ မောင့်အပြစ်တွေပါပဲ၊ တကယ်တော့ မေဟာ"

"မပြောနဲ့၊ ကျေးဇူးပြုပြီး အဲဒီနာမည်ကို မောင့်နှုတ်ဖျား က ထည့်မပြောနဲ့၊ ဒါတွေအားလုံးဟာ တကယ်မဟုတ်ဘူးမို့လား၊ ဟုတ်ဘူးလို့ ပြောလိုက်စမ်းပါ မောင်၊ မောင်နဲ့ အဲဒီမိန်းမ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ခဲ့ဘူးလို့ ခေါင့်ကို ပြောလိုက်စမ်းပါ''

ထိပ်ခေါင်တင်မှာ ဆောက်တည်ရာမရနိုင်အောင်ပင် နှလုံးသားတွေ နာကျင်နေ၏။

ဘယ်တုန်းကမှ ဘယ်သူတစ်ဦးတစ်ယောက်အတွက်မှ မခံစားဖူးသည့် ခံစားမှုတွေကလည်း ရင်မှာ အလုံးအရင်းဝင်ရောက်လာလျက် နှလုံးသားတစ်ခုလုံးက နာကျင်နေသည်။

အခုတော့ မောင့်နှုတ်က ကိုယ်တိုင်ဝန်ခံနေ၏။ ခေါင်တစ်ကိုယ်လုံး ထူပူပြာဝေနေ၏။

တကယ်တမ်း မောင့်နှုတ်က ကိုယ်တိုင်ဝန်ခံလာသော ခေါင် ဘာလုပ်ရမှန်းမသိ။

ခေါင့်နှလုံးသားအစုံမှာ ခံနိုင်ရည်မရှိနိုင်တော့။

''မဟုတ်ဘူး ခေါင်၊ မောင်နဲ့သူ''

''ဦးသိဃ်''

ခေါင့်အသံက စူးရှစွာ အထိတ်တလန့် ထွက်ပေါ်လာ၏။

''ပြောပါ ခေါင်''

''ရှင်တို့ တကယ်ဖြစ်ခဲ့ရတာပေါ့ ဟုတ်လား''



''ဟုတ်တယ်၊ ဒါပေမဲ့ ကြာခဲ့ပါပြီ''

''မေဟာ မောင့်ရဲ့အချစ်ဦး ဖြစ်ခဲ့ဖူးတယ် ခေါင်''

''ဟင်''

''ခေါင် ခံစားရမှာသိပေမယ့် ခေါင့်ကိုလည်း မောင် ညာချင်ဘူး''

လိမ့်ဆင်းနေသော မျက်ရည်စတွေနှင့် နှုတ်ခမ်းမှသွေးများပင် စို့သည်အထိ တင်းကြပ်မှုတွေနှင့် ပေါက်ကွဲစွာခံစားနေရသော ထိပ်ခေါင်တင်ကိုကြည့်ပြီး သိဃ်ရင်ထဲ ခေါင့်အတွက် စိတ်မသက်သာ ဖြစ်နေမိပေမယ့် မေ့ကိုလည်း ပစ်ပစ်ခါခါ လုပ်ပစ်ဖို့ သူ့နှလုံးသားကို မရက်စက်နိုင်။

''အခု ရှင်ဘာလုပ်မှာလဲ ဦးသိဃ်၊ မိန်းမနှစ်ယောက်ကို တစ်ပြိုင်တည်း လှည့်စားနေတာဟာ ရှင့်ရဲ့အတ္တကြီးမှု၊ တစ်ကိုယ်ကောင်းဆန်မှုလား''

''ခေါင့်ကို သစ္စာဖောက်သလို ဖြစ်ချင်လည်း ဖြစ်နေမယ်၊ ဒါပေမယ့် မောင်တကယ်ချစ်တာက ခေါင်တစ်ယောက်တည်းပါ ဆိုတာ ခေါင် ယုံပါ''

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို မောင်ချစ်တာ ခေါင်တစ်ယောက်တည်း
ဟုတ်လား"

"ဟုတ်တယ်၊ မောင် လက်ထပ်မယ့်သူကလည်း ခေါင်ပဲ
ခေါင့်ကို မောင်ချစ်တယ်"

ခေါင် သူ့မျက်နှာကို တစ်ခါမှ မမြင်ဖူးသူတစ်ယောက်လို
ငေးကြောင်ကြည့်နေမိသည်။

"ခေါင်"

"ရှင် ခေါင့်နာမည်ကို မခေါ်နဲ့ ဦးသိယံ၊ ရှင့်ကို ခေါင်
မုန်းတယ်၊ ရှင့်မျက်နှာကိုလည်း ခေါင် မမြင်ချင်ဘူး"

"ခေါင်"

ခေါင့်နာမည်ကို ခေါ်ပေမယ့် ခေါင် သူ့ကိုလှည့်မကြည့်
တော့ဘဲ နေရာက ချာခနဲ လှည့်ပြေးသွား၏။ သိယံ ဘာမှမတတ်
နိုင်တော့။ ခေါင်းငိုက်စိုက်ချလျက် တွေဝေငြိမ်သက်နေမိ၏။ အချစ်
ကြီးတော့ အမျက်ကြီးတတ်တာ သဘာဝဖြစ်သည်။ ခေါင် သူ့ကို
ဘယ်လောက်ချစ်တယ်၊ ဘယ်လောက်အားကိုးတယ်ဆိုတာ သိယံ
သိသည်။ ခေါင့်ရင်ထဲက ခံစားချက်တွေကိုလည်း စာနာနားလည်



သည်။ ခေါင့်ကို စာနာနားလည်နိုင်ပေမယ့် သိယံရင်ထဲ ခံစားချက်
တွေကိုတော့ မည်သူက ခံစားနားလည်ပေးမည်မသိ။

"အကောင်းဆုံးကတော့ မေ့ကို ဆေးရုံအမြန်ဆုံးတက်
ခိုင်းတာ အကောင်းဆုံးပဲ သိယံ၊ မေ့ကို မင်း ရအောင်တိုက်တွန်း
ပါ"

မြင့်လွင်စကားတွေက ဘယ်နေရာကမှန်းမသိ သူ့ထံ
ပျံ့လွင့်လာ၏။

မောင့်ကို အပြစ်ပေးလိုက်ပါ ခေါင်ရယ်။ မောင့်ကို
နာကြည်းလိုက်စမ်းပါ။ ဒါပေမယ့် မင်း မောင့်ကိုတော့ မုန်းမသွား
ပါနဲ့။

ခေါင် မုန်းသွားမှာကိုတော့ သိယံ ကြောက်ပါသည်။
သူလိုချင်တာက ခေါင်ရဲ့ အမုန်းတွေမဟုတ်။ ခေါင့်အချစ်တွေကို
သာ မြတ်နိုးကိုးကွယ်ချင်သူ။

ခေါင့်အနေနဲ့ကြပြန်တော့လည်း သိယံ ယောကျ်ားမာယာ
တွေနဲ့ လှည့်စားနေသလို ဖြစ်နေမည်ထင်သည်။ အဖြစ်မှန်က ထိုသို့
မဟုတ်။ ခေါင့်ကိုရှင်းပြဖို့ ကြိုးစားပေမယ့် ခေါင်က လက်မခံ။

www.burmeseclassic.com

www.burmeseclassic.com



သူ ဘာပြောပြော ခေါင်က လက်ခံမည်မဟုတ်မှန်း သူသိသည်။

တစ်နေ့ ဒီလိုပြဿနာတွေနှင့် ရင်ဆိုင်လာရလိမ့်မည်ဟု သိဃ်ကိုယ်တိုင်လည်း မျှော်လင့်ထားခြင်းမရှိ။ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ သက်ပြင်းချသံနှင့်အတူ နေရာကလှည့်ထွက်အလာမှာ ခေါင်ကတော့ သူမအပေါ်မှာ သစ္စာဖောက်သူအပေါ်မှာ ဘာတစ်ခုမှ နားမလည်နိုင်အောင် ဖြစ်နေ၏။ ဒီကြားထဲ မောင်ကိုယ်တိုင်က မေဟာ သူ့အချစ်ဦးပါဟု ဝန်ခံလိုက်တော့ ပိုဆိုးသည်။

ခေါင့်အပေါ်မှာ မောင် ရက်စက်တယ်။ ခေါင့်ရင်ထဲ ချစ်ခြင်းတွေကို မောင် ရက်စက်စွာ အလွဲသုံးစားပြုရက်သည်။

ဒါဟာ ခေါင့်ကို သိပ်ချစ်ပါသည်ဆိုတဲ့ ယောက်ျားတစ်ယောက်ရဲ့ ချစ်ခြင်းတွေလား။ ရင်မှာ ဆစ်ခနဲနာကျင်သွားသည်။ ခေါင့်ရင်ထဲက မျှော်ရှင်မှုတွေကို မောင် ဘာကြောင့် လွယ်လွယ်နှင့် ရိုက်ချိုးဖျက်ဆီးခဲ့ရတာလဲ။

ခေါင် ထိန်းထားသည့်ကြားက မျက်ရည်တွေက ပိုးရိုးပေါက်ပေါက် ကျလာသည်။

ဟင့်အင်း သစ္စာဖောက်သူတစ်ယောက်။ အချစ်ကို အလွဲသုံးစားလုပ်တဲ့သူတစ်ယောက်အတွက် မျက်ရည်မကျဖူဟု တင်းထားသည့်ကြားက ထိန်းမရနိုင်ခဲ့။

ဒီအတွက် ခေါင့်ကို ပျော့ညံ့သူရယ်လို့လည်း ဆိုချင်ဆို။ ခေါင် ဂရုမစိုက်ချင်တော့ပါ။

အရာခပ်သိမ်း အချစ်တွေနှင့်အတူ ပါသွားခဲ့ရပြီမို့ ခေါင့်လုံးသား ဗလာဖြစ်နေပြီ။

"ဒီမှာ ဦးသိဃ်၊ အဲဒီမိန်းကလေးကို ရှင်တကယ်ချစ်သလား"

"ခေါင်"

ခေါင့်အမေးကြောင့် သိဃ်ရင်ထဲ ထိခိုက်နာကျင်သွား၏။ သူ့အပေါ်မှာ ခေါင် အထင်လွဲနေပြီ။

"မောင်ချစ်တာ ခေါင်တစ်ယောက်တည်းပါ ခေါင်"

မေ့ကို သံယောဇဉ်ရှိတာ အချစ်မဟုတ်။ မေ့ရဲ့ နောက်ဆုံးအချိန်လေးကို ကောင်းမွန်စွာ ဖြတ်သန်းကုန်ဆုံးစေချင်တာ သိဃ်ရင်ထဲက မေတ္တာစေတနာ။

"ကောင်းပြီလေ ဒါဆို ရှင် မေနဲ့ လုံးဝတွေ့စရာမလိုဘူး၊

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ပါဘူးလို့ ခေါင့်ကို ကတိပေးပါ''

ထိပ်ခေါင်တင်၏ အကြည့်တွေနှင့် ရင်ဆိုင်တိုးသွားသည်

''ပြောလေ ဦးသိယံ၊ ရှင် ခေါင့်ကို တကယ်ချစ်တာ ရှင် မေ့ကို ရှင် နောက် ဘယ်တော့မှ မတွေ့ပါဘူးလို့ကတိပေး''

''ဆောရီး…ခေါင်၊ မေနဲ့မောင့်အခြေအနေက ခေါ် ထင်သလိုမဟုတ်ဘူး၊ ပြီးတော့ မေ့ကို မောင် တွေ့ရမှဖြစ်မယ်''

''ဘာ''

''ရှင်…ရှင် ခေါင့်ကို ဘာပြောလိုက်တယ်''

''မောင်ရှင်းပြတာကို ခေါင် နားထောင်ဦးလေ၊ တကယ် တော့ မေဟာ''

''အို…တော်ပါတော့ရှင်၊ နှုတ်ဖျားက မေဆိုတဲ့နာမည်ကို ကြားရတာလောက် ခေါင် အသည်းနာတာ မရှိဘူး''

''ရှင် မေ့ဆီကို ရှင်သွားပါ ဦးသိယံ၊ ခေါင့်ဆီကို နောက် ဘယ်တော့မှ မလာပါနဲ့''

''ခေါင်''

''နေဦးလေ၊ မောင်ရှင်းပြတာကို ဆုံးအောင်နားထောင် ဦး''



''ရှင့်အလိမ်အညာစကားတွေ ခေါင် မကြားချင်ဘူး ဦးသိယံ၊ နားလည်းမထောင်နိုင်ဘူး''

ခေါင်က သိယံပြောသမျှ ဘာတစ်ခုမှ လက်မခံ။ နာကျင်မှုတွေက ခေါင့်နှလုံးသားမှာ အခံရခက်နေ၏။

''ရှင့်အချစ်ကို မိုက်မိုက်မဲမဲ ယုံကြည်ခဲ့မိတာကိုက ခေါင့် အမှားပဲ၊ ခေါင်တို့လမ်းခွဲကြရအောင် ဦးသိယံ''

''မောင် သဘောမတူဘူး ခေါင်၊ ခေါင်နဲ့လည်း မောင် မခွဲနိုင်ဘူး၊ ခေါင့်ကို မောင်ချစ်တယ်၊ ခေါင်နဲ့ပဲ မောင်လက်ထပ် မယ်၊ အဲဒါ ခေါင့်အပေါ်ထားတဲ့ မောင့်ရဲ့ကတိစကားပဲ''

''ရှင့်ဆီက ခေါင်လိုချင်တာ ရှင့်ရဲ့ကတိစကားမဟုတ်ဘူး ဦးသိယံ၊ ခေါင့်အပေါ်မှာ ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်ပြီးမှ ခေါင့်ဆီကို ပြန်လာပါမယ်ဆိုတဲ့ ကတိစကားတစ်ခုနဲ့ ခေါင်က ကျေနပ်မယ် ထင်လို့လား''

''ခေါင့်ကို တော်ရုံပဲအထင်သေးပါ၊ အခုချိန်ကစပြီး ခေါင့်ဘဝထဲမှာ ရှင်မရှိတော့ဘူး''

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ခေါင် မေ့လိုက်ပြီ"

စိမ်းကားအေးစက်မှုတွေနဲ့ ပြတ်ပြတ်သားသား သူ့ကို မေ့လိုက်တော့မည်ဆိုသည့် ခေါင့်ကို သူငေးကြည့်နေမိ၏။ အခုချိန်မှာ ခေါင့်ကို သူ ဘာမှထပ်ပြောလို့ရတော့မှာမဟုတ်။ သူ့အပေါ်မှာ ခေါင် နာကြည်းနေသည်။ သစ္စာပျက်သူအဖြစ် အထင်သေးစိတ်ဖြင့် နာကြည်းမုန်းတီးနေ၏။

ဒါတွေအားလုံး ခေါင့်အပြစ် တစ်ခုမှမဟုတ်။ ခေါင့်နေရာမှာ သိဃ်ဆိုရင်လည်း ခေါင် ခံစားရသလိုပဲ ပေါက်ကွဲခံစားရမှာသေချာပါသည်။ ဘာလို့လဲဆိုတော့ သိဃ်နဲ့ ခေါင်ဆိုတာ မကြာခင်လက်ထပ်တော့မည့် ချစ်သူတွေအဖြစ် အကြွင်းမဲ့ စိတ်ချထားသည်မဟုတ်လား။ အခုတော့ သူတို့နှစ်ယောက်ကြားက ချစ်မေတ္တာတွေက မေ့ကြောင့် ခါးသီးသည့်အသွင်ကို ပြောင်းလဲသွားခဲ့သည်။

"ခေါင် နားလည်အောင် မောင် ဘယ်လိုပြောပြရမလဲ ခေါင်ရယ်"

"ခေါင်က မျက်စိနဲ့ တပ်အပ်မြင်တွေ့ခဲ့ရသူပါ ဦးသိဃ်။ ခေါင့်ကို ရှင်က ဘယ်လိုများ ဆက်ပြီးလိမ်ညာပြချင်သေးလို့လဲ"



"မောင် တောင်းပန်ပါတယ် ခေါင်ရယ်"

"အခုကိစ္စက ခေါင်ထင်နေသလို တစ်ခုမှမဟုတ်ဘူး"

သိဃ်စကားအဆုံးမှာ ခေါင်က နှုတ်ခမ်းလေးကို လှပစွာမဲ့ပြီး ခပ်လှောင်လှောင်ပြုံးသည်။

"ခေါင်ထင်နေသလို မဟုတ်ဘူးဆိုတော့ ခေါင်မြင်နေရတဲ့အတိုင်းတော့ ဟုတ်တယ်ပေါ့ ဟုတ်လား"

"ဒါပေမယ့် မောင် မင်းကို ဘယ်လိုမှ အဆုံးရှုံးမခံနိုင်ဘူး ခေါင်"

"ဒါဖြင့် မေ့ကိုရော"

"ဟင်"

စကားသံတွေ နှစ်ဦးကြား တိတ်ဆိတ်သွားသည်။ သိဃ်မှာ အံကိုတင်းတင်းကြိတ်လျက်က မျက်ဝန်းအစုံကို မှိတ်ချပစ်လိုက်သည်။

မှိတ်ထားတဲ့ မျက်ဝန်းထဲ မေ့ပုံရိပ်က ထင်ဟပ်လာသည်။

"ဘာပဲဖြစ်ဖြစ် မောင်ချစ်တာ မင်းတစ်ယောက်တည်းပဲ ခေါင်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ရှင်ဘာလုပ်မှာလဲ၊ ခုချိန်မှာ ရှင့်ဘက်က တစ်ခုခု ပြတ်သားဖို့လိုနေပြီ ဦးသိဃ်"

"အတူးသဖြင့် မေနဲ့ခေါင်ကြားမှာပေါ့"

"ခေါင်ရယ်"

ထိုညက သိဃ် တစ်ညလုံး အိပ်၍မပျော်။ သူ့မျက်ဝန်း ထဲတွင် ခေါင်နှင့်မေ၏ မျက်နှာလေးက တစ်လှည့်စီပေါ်နေသည်။ သူ့နှလုံးသားမှာလည်း ဝေခွဲရခက်သည့် ဆုံးဖြတ်ချက်တွေနှင့် ရှိနေသည်။

အိပ်မပျော်သမျှ သူ စီးကရက်တွေ တစ်လိပ်ပြီးတစ်လိပ် ဖွာရှိုက်နေသည်။

အချိန်သည် မနည်းတော့။

မိုးကောင်းကင်ကြီးကို သူမော့ကြည့်သည်။ ဘာကိုမှ မမြင်။ သူမြင်နေရတာ သနားစရာကောင်းသည့် မေနှင့်ခေါင်။ ပြီးတော့ သိဃ်ဆိုသည့် သူ။ ကျယ်လောင်သော သက်ပြင်းရှိုက်သံ က ညလေပြည်ထဲ တိတ်တဆိတ် မျောလွင့်လိုက်ပါသွားတာ ခေါင့်ဆီကိုလား၊ မေ့ဆီကိုလား။

❖ ❖ ❖

## အခန်း (၁၃)

ထိပ်ခေါင်တင်နှင့်မေ တစ်ယောက်ကိုတစ်ယောက် ကြည့် နေကြ၏။ သို့သော် အကြည့်တွေသည် မတူသလို နှစ်ဦးစလုံး သည်လည်း စိတ်တွေ လှုပ်ရှားနေသည်။

အတူးသဖြင့် မေ။

စူးရှသည့် ထိပ်ခေါင်တင်၏ အကြည့်များအောက်တွင် မေ့ကိုယ်မေ အပြစ်ရှိသူတစ်ယောက်လိုလည်း ခံစားနေရသည်။

မိန်းမသားနှစ်ယောက် နှလုံးသားခံစားချက်ချင်း တူသလို ချစ်တတ်တာချင်းလည်း တူပါရက်နှင့် ဘာကြောင့် မေ့ကြမှ အချစ် ရေးမှာ ရှုံးနိမ့်နေရတာလဲ။

*သိမ်ငယ်ရသည့် ချစ်ခြင်းများအတွက် မေ ကိုယ့်အပြစ်ကို*

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဝမ်းနည်းကြေကွဲစွာ နင့်ရှူးသော ဝေဒနာတွေနှင့် ရေပြင်ကျ သာ အဓိပ္ပာယ်မဲ့ ငေးစိုက်နေသည်။

ရုတ်ခြည်းတော့ နှစ်ဦးလုံး စကားမဆိုနိုင်ပါ။ ငြိမ်သက်မှု တွေက သူတို့နှစ်ဦးကြား အတန်ကြာတည်ရှိနေရာမှ…

“မသိလို့ပဲဖြစ်ဖြစ်၊ သိလို့ပဲဖြစ်ဖြစ်၊ လူတစ်ယောက်ကို ချစ်မိသွားပြီးမှ ကျောခိုင်းရတာဟာ အင်မတန်ကို ကြေကွဲစရာ ကောင်းပါတယ်”

ခေါင့်အသံက တည်ငြိမ်လေးနက်စွာ ထွက်ပေါ်လာ သည်။ ဒါ မေဆိုသော မိန်းမတစ်ယောက်ကို တွေ့တွေ့ချင်းကြိုက် လိုက်တဲ့ ခေါင့်စကား။

“ခုချိန်မှာ ခေါင်တို့အတွက် ကံကြမ္မာဆိုတာကလွဲပြီး တခြားဘာကိုမှ အပြစ်ပြောလို့ မရနိုင်တော့ဘူး၊ ဒါ ခေါင်တို့အားလုံး ရဲ့ ကံကြမ္မာပဲလေ၊ ဒီကံကြမ္မာကို ရှင်နဲ့ခေါင် တစ်ယောက်ယောက် အဆုံးအဖြတ်ပေးရလိမ့်မယ်”

တစ်ခုခုအတွက် ဆုံးဖြတ်ထားပြီးဟန် ထိပ်ခေါင်တင် အသံက ရဲဝံ့စွာ ပြတ်သားနေ၏။



“မေ့ကိုခွင့်လွှတ်ပါ ထိပ်ခေါင်တင်၊ တကယ်တော့ ခုလို ဖြစ်ရတာတွေအားလုံးဟာ မေရဲ့ မလွန်ဆန်နိုင်တဲ့ နှလုံးသားခံစား ချက်ကြောင့်ပါ”

“ကံကြမ္မာကြောင့်ပဲဖြစ်ဖြစ်၊ နှလုံးသားခံစားချက်ကြောင့် ပဲဖြစ်ဖြစ် သူ့ကို ချစ်မိတဲ့အချစ်တွေကတော့ ခေါင်တို့နှစ်ယောက်လုံး အတူတူပဲမဟုတ်လား မေ”

ခေါင့်စကားတွေက မချိဝင်ကဲရှိနေသည်။ ဖြစ်နိုင်လျှင် နှလုံးအိမ်နံရံမှ စိမ့်ထွက်လာသည့် အသံတွေနှင့် ပေါက်ကွဲအော် ဟစ်ပစ်လိုက်ချင်သည်။

ဒါပေမယ့် အချစ်ဆိုတာကလည်း အင်မတန် နူးညံ့သိမ်မွေ့ လွန်းသောအရာ။ ထိုချစ်ခြင်း၏ လေးနက်မှုကို ခေါင် သိသလို မေလည်း နားလည်လိမ့်မည်။

မေ့ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာ၏။ ဒီနောက် တုန်ရင်အက်ကွဲသော အသံလေးဖြင့်…

“ကိုကို့ကို မေ တကယ်ချစ်ခဲ့တာပါ”

ပြောပြီး မေ ထိပ်ခေါင်တင်မျက်နှာကို တစ်ချက်လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ခေါင်းငုံ့သွားသည်။

ကြည်စင်သော မေ့မျက်နှာလေးကိုကြည့်ပြီး ထိပ်ခေါင်တင်ရင်ထဲ ကရုဏာတရားတို့နှင့်အတူ ကိုယ်ချင်းစာစိတ်တွေ ဖြစ်သွားပေမယ့် မောင့်ကို မေ့လက်ထဲမှာ အပြီးထားခဲ့ရမှာကိုတော့ ခေါင် စိုးရိမ်ကြောက်နေမိတာ ဝန်ခံချင်သည်။

"ယောကျ်ားတစ်ယောက်ကို အတူချစ်မိတဲ့အတွက် မေ့ခံစားချက်ကို ခေါင် ကိုယ်ချင်းစာပါတယ်"

"ဒါပေမယ့် ခေါင်တို့မိန်းမသားဆိုတာက မုန့်ကိုသာ ဝေခွဲစားနိုင်မယ်၊ အချစ်ကို ခွဲဝေပေးဖို့ဆိုတာကတော့"

ထိပ်ခေါင်တင်အကြည့်တွေ မေ့အား ခြေလှမ်းတွေ ရှေ့ဆက်မတိုးဖို့ တားနေသယောင်။

"မေ့အချစ်က ရှင်တို့ကို အနှောင့်အယှက်ပေးဖို့ မရှိပါဘူး ထိပ်ခေါင်တင်၊ အချစ်ကို အချစ်အတိုင်းပဲ ဖြူဖြူစင်စင် ရှိစေချင်တာပါ၊ အဲဒီအတွက် မေ့မှာ အပြစ်ရှိမှန်းလည်း မေသိပါတယ်"

မေ့စကားကြောင့် ခေါင့် ရင်အစုံ စစ်ခနဲနာကျင်သွားသည်။

"ခေါင့်အတွက်လည်း မေ စိတ်မကောင်းပါဘူး"



ဒါ မေ့ဆီက ခေါင့်ကို ပေးလိုက်တဲ့အဖြေလား။ မေ့အဖြေစကားကို ခေါင် မကျေနပ်ပါ။

ခေါင်လိုချင်တာက ထိုအဖြေမဟုတ်။

"ကိုယ့်အပြစ်ကိုယ်သိရင်လည်း နောက်ကို မောင်နဲ့ ထပ်မတွေ့တော့ပါဘူးဆိုတဲ့ကတိ ပေးနိုင်ပါ့မလား မေ"

မေ ခေါင့်စကားကို မချိပြုံးနှင့်ပြုံးကာ နားထောင်နေသည်။ ဝဲဝိုင်းနေသော မျက်ရည်စတွေနှင့် အကြည့်များကို လွှဲထားရင်းက

"ကောင်းပြီလေ ခေါင်လိုချင်တဲ့ကတိကို မေ ပေးပါမယ်၊ ဘာဖြစ်လို့လဲဆိုတော့ မိန်းမနှစ်ယောက်ကြားမှာ ဗျာများနေရမယ့် ကိုကို့ကို မကြည့်ရက်လို့၊ ချစ်လို့ ဒီကတိကိုပေးတာ"

"မေ့ကြောင့် ကိုကို စိတ်မဆင်းရဲစေချင်ဘူး"

မေ့အသံမှာ တိမ်ဝင်လျက် ကွယ်သွားသလို မျက်ရည်တွေကလည်း ထိန်းမရတော့။

ထိပ်ခေါင်တင် နှုတ်ခမ်းလေးဖိကိုက်ကာ မေ့ကိုကြည့်ပြီး စိတ်မကောင်းပါ။ ကိုယ်က အလျှော့ပေးဖို့ဆိုတာလည်း မဖြစ်နိုင်သည့်ဘဝ။

www.burmeseclassic.com

www.burmeseclassic.com



ဩော်…ယောကျ်ားတစ်ယောက်ကိုမှ အချစ်မွေ့ပုံအ
ချစ်ခဲ့မိသည့် မိန်းမနှစ်ယောက်။

ဘယ်သူက ဘယ်သူ့အချစ်ထက် သာသည်ဆိုတာ ဆိုနိုင်
ဖွယ်မရှိတော့ပါ။ အချစ်တွေ တူခဲ့ရင်တောင်မှ မေ ထိပ်ခေါင်တင်
ကို အရှုံးပေးရမည်။

မေ့အချစ်က ပေးဆပ်မှုသာ။

❖ ❖ ❖

"မေ့ဆီကိုမလာပါနဲ့ ကိုကို"

ထိုစကား သိယ်နားထဲ အရာတစ်ခု ပေါက်ကွဲသွားရသလို
င် နှာကျင်ခါးသီးသွားသည်။

"မေ ဘယ်လိုပြောလိုက်တယ်"

သူ့အား ဖြည်းဖြည်းချင်း လှည့်ကာကြည့်လာသော မေ့
က်ဝန်းထဲ မျက်ရည်တွေ အိုင်ဖွဲ့နေသည်။

"ကိုကို့ကို မေ မတွေ့ချင်တော့လို့"

"ဘာတွေလျှောက်ပြောနေတာလဲ မေရယ်၊ မေက ကိုကို့
ကို မတွေ့ချင်တော့ပေမယ့် ကိုကိုကတော့ ဟောဒီက မေ့မျက်နှာ
းကို နေ့တိုင်း မြင်နေတွေ့နေရမှ စိတ်ချမ်းသာတယ်ဆိုတာ
မသိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မေသိပါတယ် ကိုကိုရယ်၊ ဒါပေမယ့်"

"မေ ဘာဖြစ်နေတာလဲ"

မေ ဘာမှမဖြေနိုင်။ ယိမ်းယိုင်လာသော မေ့ကိုယ်လေးကို သိဃ် အမြန်ဖမ်းထိန်းလိုက်ရ၏။

"မေ"

မေက ဘာမှမပြော။

သိဃ်ရင်ခွင်ထဲမှာ ကလေးလေးတစ်ယောက်လို ငိုနေတော့ သိဃ် မေ့အတွက် စိုးရိမ်သွားသည်။ မေ့အခြေအနေက အရင်လို မဟုတ်တော့။ ခန္ဓာကိုယ်လေးက သိသာစွာပါးလှပ်သွားတာ သူသိ သည်။

"မေ"

နင့်သည်းမှုတွေနှင့် သိဃ် ဘာစကားမှမဆိုဖြစ်။ မေ့မျက်နှာကိုသာ ငေးစိုက်ကြည့်နေမိသည်။

တစ်နေ့နေ့တစ်ချိန်ချိန်မှာ ခွဲခွာခြင်းဆိုသည့်စကားက သူတို့ နှစ်ဦးကြား ရှိလာမည်ကိုလည်း သိဃ် သိသည်။

ဒါပေမယ့် ထိုစကားကို သူမကြားလိုသည်ကလည်း



သူ၏ အတ္တကြောင့်သာဖြစ်မည်။

အချိန်ဘယ်လောက်ကြာကြာ သူ့ရင်မှာ မေနိုင်တော့မည် မဟုတ်တဲ့ မျက်နှာလေး။

သိဃ် ဘာလုပ်ရမည်နည်း။

မေ့နဖူးပြင်လေးကို ဖွဖွရှိုက်နမ်းပြီး နှစ်သိမ့်ပေးမိသည်။

"ဘာလို့ ဒီလောက်ငိုနေရတာလဲ မေရယ်၊ မေ ဘာဖြစ် တာလဲဆိုတာ ကိုကိုသိအောင် ပြောမှပေါ့"

"မေ ဘာမှမဖြစ်ပါဘူး ကိုကိုရယ်၊ မေ့ဘဝကို မေ ဝမ်းနည်းလို့ပါ"

မေ့ရင်ထဲတွင် တစ်ဆို့နေသည်။ နာကျင်နေ၏။ ခေါင် မေ့ကို လာတွေ့ကြောင်း ကိုကိုသိအောင် မေ ဖွင့်မပြောတော့ဟု ဆုံးဖြတ်လိုက်၏။ မေ့ပါးပြင်ပေါ်မှာ မျက်ရည်တွေ တသွင်သွင် စီးကျလျက်။ ရှိုက်သံလေးတွေက သိဃ်ရင်ခွင်ထဲ မစဲနိုင်အောင် ရှိနေသည်။

"မေ့နားမှာ ကိုကိုရှိနေပြီပဲကွယ်၊ မေ့နားမှာ ကိုကိုအမြဲ ရှိနေမယ်၊ မေ မငိုနဲ့နော်၊ ကိုကို့ညီမလေးက လိမ္မာပါတယ်ကွာ၊

www.burmeseclassic.com

www.burmeseclassic.com



တိတ်နော်''

စကားသံတွေက တစ်ဝက်တစ်ပျက်နှင့် ငိုရှိုက်သံတွေ ဖုံးလွှမ်းနေသည့် မေ့ပါးပြင်ပေါ်က မျက်ရည်တွေဖယ်ရှားရင်း မေ့ကို အငိုတိတ်စေရန် ချော့မော့နေပေမယ့် မေကတော့ တော်တော်နှင့် အငိုမတိတ်။

မေ့ကိုယ်လေးကိုသာ တင်းကြပ်စွာ ပွေ့ဖက်ထားရင်း သိုဃ်ရင်ထဲ မေ့ကို အသနားပိုနေမိ၏။

တစ်ကောင်ကြွက်မလေး မေ။ သူသာ မေ့အနားမှာ မားမားမတ်မတ် ရပ်တည်မပေးခဲ့ဘူးဆိုရင် မေ့ဘဝရဲ့ နောက်ဆုံး အချိန်တွေဟာ ဘယ်လောက်များ ကြေကွဲခါးသီးစရာကောင်းလိုက် မှာပါလိမ့်။

သိုဃ်မှာ မေ့မျက်ရည်တွေကို မြင်ရက်နိုင်စွမ်းမရှိသဖြင့် အံကိုကြိတ်လိုက်ပြီး…

''မငိုပါနဲ့မေ၊ မငိုပါနဲ့''

''ငိုပါရစေ ကိုကို၊ မေ ငိုပါရစေ၊ မေ နေခဲ့ပါ့မယ်ကိုကို၊ မေ နေခဲ့ပါ့မယ်၊ ကိုကို့ကို ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ မေ နေရာမှာ



ပဲ ကျန်ရစ်နေခဲ့ပါ့မယ်၊ မေ့အတွက် ကိုကို့စိတ်တွေ တွေဝေမနေပါ နဲ့၊ ဘဝနှစ်ခု ပေါင်းဆုံလို့မရဘူးဆိုတာလည်း မေသိပါတယ်၊ ဒါပေမယ့် တစ်ခုတော့ ပြောပါရစေကိုကို၊ မေ နေခဲ့မှာ ကိုကို့ကို မချစ်လို့မဟုတ်ပါဘူး၊ မေ မေ ကိုကို့ကို သိပ်ချစ်လို့ စွန့်လွှတ် လိုက်ရတာပါ ကိုကိုရယ်''

စိုလူးသော မျက်ရည်တွေက သူ့ပါးပြင် ကူးလူးသွား သည်။

''ဘာတွေပြောနေတာလဲ မေရယ်၊ မေက ဘာဖြစ်လို့ နေခဲ့ရမှာလဲ၊ ကိုကိုရှိနေသ၍ မေလည်း ရှိနေရမှာပေါ့''

''တကယ်လား ကိုကို''

''တကယ်ပေါ့ မေဆိုတဲ့ အရူးမလေးရဲ့''

''အဟင်း…ဟင်း ဟုတ်တယ်၊ မေဆိုတာက တကယ် တော့ အရူးမလေးပဲနော် ကိုကို''

''ဟုတ်တယ်၊ အခု ငိုလိုက်၊ အခုရယ်လိုက်နဲ့ ကြာရင် ကိုကိုပါ ရူးတော့မယ်ဗျာ့ သိလား''

မျက်ရည်တွေကြားက မေက ချစ်စဖွယ်ရယ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့အချစ်ကို မေ သိခဲ့ရသလို မေ့ထံမှ အချစ်မေတ္တာကိုလည်း ကိုကို သိစေရမည်ပေါ့။

ကိုကိုနဲ့မေဟာ အသက်ရှင်လျက်နဲ့ ဘဝတွေ ခြားခဲ့ရပြီး ပြီမို့ မေရဲ့ နောက်ဆုံးအချိန်လေးမှာ မေ့နား ကိုကိုမလာနိုင်တာကို မေ့ဘက်က စာနာနားလည်ပေးနိုင်ရမည်လဲ။ ဘာဖြစ်လို့လဲဆိုတော့ မေ ကိုကို့ကိုချစ်လို့။

ကောင်းကင်က တိမ်မဲတွေ ကင်းစင်လျက် လှပနေသည်။ သို့သော် ကိုကိုနဲ့ပတ်သက်ပြီး မေ့နှလုံးသားထဲမှာတော့ တိမ်မိုးမဲ တွေရှာလျက်။

အရာအားလုံး ကိုကိုနှင့်မေ့ကြား တကယ်ပဲ ပြီးဆုံးရတော့ မည်။

မေချစ်တဲ့ ကိုကိုရယ်။

နောက်ဘဝတွေရှိရင် မေတို့နှစ်ယောက် အခုလိုအဖြစ်မျိုးနဲ့ ဘယ်တော့မှ ပြန်မဆုံကြကြေးနော်။

ဆောင်းနံနက်ခင်းက နှင်းမှုန်တွေနှင့် ဝေဝါးနေ၏။ ကိုကို့ လက်မောင်းကို မေ့လက်ကလေးများနှင့် တင်းကြပ်စွာ ဆုပ်ကိုင်



ထားပေမယ့် မခွဲချင်ပါဘဲနှင့် ခွဲကြမည့်အဖြစ်။

ကိုကို့ကို မေ မခွဲချင်ပါ။ ခွဲခွာခြင်းကို မေ မုန်းသည်။ ဒါပေမယ့် ကိုကို့ကို မေ မပိုင်။ ကိုကို့ကို ပိုင်ဆိုင်သူက မေ မဟုတ်တဲ့ တခြားတစ်ယောက်ပါ။

"ကိုကို"

"ဗျာ"

"မေ့ကို ဘယ်အချိန်ထိ သတိရနေမှာလဲဟင်"

"မေက ဘယ်အချိန်ထိ သတိရစေချင်လဲ"

သူ့အသံတွေက တိမ်ဝင်နေသည်။ သူ့စိတ်တွေက တစ်စုံ တစ်ရာကို လက်လွှတ်ဆုံးရှုံးရတော့မည်မှန်းလည်း သိနေသည်။ မေက သိဃ်မျက်နှာကို ကြည့်ပြီး လှပစွာပြုံးသည်။

"မေက ကိုကို့ကို တစ်သက်လုံး သတိရနေပါဆိုရင် ရော"

"မေ ဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရမှာပေါ့"

"မညာရဘူးနော် ကိုကို"

"မညာပါဘူး မေရယ်"

www.burmeseclassic.com

www.burmeseclassic.com



နှင်းတွေက ပတ်ဝန်းကျင်တစ်ခုလုံး မမြင်မတွေ့နိုင်အောင် ဖြိုးကျလာ၏။

❖ ❖ ❖

## အခန်း (၁၄)

"ခေါင် ဦးသိဃ်ကို လက်မထပ်ပါရစေနဲ့ ဖေဖေ"

"ဘယ်လို သမီး၊ မောင်သိဃ်ကို သမီးဘာဖြစ်လို့ လက်မထပ်ချင်ရတာလဲ"

ဖေဖေ့အမေးကို ခေါင် ဘာဖြေရမှန်းမသိ။

"လက်ထပ်တယ်ဆိုတာ ကလေးကစားစရာမဟုတ်ဘူး သမီး၊ နှစ်ဦးနှစ်ဘက် ဂုဏ်သိက္ခာနဲ့ ပတ်ဝန်းကျင်ဆိုတာရှိသေးတယ်"

ဖေဖေပြောတာ မှန်ပေမယ့် အချိုးမပြောင်းသော ဦးသိဃ်က မေ့ထံကို သွားလာနေမြဲဆိုတာ သိထားသဖြင့် ခေါင့်နှလုံးသားတွေ နာကျင်နေရခြင်းအဖြစ်ကို ဖေဖေ မသိပါ။

www.burmeseclassic.com

www.burmeseclassic.com



"ခေါင် သူ့ကိုမုန်းတယ် ဖေဖေ"

"အစတုန်းကတော့ သမီးပဲ မောင်သိဟ်ကို ချစ်လှချည်ရဲ့ဆို"

"အဲဒါက အရင်တုန်းက၊ ခေါင် သူ့အကြောင်းတွေကို မသိခဲ့တုန်းကပါ"

"အခု မောင်သိဟ်က ဘာတွေဖြစ်နေလို့လဲ၊ ဖေဖေ့ကို ပြောပါဦး"

ဒီလိုဆိုပြန်တော့လည်း ခေါင့်မှာ အခက်တွေ့နေရသည်။ မေနှင့်ဦးသိဟ်အကြောင်း ဖေဖေ့ကိုပြောရန် သင့်မသင့် စဉ်းစားနေစဉ်မှာပင် ခေါင်တို့နားကို ဦးသိဟ်ရောက်လာ၏။

"အန်ကယ် နေကောင်းတယ်နော်"

"ကောင်းပါတယ် မောင်သိဟ်ရယ်၊ မင်းတို့ဟာက ဘယ်လိုဖြစ်တာလဲ၊ သမီးက မင်းနဲ့ လက်မထပ်ချင်ဘူးဆိုပါလား"

"ခေါင်က ကျွန်တော့်ကို စိတ်ဆိုးနေလို့ပါ အန်ကယ်"

ခေါင့်ပခုံးလေးကို ထိလိုက်တာနှင့်ပင် သူ့လက်ကို ဆတ်ခနဲပုတ်ချကာ သူနှင့်ဝေးရာကို ခေါင့်ကိုယ်လေး ရွှေ့သွားတော့



သိဟ် ပြုံးသည်။

"မောင့်ကိုခွင့်လွှတ်ပါ ခေါင်ရယ်၊ နောက် ခေါင်မကြိုက်တာ ဘာမှမလုပ်တော့ဘူးလို့ အန်ကယ့်ရှေ့မှာ မောင် ကတိပေးပါတယ်၊ ကျေနပ်တော့နော် ခေါင်"

"ခေါင် ကျေနပ်တဲ့အထိ မောင် တောင်းပန်တယ်ဟုတ်လား"

"ရှင် အပိုတွေပြောမနေပါနဲ့ ဦးသိဟ်"

"သမီးကလည်းကွယ် မောင်သိဟ်ကိုယ်တိုင် သမီးကျေနပ်တဲ့အထိ တောင်းပန်ပါတယ်လို့ ဖေဖေ့ရှေ့မှာ ပြောနေပြီပဲ"

"တော်ရုံစိတ်ဆိုးရမယ့်ကိစ္စဆို ခွင့်လွှတ်လိုက်ပါ၊ နောက်ဆို သမီးလည်း သိပ်ကလေးမဆန်နဲ့"

"ချစ်သူပဲဖြစ်ဖြစ်၊ ဇနီးမောင်နှံပဲဖြစ်ဖြစ် တစ်ယောက်ကို တစ်ယောက် နားလည်မှုရှိမှ အရှည်တည်တံ့နိုင်မြဲနိုင်မယ်ကွဲ့ မှတ်ထား"

ဖခင်ကြီး ဆုံးမနေသဖြင့် ခေါင်မှာ ဦးသိဟ်ကို မကျေနပ်ပေမယ့် နှုတ်ပိတ်နေလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ…မောင်သိယ်၊ အန်ကယ့်ကျန်းမာရေး ကောင်းနေတုန်း မင်းတို့မင်္ဂလာပွဲကို အမြန်ဆုံး စီစဉ်စေချင်တာပဲ၊ မင်းသဘောကရော"

"အန်ကယ့်သဘောနဲ့ အတူတူပါပဲခင်ဗျာ၊ အန်ကယ်ခွင့်ပြုရင် အခုပဲ မင်္ဂလာကိစ္စ စီစဉ်ပါရစေ"

"ကောင်းပြီ အန်ကယ်ခွင့်ပြုတယ်၊ လိုအပ်တာတွေ သမီးနဲ့တိုင်ပင်ပြီး စီစဉ်ပါ"

"သမီးကို မင်းနဲ့အတူ ခေါ်သွား"

"ခေါင် သူနဲ့မလိုက်ချင်ဘူး ဖေဖေ"

"ဖေဖေ့သမီးက လိမ္မာပါတယ်ကွာ၊ သွား သွား၊ သမီးတို့မင်္ဂလာပွဲကို သမီးတို့စိတ်ကြိုက် စီစဉ်ကြ"

ခေါင့်မှာ ဖခင်ကြီးစကားကို မလွန်ဆန်နိုင်၍ ဦးသိယ်နောက်ကို လိုက်ခဲ့ရသော်လည်း မျက်နှာလေးကတော့ မှုန်တည်နေသည်။

"ခေါင်"

ခေါင်က မထူးသဖြင့် သိယ်က ခေါင့်ရှေ့က ပိတ်ရပ်



လိုက်၏။

"မောင့်ကိုကြည့်စမ်းပါ ခေါင်"

"ဖယ်ပါ…ခေါင် သွားမယ်"

"မောင် ခွင့်မပြုဘူး"

"ဟင်…ရှင်နော်၊ ဒါဘာလုပ်တာလဲ"

ပြောပြောဆိုဆို ခေါင် သိယ်ကိုယ်ကြီးကို အတင်းပင်တွန်းတိုက်ကာ သွားမည်လုပ်တော့…

"မောင်ပြောနေတယ်လေ ခေါင်၊ မင်း မသွားရဘူးလို့"

"ရှင်ပြောတိုင်း ခေါင်က လိုက်ဖြစ်ပေးနေရမှာလား"

"ဖြစ်သင့်တယ်လို့ထင်တဲ့ အချိန်ကြရင်ပေါ့"

"ရှင်နော်၊ ခေါင့်ရှေ့က အခုဖယ်"

"ဖေဖေကြောင့် ရှင့်ကို ဘာမှမပြောတာ၊ ခေါင့်သဘောအတိုင်းဆို ရှင်နဲ့ လုံးဝလက်မထပ်ဘူး"

"မောင်ကတော့ ခေါင့်ကို လက်ထပ်ရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့"

သိယ် ဘာပြောပြော ခေါင်က သူ့ကိုလှည့်မကြည့်တော့

www.burmeseclassic.com

www.burmeseclassic.com



ပါ။ သူ့အနားက ဖြတ်ကျော်ထွက်သွားသဖြင့် ခေါင့်လက်လေး တစ်ဖက်ကို သူ့ဘက်ပါအောင် အင်အားချင်း မမျှသဖြင့် သိယံရင်ခွင်ထဲ ထွေးခနဲ ပစ်ကျရောက်ရှိသွားသည်။

"အို…ဘာလုပ်တာလဲ"

"လွှတ်…ဖယ်၊ ခေါင့်အသားကို မထိနဲ့ ဦးသိယံ၊ ရှင့်ကို ခေါင် မုန်းတယ်သိလား"

"မသိဘူး၊ မောင်သိတာတစ်ခုထဲ"

"ခေါင့်ကို မောင်ချစ်တယ်"

"အို"

အပ်ကျလာသည့် မျက်နှာကို ရှောင်ဖယ်ရန် ကြိုးစားသော်လည်း မအောင်မြင်ပါ။ နွေးထွေးလှိုက်မောသော ချစ်အနမ်းတွေ အောက်မှာ ခေါင် ဘာစကားမှ ဆိုခွင့်မရအောင် သူက တင်းကြပ်စွာ နှောင်ဖွဲ့ညှို့ငင်ထားပါသည်။

"သိပ်ချစ်တာပဲ ခေါင်ရယ်"

"မောင့်ကို မမုန်းပါနဲ့ဗျာ"

"မောင် တကယ်ချစ်တာ ခေါင်တစ်ယောက်တည်းပါ"



"အို…မပြောနဲ့၊ ရှင့်စကားကို ခေါင် မကြားချင်ဘူး၊ မေမေ့ကြောင့် လက်ထပ်ရပေမယ့် ရှင်နဲ့ခေါင် ဘာမှမပတ်သက်ဘူး သိလား"

အချစ်ကြီးတော့ အမျက်ကြီးတတ်တာ် သိယံ သိပါသည်။ သို့၍ ခေါင့်ကို သူ့ရင်မှာ ပိုချစ်၊ ပိုမြတ်နိုးရသည့်အဖြစ်ကို ခေါင် မသိပါ။

"အဟွန်း…ဟွန်း…ဟွန်း၊ ကိုယ်ကတော့ ခေါင်နဲ့ လက်ထပ်ပြီးရင် ဖွတ်အတင်း လိုက်ပတ်သက်မှာပဲ"

"ဘာဖြစ်လို့လဲဆိုတော့ ခေါင့်ကိုချစ်လို့"

"ရှင် အလကားလူ"

"ဟင့်အင်း ခေါင့်ကို ချစ်တဲ့လူပါ"

ပြောရင်း ခေါင့်ပါးလေး နွေးသွားသဖြင့် ခေါင် သူ့ရင်အတ်ကြီးကို လက်သီးဆုပ်လေးများဖြင့် ထုရိုက်တော့ သူကရယ်သည်။

"လွမ်းလိုက်ရတာ ခေါင်ရယ်"

"ဦးသိယံ…အို"

www.burmeseclassic.com

www.burmeseclassic.com



ပူနွေးသော အနမ်းတွေက ခေါင့်မျက်နှာလေးထက်
သိပ်သိပ်သည်းသည်း ကျရောက်လာသည်။

ဒါ ခေါင့်ကို သိပ်ချစ်ပါသည်ဆိုတဲ့အကြောင်း ချစ်သ
သေတွေ ပြနေတာပေါ့။

ဦးသိယံ ရှင့်ရဲ့လှည့်စားမှုတွေကို ခေါင် တစ်ခါပဲခံပါ
စေ။ ခေါင် ရှင့်အချစ်တွေကို ကြောက်သွားပြီဆိုတဲ့ စကားကိုတေ
ခေါင့်ရင်မှာသာ ဆိုဖြစ်ရင်းက သူ့အနမ်းတွေအောက်က ခေါင့်မျက်နှ
လေးကို ရုန်းဖယ်လိုက်သည်။

နီရဲတောက်ပနေသည့် ခေါင့်မျက်နှာလေးကို ချစ်မြတ်နိုး
အပြုံးတွေနှင့် စိုက်ကြည့်ရင်း...

''သိပြီလား၊ မောင်နဲ့ခေါင် ဘယ်လိုပတ်သက်နေလဲ
တာ၊ လက်ထပ်ပြီးရင်''

''ရှင်နော် တော်တော့ဆို''

ခေါင် သူ့မျက်နှာချောချောကို မကြည့်ရဲတော့သဖြင့် နေ
က ပြေးထွက်အလာ ကြည့်မှန်ထဲမှာ ရယ်မောလိုက်သော သူ့ရယ်
နွေးနွေးက ခေါင့်ရင်တွေ ဆောင့်ခုန်သွားစေသည်။



နောက်ဆုံးတော့ ဖေဖေ့သဘောတစ်ခုထဲနှင့် သူ့ကို ခေါင်
လက်ထပ်ခဲ့ရသည်။ ဦးသိယံ၏ တရားဝင်ဇနီးမယားတစ်ယောက်
အဖြစ် ခေါင် ရောက်ရှိလာခဲ့ရသည်။

မင်္ဂလာဦးညမှာ ဦးသိယံ ခေါင်၏ခင်ပွန်းသည်
တစ်ယောက်ဆိုတာကိုလည်း ခေါင် ငြင်း၍မရနိုင်ခဲ့။ ခေါင်ကိုယ်
တိုင် ဦးသိယံကို ခင်ပွန်းသည်တစ်ယောက်အနေနှင့် အသိအမှတ်
မပြု၍ မရနိုင်တော့ပါ။

ခေါင်ဆိုသော ပန်းလေးတစ်ပွင့် သိယံဆိုသော ရင်ခွင်
ကျယ်ကြီးအောက်တွင် နွမ်းကြွေခဲ့ရသည်။

ဒါပေမယ့် ခေါင့်အနေနှင့် ဦးသိယံ၏ အချစ်နှင့် သစ္စာ
တရားအပေါ်မှာ ယုံကြည်မှုလည်းမရှိတော့။

ဦးသိယံဆိုသော ယောကျ်ားတစ်ယောက်၏ နှလုံးသားထဲ
တွင် 'မေ'ဆိုသော မိန်းကလေး တည်ရှိခဲ့ပါလားဆိုသော အသိက
ခေါင့်ရင်ထဲ နာကျင်ရသလို ဝမ်းနည်းကြေကွဲမှုကလည်း အဆုံးအစ
မရှိ။

ဒီအဖြစ်ကို ခေါင့်နှလုံးသားထဲ ဘယ်အရာနှင့်မှ ပြည်း

www.burmeseclassic.com

www.burmeseclassic.com



ချေဖျက်၍ မရနိုင်။ ခေါင့်အပြင် သိယ်မှာ တခြားတစ်ယော
ရှိနေပါလားဟု ခေါင် တွေးမိတိုင်း ခေါင့်ဘဝကို ခေါင် ရင်န
သည်။ ခေါင့်နှလုံးသားကို ဒဏ်ရာတွေနှင့် နာကျင်အောင်ပြုခဲ့သူ

နှလုံးသားကို ဒီလိုနာကျင်အောင် ပြုခဲ့ပြီးမှ ခေါင့်အချ
နှင့်ဘဝကို သိမ်းပိုက်ယူခဲ့သည်ကတော့ တဆိတ်လွန်လွန်းသည်

ယခုလည်း ခေါင့်ကို သူ့ရင်ခွင်ထဲက အလွတ်မပေး
ဦးသိယ်ကို ခေါင် နာကြည်းစိတ်တွေနှင့် နှုတ်ခမ်းလေးကို ဖိကိုက
ပြီးနောက် စိတ်မှာ မချင့်မရဲဖြစ်သမျှ သူ့ကိုယ်ကြီးကို ခေါ
လက်ကလေးနှင့် တဗုန်းဗုန်းထုရိုက်ကာ ငိုချပစ်လိုက်သည်။

"ရှင့်ကို ခေါင် မုန်းတယ်၊ သိပ်မုန်းတယ်သိလား၊ ရှင့်
နာကျင်တယ်၊ သစ္စာမရှိတဲ့လူ၊ မျက်နှာများတဲ့လူ၊ ရှင် ခေါင့်အနာ
ကို ဘယ်တော့မှမလာနဲ့"

"အဟင့်…ဟင့်"

ပါးပြင်ပေါ် မျက်ရည်တွေ ရွှဲရွှဲစိုရင်းက ပြောလည်းပြေ
ငိုလည်းငို သူ့ရင်ဘတ်ကို သူမလက်သီးဆုတ်လေးများနှင့် ထုရိုက
ကုတ်ဖွဲ့နေသော ခေါင်ကို သိယ် တွေတွေကြီး စိုက်ကြည့်နေ



"မောင် တောင်းပန်ပါတယ် ခေါင်ရယ်၊ မငိုပါနဲ့ဗျာ၊ ခေါင် မောင့်ကို ပြောချင်သလိုပြော၊ ရိုက်ချင်သလိုရိုက်၊ မောင် စိတ်မဆိုးပါဘူး၊ မောင် စိုးရိမ်တာက ချစ်လက်လေးနာသွားမှာကိုပဲ"

သိယ်ပြောပြီး ခေါင့်လက်လေးကို ဆုပ်ယူလျက် သူ့ပါးပြင်နှင့်ကပ်ထားလိုက်တော့ ခေါင် ရွတ်ရုန်းပေမယ့် သူကမလွှတ်။

"ရှင်…လွှတ်၊ ရှင့်ရဲ့ အပြုအမူတွေနဲ့ တခြားမိန်းကလေးတစ်ယောက်ကို သွားပြီး လှည့်စားလို့ရချင်ရမယ်၊ ခေါင့်ကိုတော့ မရတော့ဘူးသိလား"

"မောင်က ဘယ်သူ့ကို လှည့်စားရမှာလဲ၊ မောင့်ဘေးမှာ မောင်သိပ်ချစ်တဲ့ မောင်ချစ်ဇနီးရှိနေပြီပဲ"

"ဘာချစ်ဇနီးလဲ၊ ရှင်သာ ခေါင့်အပေါ် တကယ်ချစ်ခဲ့ရင် မဆိုတဲ့ မိန်းကလေး ရှင့်ဘဝထဲတောင် ရောက်လာခဲ့မှာမဟုတ်ဘူး"

ခေါင့်စကားအဆုံး ခေါင့်အား ဖက်တွယ်ထားသည့် သိယ်လက်တွေ ပြေလျော့သွား၏။ မဆိုမှ သူ့ဘဝထဲ ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



မေပျောက်သွားတာကို သူပြန်သတိရသွား၏။

မေ့ကို အရင်အိမ်နေရာမှာ မတွေ့ရတော့။ နှုတ်ဆက်စကားလေးမှ မဆိုဘဲ မေက သူ့ကို ခြေရာပျောက်သွားသည်မှာ ဒီနေ့ ဒီအချိန်ထိဖြစ်သည်။

သိဃ် ခေါင့်ပခုံးလေးကို သူ့လက်အစုံနှင့် တင်းတင်းဖျစ်ညှစ်ဆုပ်ကိုင်လာပြီး...

"ခုချိန်မှာ မောင့်ဘဝနဲ့ သက်ဆိုင်သူဟာ ခေါင်ပဲ ဘာကြောင့် မေ့ထားချင်ရတာလဲ ခေါင်၊ ပြီးတော့ မေဆိုတာ မောင့်ဘဝမှာ မရှိတော့ဘူး၊ အရာအားလုံးနဲ့အတူ မေ့ကို မောင် မေ့ထားလိုက်ပြီ"

သူ့စကားတွေကို ခေါင် ယုံကြည်ရမှာတဲ့လား။

'မေ'ကို မေ့ထားပါသည် ဘယ်လိုပြောပြော မေဆိုတာ ဦးသိဃ်နှလုံးသား နေရာယူခဲ့ဘူးသူတစ်ယောက်။

မေမယ်ဆိုဦးတော့ အချိန်တိုတိုနှင့် မေ့ပစ်နိုင်မည်မဟုတ်

ဒါ ခေါင့်ကို လိမ်ညာနေတာပဲဆိုသည့် အတွေးနှင့် ခေါင် ဦးသိဃ်စကားတွေကို မယုံကြည်နိုင်ပါ။



သိဃ်နှင့်ပတ်သက်ပြီး ခေါင့်ရင်ထဲ သံသယစိတ်တွေက စွဲထင်နေသည်။

ခေါင် ငြိမ်သက်နေလေလေ သိဃ်ရင်ထဲ မချင့်မရဲဖြစ်ရလေမို့....

"ခေါင်"

ခေါ်သံနှင့်အတူ သူ့လက်တွေက ခေါင့်ပခုံးပေါ် ကျရောက်လာသည်။ သူ့လက်တွေ တင်းကြပ်နေသည်။ ပူနွေးနေသည်။ သို့သော် ခေါင် မပျော်ပါ။ ခေါင့်ရင်ထဲမှာ မေ့ကြောင့် နာကျင်စွာ အခံရခက်နေသည်။

"မောင့်ကိုယုံပါ ခေါင်ရယ်"

ခေါင့်အကြည့်တွေက ဦးသိဃ်ထံ ရောက်ရှိသွားသည့်အခိုက်မှာတော့ နူးညံ့ရွှန်းလက်သည့် သူ့အကြည့်များက ခေါင့်နှလုံးသားကို ပဥ္စလက်ဆန်စွာ ထွင်းဖောက်လျက် နက်ရှိုင်းစွာ အနိုင်ယူသွားကြပြန်သည်။

"တစ်နေ့တော့ မောင့်အပေါ် မင်း နားလည်လာလိမ့်မယ်လို့ မောင် မျှော်လင့်ပါတယ် ခေါင်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



ခေါင့်ထံမှ စကားသံလေးတွေ ပျောက်ဆုံးလျက် အချစ်၏ လျှင်မြန်မှုနှုန်းအောက်မှာ ခေါင့်နှလုံးသားလေး ချောလွင့်သွားသည်။

◆ ◆ ◆

## အခန်း (၁၅)

ခေါင် အိပ်ရာက နိုးလာသည့်အချိန် အနားမှာ ဦးသိယ်ကို မတွေ့ရတော့ပါ။ သူ ဘယ်ရောက်သွားလဲဆိုတာ ခေါင် စိတ်မဝင်စားနိုင်ဘဲ သူ့မကိုယ်သူမ ရေချိုး၊ အဝတ်အစားလဲ၊ တစ်ယောက်တည်း လှုပ်ရှားခွင့်ရနေတာကိုပဲ ကျေနပ်နေခိုက်။ မှန်တင်ခုံပေါ်မှာ မြင်တွေ့လိုက်ရသည့် စာရွက်ခေါက်လေးကြောင့် ခေါင် စိတ်ဝင်စားစွာ ကောက်ယူဖွင့်အဖတ်

*ခေါင်...*

*မောင် အရေးကြီးတဲ့ကိစ္စရှိလို့ အပြင်သွားတယ်၊ မနက်စာ အသင့်ပြင်ခဲ့တယ်၊ မောင့်ကိုမစောင့်ဘဲ စားနှင့်ပါ။*

*ခေါင့်ကိုချစ်တဲ့*

*မောင်*

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း…ခေါင် မစားဘူး"

ခေါင် စားပွဲပေါ်က စားစရာတွေကို မှုန်းတီးစွာကြည့်လိုက်သည်။ အရေးကြီးတဲ့ကိစ္စတဲ့။ မင်္ဂလာဦးအချိန်မှာ ခေါင့်ထက် အရေးကြီးတာ ဘာများရှိလို့လဲ။

ဒါ…ခေါင့်ကို လိမ်တာ။ ခေါင့်ကို ညာတာ။ ချက်ချင်း သိဃ်ဖုန်းကို ခေါင် လှမ်းခေါ်ကြည့်တော့ သူ့ဖုန်းက ခေါင့်အိပ်ရာပေါ်မှာ ဒီအတိုင်း ကျန်ခဲ့သည့်အတွက် ခေါင့်ရင်မှာ ပိုအခံရခက်သွား၏။

ဦးသိဃ်…

ရှင့်ကိုမုန်းတယ်သိလား။

ရှင့်ကို ခေါင် မုန်းတယ်။

ခေါင့်အော်သံကို ဘယ်သူမှမကြား။ ခေါင့်ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာပေမယ့် ခေါင့်ကို ချော့မော့နှစ်သိမ့်မည့်သူ ကမရှိ။

ဒါလား ခေါင့်ကိုချစ်တာ။ ခေါင့်ကို ချစ်လှပါတယ် မြတ်နိုးလှပါတယ်ဆိုတဲ့လူက ခေါင့်ကိုထားပြီး ခေါင့်ထက် အရေး



ကြီးတဲ့ကိစ္စနေရာကို တိတ်တိတ်လေး ထွက်သွားရက်တာ ခေါင့်ကို ချစ်တာပဲလား။

ယောကျ်ားတစ်ယောက်ရဲ့ မာယာဟာ ဘယ်လောက်ထိ ကြောက်စရာကောင်းလိုက်သလဲ။ အရင်ကလည်း ခေါင့်ရင်ကို နာကျင်စေသူ။ အခုတော့ ခေါင့်ဘဝကိုရော၊ ခေါင့်နှလုံးသားကိုပါ သူ့အချစ်တွေနှင့် ရက်စက်စွာ နင်းချေဖျက်ဆီးဖို့ ကြိုးစားခဲ့သူ။

ဦးသိဃ်ကို ခေါင့်နှုတ်ဖျားက ဘယ်လောက်ပဲမုန်းစကားဆိုဆို ခေါင့်ရင်ထဲ နှလုံးသားထဲက သူ့ကို တကယ်မမုန်းနိုင်တာ ခေါင်ပဲသိသည်။ သို့၍လည်း ခေါင်မှာ ရင်နာနာနှင့် သူ့ပြန်အလာကို တိတ်တိတ်လေး စောင့်နေခဲ့ပေမယ့် သူကတော့ ခေါင့်ထံ လုံးဝပြန်မလာသလို ဖုန်းလည်းမဆက်ပါ။ ခေါင့်ရင်ထဲမှာ ဦးသိဃ်ကို စိုးရိမ်စိတ်ဖြင့် နှလုံးသားတွေ ပူလောင်နေသည်။ ဘယ်သူ့ကို အကူအညီတောင်းရမှန်းလည်းမသိ။

လက်ထပ်ပြီး ညားကာစ ဇနီးမောင်နှံမှာ ခင်ပွန်းသည်တစ်ယောက်လုံး ပျောက်သွားတာ အိမ်ကဇနီးသည် မသိလို့ဆိုလျှင် ပိုပြီးရှက်ရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေက ခေါင်တို့လက်ထပ်ပွဲပြီးသည်နှင့် ဘုန်းကြီးအပြီး ဝတ်သွားသည့်အတွက် ခေါင့်အဖြစ်တွေကို ဘာတစ်ခုမှ မမြင် မတွေ့နိုင်တော့ပါ။

ခေါင့်မှာသာ ကူကယ်ရာမဲ့တစ်ယောက်တည်း ကျိတ်ပြီး ငိုယိုမျက်ရည်ကျနေရုံမှတစ်ပါး တခြားမရှိ။

"ဦးသိဃ်ရယ် ရှင် ခေါင့်ကို ဘယ်အထိ နှိပ်စက်နေဦး မှာလဲ"

ပန်းနုရောင် မင်္ဂလာအိပ်ခန်းကျယ်ကြီးထဲ ခေါင် တစ်ယောက်တည်း အရူးမလေးတစ်ယောက်လို ခံစားပေါက်ကွဲ နေချိန်။

တစ်ခုသော ဆေးရုံကြီး၏ လူနာခုတင်လေးထက်မှာတော့ မေ့၏ ပါးလှပ်လှပ်ခန္ဓာကိုယ်လေးတစ်ခုလုံး ပိုက်တွေ၊ ဆေးထိုး အပ်တွေနှင့် ရှုပ်ထွေးလျက် အသက်ကို ကြိုးစားရှူရှိုက်နေရသည့် မြင်ကွင်းက သိဃ်ရင်ကို ပြင်းစွာလာထိသည်။ မေ့ရဲ့နောက်ဆုံး အချိန် မြင့်လွင်ဖုန်းဆက်၍ သိဃ် ချက်ချင်းလိုက်လာခဲ့ပေမယ့် မေက သိဃ်ကို စိုက်ကြည့်ပြီး မျက်စိပြန်မှိတ်သွားသည်။



မေ့ထံမှ အကြည့်လေးတွေကို သိဃ် နားလည်သည်။ ပြီးတော့ မေက သူမလက်ကို ဆုပ်ကိုင်ထားသည့် သိဃ်လက်ကို တင်းကြပ်စွာ ပြန်ဆုပ်ထားသဖြင့် သိဃ်မှာ မေ့နားက မခွာရဲ။

မြင့်လွင်က တစ်ချိန်လုံး မေနှင့်သူ့နားမှာ ရှိနေသည်။ မေရဲ့ နောက်ဆုံးအချိန်တွေကို အတတ်နိုင်ဆုံး သက်သောင့်သက်သာ ဖြစ်ဖို့ ကြိုးစားနေမှန်း သိဃ် သိသည်။

"ခေါင့်ကို ဖုန်းဆက်ပေးရမလား သိဃ်"

မြင့်လွင်အမေးက လေသံမျှဖြစ်၍ မေ မကြားပါ။ သိဃ် မြင့်လွင်ကို ညင်သာစွာ ခေါင်းခါပြတော့ မြင့်လွင်က ဘာမှမပြော ဘဲ သူတို့ထံမှ တိတ်တိတ်ထွက်သွား၏။

သိဃ်အဖြစ်ကို မြင့်လွင် ကိုယ်ချင်းစာပေမယ့် ခေါင်က တော့ သိဃ်ကို စာနာနားလည်နိုင်မည်မဟုတ်။ အခုချိန်လောက်ဆို သူပြန်မလာလို့ ခေါင် ရင်တွေဘယ်လောက် နာကျင်ခံစားနေရမှာကို သိဃ် သိသည်။ သိပေမယ့်လည်း မေ့နားက ခွာလို့မဖြစ်။

"အင်း...ဟင်း"

မေ့ထံမှ ညည်းညူသံသဲ့သဲ့နှင့်အတူ မေ့မျက်ဝန်းလေး

www.burmeseclassic.com

www.burmeseclassic.com



မျှား ဖျတ်ခနဲ ပွင့်လာသဖြင့် သိဃ် ဝမ်းသာသွားသည်။

"မေ"

"မေ့နားမှာ ကိုကိုရှိတယ်နော်၊ ဘာမှအားမငယ်နဲ့ သိလား"

"ကျေး…ဇူး"

မေ့အသံက တိုးတိုးလေး။

ကြိုးစားပြောလိုက်မှန်း မေ့အနေအထားကို ကြည့်၍ သိဃ် နားလည်သည်။ မေ့မျက်ဝန်းလေးတွေ ပြန်ပိတ်သွားပေမယ့် မေ့ မျက်ဝန်းထောင့်က စီးကျလာသည့် မျက်ရည်တွေကို မြင်လိုက်ရ တော့ သိဃ် တုန်လှုပ်သွား၏။

မေရယ်။

မေ့ပါးပြင်ပေါ်က မျက်ရည်တွေကို ညင်သာစွာ ဖယ်ရှား ပေးရင်း မေ့နဖူးပြင်ပေါ်က ဆံစလေးတွေကို ဖယ်ရှားပေးနေမိ၏။

မေရဲ့ နောက်ဆုံးအချိန်မှာ သူ မေ့ကို ဘာမှလည်းလုပ် မပေးနိုင်ခဲ့ပါလား။ စာနာစိတ်ဖြင့် မေ့လက်လေးကို တင်းကြပ်စွာ ဆုပ်ကိုင်ရင်း သိဃ်ရင်မှာ ထိနိုက်နာကျင်သွား၏။ ဖြစ်နိုင်ရင်



မေ့ကို ဘယ်သူမှ မမြင်မတွေ့နိုင်တဲ့ အရပ်ကို ဆွဲခေါ်သွားတော့ မယ့် သေမင်းတမန်လက်ထဲက ရှိရှိသမျှ အင်အားနဲ့ ဆွဲယူထားလိုက် ချင်ပေမယ့် စိတ်ကူးက လက်တွေ့ဘဝနဲ့ တခြားစီဖြစ်နေ၏။

သိဃ် ကြည့်နေဆဲမှာ မေ့နှလုံးခုန်စက်မှာ မြင်နေရသည့် လှိုင်းတွန့်လေးတွေ ရပ်တန့်သွား၏။

"မေ"

"မေ ဆုံးပြီ သိဃ်"

ကမ္ဘာလောကကြီးတစ်ခုလုံး အကျည်းတန်အရုပ်ဆိုး လျက်။ သိဃ်ကိုယ်တိုင် ဟင်းလင်းပြင်ထဲ မျောလွင့်သွားသလို ထင်မိသည်။ ဘယ်နေရာကြည့်ကြည့် အဓိပ္ပာယ် ဘာဆိုဘာမှမရှိ တော့။

"မေ့လက်ကို လွှတ်လိုက်တော့ သိဃ်၊ မေ့ရဲ့ နောက်ဆုံး အချိန်မှာ မင်းရောက်လာတဲ့အတွက် မေ ကျေနပ်သွားမှာပါကွာ"

"မင်းဘက်က တာဝန်ကျေပါတယ်"

မြင့်လွင်စကားတွေက သိဃ်နားမှာ မကြားတစ်ချက် ကြားတစ်ချက်။ မေ့အတွက် သိဃ်ဘက်က တာဝန်ကျေသည်ဟုဆို

www.burmeseclassic.com

www.burmeseclassic.com



လျှင် ခေါင့်အတွက် သိဃ်ရဲ့ အသစ်စက်စက် ခင်ပွန်းသည် တစ်ယောက်ရဲ့ တာဝန်တွေကတော့ ပျက်ကွက်ခဲ့မှာ သေချာပါ သည်။

"ခေါင့်ဆီကို မင်း ဖုန်းဆက်လိုက်ဦး သိဃ်၊ တော်ကြာ မင်း အကြာကြီးပျောက်လို့ ခေါင် စိတ်ပူနေမယ်"

"နောက်မှပဲ ခေါင့်ကို ငါရှင်းပြလိုက်တော့မယ် မြင့်လွင်၊ အခုလောလောဆယ် မေ့နောက်ဆုံးခရီးကို အကောင်းဆုံးဖြစ်အောင် ဆက်လုပ်လိုက်ကြရအောင်"

မေ့ဆန္ဒအတိုင်း မေ့ရုပ်ကလာပ်ကို နေ့ချင်းပြီးစီး သင်္ဂြိုဟ် လိုက်ကြသည်။ မေ့ကို နောက်ဆုံးနှုတ်ဆက်ပြီး သိဃ် အိမ်ပြန်လာ တော့ မိုးစုန်းစုန်းချုပ်နေပြီဖြစ်သည်။

သူ့အတွက် ခေါင့်ရင်ထဲ ဘယ်လိုခံစားနေရမလဲ ဆိုတာ သိပေမယ့် သိဃ် ဘာမှမတတ်နိုင်။ မေနဲ့ပတ်သက်မှုက သိဃ်ဘဝ မှာ ဒါ နောက်ဆုံးဆိုတာ သူပဲသိသည်။

သူ့ဘဝကို ပိုင်စိုးမည့်သူက ခေါင်တစ်ယောက်တည်း။ သော့ပိုရှိနေသဖြင့် အိမ်ထဲကို ကိုယ့်ဘာသာ သော့ဖွင့်ပြီး ဝင်ခဲ့သည်။



တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ကြီးထဲမှာ ခေါင့်အရိပ်အယောင် ကိုပင် မမြင်ရ။ မေနှင့်ပတ်သက်၍ အကြောင်းတိုက်ဆိုင်မှု ကြုံလာ တိုင်း သိဃ် မေ့ကို သတိရမိမှာသေချာသော်လည်း လောလော ဆယ် ချစ်ဇနီး ခေါင့်ကို ရှာဖွေနေမိသည်။

သူတို့နှစ်ဦးပိုင် မင်္ဂလာဦးအိပ်ခန်းကြီးတံခါး ပိတ်ထားမှု သူ သက်ပြင်းချလိုက်၏။ အခန်းရှေ့မှာရပ်၍ တံခါးခေါက်ဖို့ ကြိုးစား ပြီးမှ လက်ကိုပြန်ရုပ်လိုက်သည်။ ခေါင့်ကို သူ မနောက်ချင်တော့ ပါ။ ကိုယ်တိုင်လည်း မေ့ကို သတိရစိတ်နှင့် တိတ်တိတ်လေး နေချင်မိ၏။ အခန်းမီးတစ်ခုမှ မဖွင့်ဘဲ အရက်မူးအောင်သောက်ပြီး အိမ်ရှေ့ဧည့်ခန်းမှာပဲ အိပ်လိုက်သည်။

ဘယ်လောက်အထိ အိပ်ပျော်သွားသည် မသိ။ အေးစက် သော ရေဖြင့် သူ့မျက်နှာကို လောင်းချခံရမှ နှစ်ခြိုက်စွာ အိပ်ပျော် နေရာက သိဃ် အလန့်တကြားနိုးလာ၏။

"ခေါင်"

လှပစွာ ဝတ်စားပြင်ဆင်ထားသည့် ခေါင့်ကိုမြင်မှ အိပ်ရာ က လူးလဲထလိုက်တော့ ခေါင်က သူ့ကိုကြည့်ပြီး ခပ်ဟေ့ဟောင်လှောင်

www.burmeseclassic.com

www.burmeseclassic.com



ရယ်သည်။

"ဟုတ်ပါတယ် ဦးသိယံ၊ ခေါင်ပါ၊ မနေ့ကမှ ရှင်နဲ့ လက်ထပ်ထားတဲ့ ပူပူနွေးနွေး ချစ်ဇနီးလေးကို မှတ်မိပါသေးတယ်နော်"

"ဆောရီး...ခေါင်၊ မောင့်မှာ အရေးကြီးတဲ့ကိစ္စရှိလို့ ခေါင့်ကို အကြောင်းမကြားနိုင်ခဲ့ဘူး"

"ဩော်...ဩော်"

"ရှင့်ကိစ္စ သိပ်အရေးကြီးနေရင်လည်း ဘာလို့ ခေါင့်ဆီ ပြန်လာသေးလဲ၊ အဲဒီမှာပဲ တစ်သက်လုံးနေလိုက်ပါလား"

ပြောရင်း ခေါင့်အသံတွေ တုန်လာကာ ငိုချင်လာသည်။ ခေါင့်မှာတော့ သူ့အတွက် စိတ်ပူပြီး တစ်ညလုံးအိပ်မပျော်။ မိုးစင်စင်လင်းခဲ့ရသည်။ သူကတော့ အခန့်သား အိပ်ရေးဝသွှဲ့ခန်းက ခုံမှာ မှုးမှုးရှူးရှူးနှင့် နှစ်ခြိုက်စွာ အိပ်နေလိုက်တာ ဘာအပူအပင်မှ မရှိတဲ့အတိုင်းပင်။

"ရှင် မေ့ကို အဲဒီလောက်ပဲ ချစ်နေလား ဦးသိယံ၊ ရှင် ဘယ်သူ့ဆီ သွားနေလဲဆိုတာ ခေါင်သိတယ် သိလား"



"ရှင် သွားပါ၊ ခေါင့်ဆီ ဘယ်တော့မှ ပြန်မလာပါနဲ့၊ ရှင့်ရဲ့မေဆီမှာပဲ ရှင်နေပါ"

"ရှင်...အခု ခေါင့်မျက်စိရှေ့က ထွက်သွား"

"သွား"

"ခေါင်"

"ရှင့်အသံကို ခေါင် မကြားချင်ဘူး၊ ရှင့်မျက်နှာကိုလည်း ခေါင် မမြင်ချင်ဘူး၊ ရှင်မသွားချင်ရင် ခေါင်သွားမယ်"

"ခေါင် နေဦးလေ၊ မောင်ရှင်းပြတာ နားထောင်ပါဦး"

ခေါင်က သိယံကို တစ်ချက်လှည့်မကြည့်ဘဲ ငိုရှိုက်ပြီး အိမ်ပေါ်က တအားပြေးဆင်းလျက် အသင့်ရပ်ထားသော ကားပေါ် တက်၍ မောင်းထွက်သွားသဖြင့် သိယံ ဘာမှမတတ်နိုင်ဘဲ ခေါင့်အမည်ကိုခေါ်ရင်း ကျန်ရစ်ခဲ့သည်။ အပြစ်က ခေါင့်အပြစ်မဟုတ်။ သိယံအပြစ်။

ခေါင်ရယ်။

မောင့်ကြောင့် ခေါင့်နှလုံးသားတွေ ဘယ်လောက် ထိခိုက်နာကျင်ခံစားနေရမယ်ဆိုတာ မောင်သိပါတယ် အချစ်ရယ်။

www.burmeseclassic.com

www.burmeseclassic.com



မေနဲ့ပတ်သက်ပြီး ခေါင့်ရင်ထဲက ချစ်မေတ္တာကို သူနား လည်ပေမယ့် ခေါင့်ကို ရှင်းပြခွင့်မရလိုက်။

တကယ်တော့ ခေါင့်ဘဝထဲမှာရော၊ သိယံဘဝထဲမှာပါ မေ မရှိတော့တာ ခေါင်ကမသိ။ ခေါင့်ဖုန်းကို လှမ်းခေါ်တော့ ခေါင်က စက်ပိတ်ထားသည်။ ခေါင့်အတွက် စိတ်ပူတာရော မေ့ အတွက် စိတ်မကောင်းဖြစ်မိတာရော ပေါင်းပြီး သူ့ အရက်တွေ ထပ်သောက်မိသည်။

ခေါင်ရယ် မောင့်ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့ အချစ်ရယ်။ အခုချိန်မှာ မောင့်အတွက် အလိုအပ်ဆုံးက ခေါင့်ဆီက အချစ်။ ခေါင့်ရဲ့မေတ္တာပါဗျာ။

ဒါတွေကို ခေါင် သိရဲ့လား။

သိလိုက်စမ်းပါ အချစ်ရယ်။

ခေါင့်သူငယ်ချင်းအပေါင်းအသင်းတွေဆီ ဖုန်းဆက်ချင် သော်လည်း ခေါင့်ဂုဏ်သိက္ခာကို ထောက်ပြီး မျိုသိပ်နေလိုက်ရ သည်။ သိယံအတွက်တော့ ခေါင် ပြန်လာမည့်အချိန်ကို စောင့်လျှင် စောင့်။ မစောင့်လျှင် ခေါင်သွားတတ်သည့် နေရာတွေကို လိုက်ရှာ



ရုံသာရှိသည်။ ကားပေါ်တက်ပြီး ဦးတည်ရာမဲ့ မောင်းထွက်ခဲ့သည် က ခေါင့်ကို ရှာဖို့ဖြစ်သည်။ သို့သော် ဘယ်နေရာကို စရှာရမှန်း မသိ။ သိယံစိတ်တွေ လွင့်နေ၏။ နောက်ဆုံး သိယံသိလိုက်တာ သူကားသူ အရှိန်မထိန်းနိုင်ဘဲ သစ်ပင်တစ်ပင်နှင့် ဝင်ဆောင့်မိတာ ကိုပဲ မှတ်မိလိုက်၏။

သိယံနှလုံးသားမှာတော့ ခေါင့်အမည်ကိုသာ တမ်းတမ်း တတ အော်မြည်လျက်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

တရွေ့ရွေ့ပြောင်းလဲနေသော အချိန်၊ နာရီတွေနှင့်အတူ ခေါင့်ရင်ထဲ မောင့်အတွက် သောကအပူမီးမှာလည်း တစ်စထက် တစ်စ အရှိန်ပြင်းစွာ ပူလောင်လျက်။ ခေါင်တစ်ယောက်တည်း အရူးမလေးလို ဖြစ်နေ၏။

ခေါင် မုန်းဖို့ကြိုးစားခဲ့သော ခေါင့်အချစ်ဆုံး ချစ်သူက အခုတော့ ခေါင်နှင့် နံရံတစ်ဖက်ခြားမှာ ဘာသံမှမကြားအောင် တိတ်ဆိတ်ငြိမ်သက်လို့ နေပြန်သည်။ ထိုတိတ်ဆိတ်ငြိမ်သက်ခြင်း ကပဲ ခေါင့်ရင်ကို ပြင်းစွာတုန်လှုပ်ဖို့ ဖြစ်နေ၏။

ဘုရားတရားရဲ့ ဂုဏ်ကျေးဇူးကြောင့် မောင် ဘာမှမဖြစ်ပါစေနဲ့။

www.burmeseclassic.com

www.burmeseclassic.com



'မေ'ဆိုသည့်မိန်းကလေးကြောင့် မောင့်အပေါ်မှာ ခေါင် အထင်လွဲခဲ့သည်။ သစ္စာဖောက်ရက်သူအဖြစ် အပြစ်မြင်ခဲ့သည်။

ခေါင့်ရင်တွေ နာကျင်ခဲ့ရသလို မောင့်ရင်ကို အခံရခက်စေမည့်စကားများဖြင့် ခေါင်နည်းတူ ပြန်နာခံစားရပါစေဆိုသည့်စိတ်နှင့် လက်တုံ့ပြန်ဖို့ ကြိုးစားခဲ့သမျှ အခုတော့ ခေါင် နောင်တရဖို့ ဖြစ်နေသည်။ တကယ်တော့ မေဆိုတာ ဘဝရဲ့ နောက်ဆုံးအချိန်တွေကို တစ်ယောက်တည်း ရင်ဆိုင်ဖြတ်သန်းရမည့်သူမှန်း ခေါင် မသိခဲ့။ မသိ၍လည်း မေ့ကို နောက်နောင် မောင်နှင့် လုံးဝမပတ်သက်ဖို့ ခေါင် သွားပြောဖြစ်ခဲ့သည်။

သေချာတွေးကြည့်တော့ ခေါင့်ဘက်က မေ့အပေါ်မှာ လွန်သည်ဟု ထင်စရာရှိသော်လည်း ခေါင်က မေနှင့်ပတ်သက်ပြီး ဘာတစ်ခုမှ မသိတာမို့ ကိုယ့်ကိုယ်ကိုတော့ လိပ်ပြာလုံပါသည်။

ခေါင်သာ မေ့ကို ရောဂါသည်တစ်ယောက်မှန်း သိလျှင် မေ့နှလုံးသားကို ဘာအတွက်နှင့်မှ နာကျင်စေမည်မဟုတ်ပါ။ ထို့အတူ မောင့်အပေါ်မှာလည်း ခေါင့်ဘက်က အတိုင်းအတာတစ်ခုအထိ စာနာနားလည်စိတ်နှင့် ခွင့်လွှတ်ကျေအေးပေးနိုင်ခဲ့



သည်မှာ သေချာပါလျက် အခြေအနေတွေက ခေါင် ဖြစ်စေချင်သလို ဘာတစ်ခုမှ ဖြစ်မလာခဲ့။

ဒါကလည်း မောင့်အပေါ်မှာ ခေါင့်ဘက်က အချစ်ကြီးလို့ အမျက်ကြီးခဲ့ရတာမျိုးဆိုတာ မောင်လည်း သိမည်ထင်ပါသည်။ မောင့်ကို ချစ်သည့်စိတ်နှင့် ခေါင့်ဘက်က မောင်ဘာပြောပြော တစ်ခုမှ နားမဝင်။ လက်လည်းမခံခဲ့။ တစ်ဖက်သတ် အတွေးနှင့် မောင့်ကို ခေါင်မုန်းသည်။ နာကြည်းသည်။ ရက်စက်သူ၊ စိမ်းကားသူအဖြစ် ခေါင့်မှာ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ခဲ့ရသည်။

တကယ်လက်တွေ့မှာ မောင့်ဘက်က နောက်ဆုံးအချိန်တွေကို လိုက်လျောဖြည့်စည်းဖို့ ကြိုးစားနေသည့် မောင့်အဖြစ်တွေကို ခေါင် ဘာဆိုဘာမှမသိခဲ့။ မသိခဲ့၍လည်း မောင်နှင့် မျက်နှာချင်းမဆိုင်လိုတော့သည်အထိ မောင့်အပေါ် ခါးသီးမှုတွေ ပြင်းထန်ခဲ့သည်။

အခုတော့ ခေါင့်အတွက် ပြိုင်ဘက်လို့ ထင်ခဲ့သော မေလည်း လူ့လောက၊ လူ့ကမ္ဘာကြီးထဲမှာ မရှိတော့။ မေ့အတွက် မောင်ဘက်က အကောင်းဆုံး ရပ်တည်ပေးခဲ့တာကိုပဲ အပြစ်လို့ ခေါင် မဆိုချင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



စာနာစိတ်ဖြင့် သနားကြင်နာတတ်သူတိုင်း မေနှင့် မောင့် အခြေအနေကို နားလည်ပေးနိုင်ကြမှာ သေချာပါသည်။ ထိုထဲမှာ ခေါင်လည်း အပါအဝင်။ လူသားတစ်ယောက်ဖြစ်၍ မောင့်အပေါ်မှာ ခေါင် နားလည်ခွင့်လွှတ်နိုင်ခဲ့ပါပြီ။

ခေါင့်ကိုခွင့်လွှတ်ပါ မောင်ရယ်။ ခေါင် အခုလိုဖြစ်ရတာ မောင့်ကို ခေါင် သိပ်ချစ်လို့ဆိုတာ မောင်သိရင် ခေါင့်ရင်ထဲက အချစ်ကြီးလို့ အမျက်ကြီးတတ်တဲ့ အချစ်စိတ်ကို မောင် ကိုယ်ချင်း စာနာနိုင်မှာပါ။ အရေးပေါ်အခန်းထဲမှာ မောင့်ကို ဆေးကုသမှု ပြုနေသည့် တစ်ချိန်လုံး ခေါင်ရသမျှ ဘုရားစာတွေ မပြတ်ရွတ် နေမိသည်။ မောင့်သူငယ်ချင်း ဒေါက်တာမြင့်လွင် အကြောင်းကြား၍ မောင့်ထံ ခေါင် ရောက်လာခဲ့ခြင်းဖြစ်သည်။

မေနှင့်ပတ်သက်သည့် အဖြစ်မှန်တွေကို ဒေါက်တာ မြင့်လွင်ကပဲ ခေါင့်ကို မောင့်ကိုယ်စား ရှင်းပြခဲ့ခြင်းဖြစ်သည်။

အခုတော့ မောင့်အပေါ်မှာ ခေါင် နားလည်ခဲ့ပါပြီ။

"ထိပ်ခေါင်တင်"

"ဒေါက်တာ မောင့်အခြေအနေလေး သိပါရစေရှင်"



"စိတ်ချရပါပြီဗျာ၊ ခင်ဗျားအမျိုးသား ကံကောင်းပါတယ်၊ အသက်အန္တရာယ်မရှိတော့ပါဘူး"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"လူနာခေါ်လာလိမ့်မယ်၊ ဒီကပဲ စောင့်"

"ဟုတ်ကဲ့ ဒေါက်တာ"

ခွဲခန်းထဲက မောင့်ကို ထုတ်လာတော့ ထိပ်ခေါင်တင် မျက်လုံးထဲ ပြာနေလျက် မောင့်မျက်နှာကိုသာ စိတ်ထိခိုက်စွာကြည့်ရင်း မျက်ရည်ကျမိသည်။

"မငိုနဲ့လေ ခေါင်၊ သိဃ်အခြေအနေက စိုးရိမ်စရာမရှိတော့ပါဘူးဗျာ"

"ဟုတ်ကဲ့"

"စိတ်အေးအေးထားပါ"

ဒေါက်တာမြင့်လွင်က ခေါင့်ကို စိတ်အေးအေးထားပါဆို ပေမယ့် ပတ်တီးအဖွေးသားနှင့် မောင့်ကိုကြည့်ပြီး ခေါင်မှာ စိတ် မအေးနိုင်ခဲ့ပါ။ အကူသူနာပြုဆရာမတွေ ရှိနေပါလျက် မောင့်နားမှာသာ ခေါင် အချိန်တွေကို ကုန်လွန်စေခဲ့သည်။

"အင်း…ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟော…မောင် သတိရလာပြီ"

ခေါင့်ရင်ထဲ ထိတ်ခနဲ ပျော်သွားပြီး မောင့်အမည်ကိုခေါ်သည်။

"မောင် သတိရပြီလား၊ ခေါင့်ကို မျက်လုံးဖွင့်ကြည့်ပါဦး"

ခေါင့်စကားအဆုံးမှာ မောင့်မျက်ဝန်းအစုံက ဖြည်းဖြည်းပွင့်လာပြီး ခေါင့်မျက်နှာကို ရီဝေဝေငေးကြည့်ရင်း

"မေ"

"မောင်ရယ်"

ခေါင့်အပြုံးလေး လျော့သွားပေမယ့် ခေါင် ကြိုးစားပြုံးလိုက်ပါသည်။ မေ့ကို ခေါင် ခွင့်လွှတ်နိုင်သလို မောင့်ကိုလည်း ခေါင် ခွင့်လွှတ်နိုင်ရမည် မဟုတ်လား။

"ခေါင့်ကို သေချာကြည့်ပါဦး မောင်ရယ်၊ ခေါင်က မောင်ရဲ့ဇနီး ထိပ်ခေါင်တင်လေ"

"ခေါင် မောင့်ကို လာတွေ့တယ်နော်၊ မောင့်ကို မမုန်းဘူးလား"

"ဟင့်အင်း မောင့်ကို ခေါင် မမုန်းပါဘူး၊ ပြီးတော့



မေ့ကိုလည်း ခေါင် မမုန်းတော့ဘူး"

ရုတ်တရက် သိယ် မယုံကြည်သလို ထိပ်ခေါင်တင်အား အံ့ဩသော မျက်ဝန်းတွေနှင့် ကြည့်နေ၏။

ခေါင်က မောင့်ကို အနူးညံ့ အသိမ့်မွေ့ဆုံး ပြုံးပြလိုက်ပြီး မောင့်နားကို တိုးတိုးလေးကပ်ခါ ပြောလိုက်သည်။

"ကိုမြင့်လွင် ရှင်းပြလို့ ခေါင် အားလုံးသိပါပြီ မောင်ရယ်၊ မောင့်ကို အထင်လွဲခဲ့တဲ့ ခေါင့်ကို ခွင့်လွှတ်ပါ"

"ခေါင်ရယ်"

"ခေါင့်မှာ ဘာအပြစ်မှ မရှိပါဘူး အချစ်ရယ်၊ ခေါင့်ကို မောင် ချစ်တယ်"

ခေါင် အင့်ခနဲထွက်လာသော ငိုရှိုက်သံနှင့်အတူ မျက်ရည်တွေသည် ပါးပြင်ပေါ် စီးကျလာပြီး

"ခေါင်လည်း မောင့်ကိုချစ်တယ်"

"ချစ်ရင် မငိုရဘူးလေ"

"အဟင့် ဟင့် ဟင့်"

မျက်ရည်တွေနှင့် ခေါင်သည် သည်းထန်စွာ ငိုရှိုက်ရင်း မောင့်ရင်ခွင်မှာ မျက်နှာအပ်လိုက်တော့ မောင့်ထံမှ သည်းသံသဲ့သဲ့

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာ၏။

"အား ကျွတ် ကျွတ်"

"ဆောရီး မောင်၊ ခေါင့်ကြောင့် မောင့်ဒဏ်ရာကိုထိသွားပြီ"

"အပြင်က ဒဏ်ရာက အရေးမကြီးပါဘူး ခေါင်ရယ်၊ မောင့်ရင်ထဲ အသည်းထဲက အချစ်ဒဏ်ရာကသာ မောင့်အတွက် အရေးကြီးတာပါဗျာ"

"ဒါတော့ မောင် ပိုတာပါနော်"

"မပိုပါဘူး အချစ်ရယ်၊ မောင့်ဘဝမှာ ခေါင်တစ်ယောက်ထဲရှိတယ်ဆိုတာ ခေါင် သိရင်"

"တော်ပါတော့ မောင်ရယ်၊ မောင့်ကိုပစ်ပြီး နောက်ဘယ်တော့မှ မောင်နဲ့ဝေးရာကို ထွက်မသွားတော့ပါဘူးလို့ ကတိပေးပါတယ်"

"ဒါဖြင့် စာချုပ်ချုပ်"

"ဘယ်လိုစာချုပ်ရမှာလဲဟင်"

"ဒီလို"



"အို"

မောင်က ရှုပ်ထွေးပွေလီနေသည့် ဒဏ်ရာတွေကြားက ဘာမှမဖြစ်သလို ပုံစံနဲ့ သူ့နှုတ်ခမ်းလေးကို ချွန်စုပြတော့ ခေါင့်မှာ မောင် အကဲပိုပိုကို ချစ်မြတ်နိုးစွာ ရယ်မောရင်း ချစ်ခင်ပွန်းသည် စိတ်တိုင်းကျ ကျေနပ်စေရန် သူမနှုတ်ခမ်း နီနီထွေးထွေးလေးကို မောင့်နှုတ်ခမ်းထက် အသာလေး ထိကပ်ပေးလိုက်ရပါတော့သတည်း။

နှလုံးစိတ်ဝမ်းငြိမ်းချမ်းပါစေ။

**ဆုအာဦလီ**

www.burmeseclassic.com